www.burmeseclassic.com


# ချစ်မေတ္တာ ညှို့နည်းပညာ နှင့်

# အိမ်ထောင်ဖက်ရွေးချယ်မှုများ

BURMESE CLASSIC .com

ဒဿနဇေကျော်စွာ





ဒီဇိုင်း
နေသွေး
09 42358436

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

အုပ်ရေ - ၅၀၀

အကြိမ် - ပထမအကြိမ်

၂၀၁၄၊ ဒီဇင်ဘာလ

မျက်နှာဖုံးဒီဇိုင်း - နေသွေး (ဖုန်း)၀၉၄၂၀၀၅၈၄၃၆

ပုံနှိပ်သူ - ဒေါ်ကျင်ယုံ
(ကောင်းစံပုံနှိပ်တိုက်)
အမှတ် (၂၇၉)၊ လမ်း (၄၀)
(အထက်)၊ ကျောက်တံတား
မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ - ဦးချစ်ညွန့်
ဇင်ရတနာစာပေ
၂၀၅ (က/ခ)၊ မြို့သစ်၊
အင်းစိန်မြို့နယ်။

တန်ဖိုး -

၀၀၈.၀၁

ဒဿနကျော်စွာ

ချစ်မေတ္တာညှို့နည်းပညာနှင့် အိမ်ထောင်ဖက်ရွေးချယ်မှုများ/
ဒဿနကျော်စွာ။ - ရန်ကုန်၊
ဇင်ရတနာစာပေ၊ ၂၀၁၄။
၁၉၂ - စ၊ ၁၂ × ၁၇ စင်တီ။
(၁) ချစ်မေတ္တာညှို့နည်းပညာနှင့် အိမ်ထောင်ဖက်ရွေးချယ်မှုများ


www.burmeseclassic.com

www.burmeseclassic.com

## အချစ်ငှက အမှာစာ

စကျွန်နှင့် ရှုပါရုံ တွေ့ဆုံဒွန်တွဲမိကြ၍ ချစ်ခင်စွဲလမ်းခြင်းကြောင့် ရာဂ ဖြစ်ပေါ်ရ၏။ ထို့ကြောင့် ဘယ်သတ္တဝါမျိုးမဆို အဖိုနှင့် အမ ယှဉ်တွဲလျက်ရှိကြ၏။ ယောကျ်ားတည်းဟူသော အဖိုဓာတ်နှင့် မိန်းမတည်းဟူသော အမဓာတ်တို့သည် ဆွဲငင်နှောင်ဖွဲ့ကြသဖြင့် အချစ်မေတ္တာ ဟူ၍ ပေါ်ပေါက်ခဲ့ရ၏။

ဤသို့အားဖြင့် ... မတူသည့်ဓာတ် တစ်မျိုးနှင့်တစ်မျိုး တွေ့ကြုံဆုံစည်းပါက အသာအလျော့ ဘယ်တော့မှ မပေးတတ်ချေ။ အကြင်သတ္တဝါ အထီးသည် အမအ တွေ့ကြုံဆုံစည်း အတူနှီးခဲ့ပါလျှင် ၎င်းအမဓာတ်၏ကိုယ်ကာယအဆုံးကို အကုန်လုံးခြုံပြီး 'အနု-ပ[illegible] အားဖြင့်

မင်းသက်ရာဇာမေ

www.burmeseclassic.com

www.burmeseclassic.com



တစေ့စေ့ ကြည့်ရှုရန် သဘာဝဓာတ်က တိုက်တွန်းလှုံ့ဆော်ပေးကြ၏။

အကြင်သတ္တဝါအထီး၏ ပြင်းထန်စူးရှသော ဒဏ်ချက်ဖြင့် မခံရက်နိုင်အောင် အနေရခက်သဖြင့် ဤသတ္တဝါအထီးရှိရာသို့ တရစ်ဝဲဝဲ မူသစ်တွေ ကွဲ၍ တွေ့ချင်၊ ထိချင်၊ ကလိချင်ပြီး ဘဝင်စိတ်တွေ စွဲနေတော့၏။

ဤအရာကား အထူးအဆန်းမဟုတ်ကြ။ ဓမ္မတာ သဘာဝဟု ဆိုရပေလိမ့်မည်။ ထို့ကြောင့် ချစ်မိတ်ဆွေက ချစ်သူမအပေါ် မေတ္တာရေစင်ဖြင့် တသွင်သွင် ဆွတ်ဖြန်းပေးရမည်။ ဤအကြောင်းအရာကို ပါဠိလို ဆိုရပါက "ကတညူတ ကတဝေဒီ" ဆိုသလို ပင်ကိုမလွဲ အမြဲကောန် ချစ်မိတ်ဆွေတို့၏ ထံသို့ မလွဲကောန် ရောက်လာပြီး လိုရာဆန္ဒ အထူးဟန်ကျ၍ ချစ်မှုရေးရာ သိဒ္ဓိပေါက်မည်မှာ မလွဲကောန်ပင်တည်း။

သို့ဖြစ်ပါ၍ ဤ အချစ်မေတ္တာညှို့နည်းပညာ ကို တင်ပြ အကြံပေး ရေးသားစီစဉ်သူ၏ တွေ့ကြုံမှတ်သားဖူးသည်တို့ကို ကြိုးစားတင်ပြထားပါသည်။ ချစ်မိတ်ဆွေတို့ ဗဟုသုတအကျိုးများပြီး တန်ခိုးထွားကြရလေအောင် ထုတ်ဝေ စီစဉ်သူ မင်းလက်ရာစာပေမှ ကိုနိုင်ဝင်းက ကျွန်ုပ်အား ပြောပြတိုက်တွန်းခဲ့ပေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



ရှေးထုံးလည်း မပယ် ရှေးသုံးလည်း မလွယ်စေနဲ့ ဆိုစကားများအရ ကျမ်းမူမပျက်စေသော အချစ်ဝိဇ္ဇာ -ဆရာကြီးတို့နည်းများကိုတွဲဖက်၍ ခေတ်သစ်သိပ္ပံ အိုင်တီခေတ်နည်းများပါ မကျန် ရောသမမွှေကာ စုဆောင်းလေ့လာ၍ အချစ်နှင့် အိမ်ထောင်ရေး ဗဟုသုတနည်းကောင်းများကို တင်ပြအကြံညာဏ်ပေးလိုက်ရပါသည်။

ဝယ်ယူဖတ်ရှုလေ့လာသော လူငယ် လူလတ် လူကြီးပါ မကျန် "ချစ်သူတိုင်းညား၍ ညားသူတိုင်း ချစ်နိုင်ကြပါစေ" ဆိုသည့် စေတနာဆန္ဒဖြင့် အချစ်ဒဿန၊ အချစ်သဘာဝ-အချစ်နိဿျည်းနယ တို့ကို တင်ပြလိုက်ရပေတော့သည်။

အားလုံးကို လေးစားစွာဖြင့်
ဒဿနကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com

ချစ်မိတ်ဆွေတို့ရေ ...

ဤလောကအတွင်းရှိ လူအပေါင်းတို့သည် သူ့ထက်ငါဆိုသလို အကျော်ဆုံး၊ အမော်ဆုံး၊ အမြတ်ဆုံး၊ အမြင့်ဆုံး၊ အချွန်ဆုံး၊ အသာဆုံး ဖြစ်လိုကြသည်မှာကား မလွဲကေန်မေတည်း။

ဤကဲ့သို့ ဖြစ်လိုပါလျှင် သူများထက်သာအောင် (သို့မဟုတ်) သင်နှစ်သက်နေသောချစ်သူကို အမြန်ဆုံး လက်ထပ်ယူ၍ အိမ်ထောင်ဖက်အဖြစ်နှင့် ပေါင်းသင်းနေထိုင်နိုင်ရန် ဤချစ်မေတ္တာညှို့နည်းပညာများကို ဖွဲ့၊ လုံ့လ၊ ဝီရိယထား၍ လေ့ကျင့်သွားရမည်။

www.burmeseclassic.com

မင်းထက်စာပေ

www.burmeseclassic.com



ချစ်မိတ်ဆွေအနေဖြင့် မပျက်မကွက် လေ့ကျင့်နေရမည်ဖြစ်ပြီး မိမိ ဤသို့လေ့ကျင့်နေခြင်းကိုလည်း အခြားသူများကိုသာမက မိမိရည်ရွယ်၍ အချစ်ညှို့ဓာတ် ပို့လွှတ်နေသော ယောက်ျားလေး (သို့မဟုတ်) မိန်းကလေး မသိစေရပါ။ အထူးလျှို့ဝှက်ထားရမည်ဖြစ်၏။

ချစ်မိတ်ဆွေကို ဤကဲ့သို့ တားမြစ်ရခြင်းအကြောင်းအား ကိုယ့်ချစ်သူက ကိုယ့်ဘက်ပါလာပြီး မိမိအား မေတ္တာရှိလာစေရန် ကြံစည်အားထုတ်ရာတွင် မထိမလေးစားပြုလိမ့်မည်မဟုတ်။ မပြီးခင် မြန်မာမမြင်စေသင့် ဆိုစကားနှင့်အညီ မေတ္တာပို့လွှတ်စီရင်ခြင်း ကိစ္စ မအောင်မြင်သေးခင် ဖွင့်မပြောရ။ မိမိနှင့်ပေါင်းသင်းပြီး ချစ်သူရည်းစားဘဝမှ အိမ်ထောင်ဖက်ရောက်ပြီဆိုမှသာ မေတ္တာပို့လွှတ်၍ အချစ်ညှို့နည်းပညာ ကိုသုံးကြောင်း ပြောလိုက ပြောသင့်သည်။

သို့မှသာ မိမိအနေဖြင့် အိမ်ထောင်ဖက်ဖြစ်လာမည့် ကိုယ့်ချစ်သူရည်းစားအပေါ်တွင် မည်မျှတန်ဖိုးထား စွဲလမ်းခဲ့ရကြောင်းများ သက်သေသာဓကထားရာ ရောက်ရှိပေလိမ့်မည်။ ထို့ကြောင့် ဤ အချစ်ညှို့နည်းပညာရပ် ကျင့်စဉ်နည်း များပါရှိသည့် ကျမ်းငယ် စာအုပ်လေးမှာ အပျို၊ လူပျိုများကိုသာမက အိမ်ထောင်သည်များ၊ မိမိအပေါ် ရန်ညှိုးမပြေသော ရန်သူများ၊



www.burmeseclassic.com

www.burmeseclassic.com



မိမိမွေးမြူထားသည့် တိရစ္ဆာန်များမှအစ သက်ရှိ လူ နတ် ဗြဟ္မာ နတ်မိစ္ဆာတို့ကိုပါ မေတ္တာဓာတ်လွှတ် အသုံးပြုနိုင်ပါသည်။ သို့မှလည်း ကိုယ့်အပေါ် မေတ္တာရှိလာပြီး ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကမ္ဘာကြီး တည်ထောင်နိုင်ပြီး၊ သာယာလာအောင် စွမ်းဆောင်နိုင်ပါလိမ့်မည်။

## ဂါထာသရဇ္ဈာယ်ရန်အချက်

'အို...ချစ်လှစွာသော မိတ်ဆွေ'

အောက်ပါဂါထာများကို အမြဲရွတ်ဆိုပါစေ။

၄င်းသရဇ္ဈာယ်များ အမြဲရွတ်ဆိုမှသာ ချစ်မိတ်ဆွေ၏အကြံသည် ဒိဋ္ဌအောင်လိမ့်မည်။ သရဇ္ဈာယ်မဲ့သောသူသည် အဘယ်မှာ အကြံအောင်အံ့နည်း။

ဤအချစ်မေတ္တာညှို့နည်းပညာမှာ လူမျိုး၊ ဘာသာ၊ အသက်အရွယ်မရွေး ကျင့်ကြံအားထုတ်နိုင်ပါသည်။ (သို့ရာတွင် ဤအခန်းတွင် မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာအတိုင်း ရွတ်ဆို၍ ဂါထာသရဇ္ဈာယ်နိုင်သည်။)

ကျွန်ုပ်တို့မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သော ကြောင့် ကာငါးပါးထိန်းသိမ်းခြင်းအား ဗုဒ္ဓဘာသာနည်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တင်ပြထားသည်။ အခြားဘာသာဝင်များကမူ မိမိဝေ့၊ ဘာသာ၊ အယူအဆအတိုင်း ပြုလုပ်နိုင်သည်။ အဓိကမှာ စိတ်ကောင်းစေတနာထားပြီး သူတစ်ပါးကို ဒုက္ခမရောက်စေ ခြင်းပင် ဖြစ်စေရပါမည်။

(ထို့ကြောင့် အောက်တွင်ဖော်ပြမည့် ကတိသစ္စာထား ရမည့်အချက်မှာ ဗုဒ္ဓဘာသာဝင်တို့အတွက်သာဖြစ်ကြောင်း သိရှိကြပါလိမ့်မည်။)

(၁) နံနက်အိပ်ရာထ၊ ညဥ့်အိပ်ရာဝင်အချိန့်တိုင်း "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ" ဘုရား ကိုးကွယ်ပါ၏။ တရားကိုးကွယ် ပါ၏။ သံဃာတော်မြတ်တို့ကို ကိုးကွယ်ပါ၏ဟု အလွန်ကြည်ညိုသောစိတ်ဓာတ်ဖြင့် နှုတ်ဖြင့်ပြိုက်ပြီး ရွတ်ဆိုကြည်ညိုပါ။

(၂) ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ မုသာဝါဒါ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ။ သူ့အသက် သတ်ခြင်း၊ သူတစ်ပါးဥစ္စာ ခိုးခြင်း၊ သူတစ်ပါး သားမယားတို့အား ဖျက်ဆီးခြင်း၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၊ ယစ်မူးစေတတ်သော အဖော အာဟာရတို့ကို သောက်စားသုံးမျိုခြင်းဟု ဆိုအပ်သော

www.burmeseclassic.com

www.burmeseclassic.com



ကံ (၅)ပါးတို့ကို ယနေ့မှစ၍ ရှောင်ပါ၏ဟု ဘုရားရှေ့၌ သစ္စာပြုပါ၏။

မှတ်ချက် - ထို ကံ ၅ ပါးစလုံး မထိန်းနိုင်သော် မိမိထိန်းနိုင်သော ကံတစ်ပါးပါးကို) မိမိယုံကြည်ရာ ဘာသာအယူဝါဒအတိုင်း သစ္စာပြုပါလေ။

(၃) လူ နတ် ဗြဟ္မာ တို့သူငါ ချမ်းသာကိုယ်စိတ်မြဲပါစေဟု နံနက်အိပ်ရာထ ညအိပ်ရာဝင်တိုင်း မေတ္တာပို့ပါလေ။

## ခိုင်မြဲသောစိတ်ဓာတ်

အရေးအကြီးဆုံးကား ခိုင်မြဲတည်ကြည်သော စိတ်ဓာတ်ပင်ဖြစ်၏။ စိတ်ကို ဂရုစိုက်ပါ။ တည်ကြည်၍ စိတ်ကြည်လင်မှ မည်သည့်ကိစ္စများကိုမဆို အောင်မြင်သည်ဟု မှတ်ပါ။ အားငယ်သောစိတ်၊ နောက်သို့ဆုတ်လိုသောစိတ်၊ ကြောက်သောစိတ် မရှိပါစေနှင့်။ မည်သည့်အရာမျိုးတို့ကိုမဆို မဖြစ်လျှင်မနေ ဖြစ်အောင်လုပ်မည်ဟူသော စိတ်မျိုးကို ယနေ့ကစ၍ အသုံးပြုပါလေ ...မိတ်ဆွေ။

www.burmeseclassic.com

www.burmeseclassic.com



## စံနမူနာများထားရန်

လူမျိုးကွဲခြား အနောက်နိုင်ငံသားတို့ စံနမူနာပြု ရေ၊ မြေ၊ လေ၊ ကောင်းကင်တို့တွင် ၄င်းတို့ပြုလုပ်အသုံးချထားသော ပညာရပ်စုံအမျိုးမျိုးတို့ကို အစဦးတီထွင်ရာ၌ မည်မျှခဲယဥ်းခဲ့ကြောင်း၊ မည်မျှအနှောင့်အယှက်တို့နှင့် တွေ့ကြုံရကြသည်တို့ကို ချစ်မိတ်ဆွေအသိပင် ဖြစ်ပါလိမ့်မည်။ မဖြစ်မနေဟူသော နိုင်မြဲသည့် စိတ်ဓာတ်ဖြင့် ပြုလုပ်ကြခြင်းအတွက်ကြောင့် အဘယ်မှာ ခံနိုင်အံ့နည်း။

## အတိုချုပ်စံနမူနာ

ဘုရားအဖြစ်သည် အခဲယဥ်းဆုံးဖြစ်၏။ လေးသင်္ချေ၊ ရှစ်သင်္ချေ၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းကျင့်မှ ဘုရားအဖြစ်သို့ ရောက်၏။ မည်မျှခဲယဥ်းကြောင်းတို့ကို ချစ်မိတ်ဆွေအသိ ဖြစ်လိမ့်မည်။ ဘုရားဖြစ်လိုတဲ့စိတ် အဟုတ်တကယ်ရှိ၍ တကယ်အားထုတ်ကျင့်ကြံလျှင် တကယ်ဘုရားအဖြစ်သို့ ရောက်ရသည်မဟုတ်လော။



www.burmeseclassic.com

www.burmeseclassic.com



## အနာမခံဘဲ အသာမစံရ

ချစ်လှစွာသော မိတ်ဆွေ ...

မည်သည့်အရာ အကြောင်းကိစ္စမျိုးမဆို သက်သက်သာသာနှင့် မဖြစ်နိုင်။ ကြီးပွားချမ်းသာခြင်း၏ အကြောင်းရင်းကား အနာမခံဘဲ အသာစံရသည်ဟူ မရှိကြောင်းကိုလည်း မိတ်ဆွေအသိ ဖြစ်လိမ့်မည်။ အနှောင့်အယှက်ကင်းသော အလုပ်အကိုင် အကြံအစည် မရှိ။ အတုမရှိသော မြတ်စွာဘုရားမှသော်လည်း အနှောင့်အယှက်မကင်းခဲ့ပေ။

ချစ်လှစွာသော မိတ်ဆွေ ...

ကြီးပွားချမ်းသာလိုလျှင် အနှောင့်အယှက်တို့ကို မကြောက်လေနှင့်။ ရန်သူနိုင်သောလက်နက်ကို ပေးခဲ့ပြီ။ မကြောက်လေနှင့်။ ကြံလေတော့ ... ပြုလေတော့။

အကြံကို စတင်ဖြုလုပ်သောအခါ
ယောက်ျားတံခွန်
လူရည်ချွန်ကား
ကောင်းကင်တမွတ်
ကြယ်ကိုဆွတ်က
မလွတ်စတမ်း



www.burmeseclassic.com

www.burmeseclassic.com



ရမြဲလမ်းတဲ့ ... မိတ်ဆွေ။

ယောကျ်ားလုံ့လဝီရိယဖြင့် ကြံလျှင် ခံနိုင်ရိုးလား။

သစ္စာ ဓမ္မ ဝီရိယ စာဂ မေတ္တာ ဤငါးဖြာ၊ ရန်သူ အောင်မှု၊ ကြောင်းငါးခု တဲ့။

သစ္စာကိုလည်း စောင့်ပါ။

တရားကိုလည်း စောင့်ပါ။

ဝီရိယ လုံ့လလည်း ရှိပါစေ။

အကျင့်စာရိတ္တလည်း ကောင်းပါစေ။

အများပြည်သူတို့ ချမ်းသာစေရန် မေတ္တာတရားကိုလည်း ပို့လွှတ်ပါဝလေ။ ကိုယ်တွင်းကိုယ်ပ စောင့်ထိန်းမှု လုံ့လအကျိုး၊ ဘုန်းသစ်တိုး၏ ... ဟူ၍လည်း ခံယူမှတ်သား ကျင့်သုံးသွားပါ။

မေတ္တာတရား ရှေ့ဆောင်ထား၊ မှောက်မှားတွေဝေ မရှိချေ ဟူသော ထိုအလင်္ကာများကိုလည်း မိတ်ဆွေ၏နှတ်၌ အလွတ်ရပါစေ။

ချစ်မေတ္တာညှို့နည်းပညာနှင့် အကြံကို စတင်ပြုလုပ် သောအခါ၌ သတိ ဆိုသောတရား ကို ရှေ့ဆောင်ထားပြီး ကြံလေတော့၊ ပြုလုပ်လေတော့ ... ချစ်မိတ်ဆွေ။



www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်တွင် ပါရှိသည့်၊ **ချစ်မေတ္တာ ညှို့နည်းပညာများ** ကို အခမှ အဆုံးထိတိုင်အောင် စာဖတ်သူမိတ်ဆွေသည် သုံးခေါက် ဖတ်ပါ။ အရေးကြီးသောအချက်များကို အရကျက်ပါ။ သင် တကယ်ယူမည်ဟု ဆုံးဖြတ်ချက်ချထားသည့် မိန်းကလေးကို ကြံတော့မည်ဟု အစပြုသောအခါ မိတ်ဆွေတစ်ယောက်တည်း အားလပ်ချိန်တွင်-

ဘုရားတန်ဆောင်းတွင် ဖြစ်စေ
သစ်ပင်အောက်၌ ဖြစ်စေ
အိမ်မှာဆိုလျှင်
(အပေါ်ထပ် လူမရှိသောနေရာ၌)
ကိုယ်ချစ်နေသူအား မေတ္တာပို့လွှတ်ပါလေ။
တစ်ရက်တွင် (နာရီဝက်မျှသာ) လွှတ်ရမည်။

အချို့မိတ်ဆွေများမှာ အလွန်လျင်မြန်စွာ မိမိဘက ရောက်ပါရန် အလိုရှိကြပေသည်။

သင်ချစ်နေသော သူမနှင့် ချစ်မိတ်ဆွေတို့၏ အတွင်း အပြင် စိတ်သဘောထားများကို သေချာစွာ သိပြီးမှ ပြုလုပ်ရန် သင့်ပေသည်။ လျင်မြန်စွာဖြစ်လိုခြင်းက လျင်မြန်စွာ ပျက်တတ်သည်ဟုလည်း မှတ်ယူပါလေ … မိတ်ဆွေ။

www.burmeseclassic.com

မင်္ဂလာကြေး

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမ

ဘုရား၊ တရား၊ သံဃာ၊ အမိအဘ၊ ဆရာ ထိုငါးပါးသော အနန္တောအနန္တ ကျေးဇူးတော်ရှင်တို့အား ကျွန်ုပ်သည် လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးပါ၏။

ကျွန်ုပ် (အချစ်ဝိဇ္ဇာ) ဆရာ၏ ကောင်းမြတ်သော အကြံအစည်တို့သည် မနှေးမြန်စွာ အောင်ပါစေသတည်း။ အောင်ပါစေသတည်း။

## မိန်းမတို့မာယာ (၄၀) နည်းမျိုးစုံကြွယ်

ဦးစွာပထမ မိန်းမများကို အကဲခတ်နိုင်ရန် ရှေးခေတ်က မာယာ (၄၀)တို့ကို အကျယ်ဖွင့်ပြပါမည်။ ၎င်းမာယာ (၄၀)တို့ကို မှတ်မိအောင် အထပ်ထပ်အခေါက်ခေါက်ကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



မှတ်သားထားရပါမည်။ ဤမာယာ (၄၀)ထဲမှ ပြဆိုလိုက်လျှင် သူမက မေတ္တာရှိကြောင်းကို သိစေရန် ပြဆိုခြင်းဟု မှတ်ယူလိုက်ပါ မိတ်ဆွေ။

၁။ ဝိဇမ္ဘတိ = ကိုယ်ကို ဆန့်ပြတတ်၏။

မိန်းမတို့သည် မိမိချစ်နေသောယောကျ်ားတို့အား သူမအနေဖြင့် ချစ်နေကြောင်း သိရှိစေရန် နီးရာက ဖြစ်စေ၊ ဝေးရာက ဖြစ်စေ ကိုယ်အမူအရာဟန်တို့ကို ဆန့်ထုတ်၍ ပြဆိုတတ်ကြလေ၏။

၂။ ဝိနမတိ = ကိုယ်ကို ညွတ်ပြတတ်၏။

သူမ ကိုယ်လုံးကိုယ်ပေါက်ကလေး မြင်ပါစေတော့။ ငါ၏ ကိုယ်လုံးကလေးကို မြင်စေတော့ ... စိတ်ထဲမှာ စွဲပါစေတော့ ဟူသောသဘောနှင့် ကိုယ်ကာယကို နွဲ့ညွတ်ပြလိုက်ခြင်းပင် ဖြစ်၏။

၃။ ဝိလာသတိ = ဧမှာယ်၏

မိမိကို ချစ်စိတ်စွဲလာအောင် အဝတ်အထည်အမျိုးမျိုးတို့ကို ဝတ်ဆင်ပြသခြင်းကို ရှေးက စမှာယ်ပြခြင်းဟုခေါ်ဆိုပြီး ယခုခေတ်တွင်မူ ရှိုးထုတ်ခြင်းဟု ဆိုရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



၄။ ဝိလမ္ဘာတိ= ရှက်သလို ပြုံ၏။

မချိုမချဉ်မျက်နှာထားလျက် ရှက်သလိုလို ကြောက်သလိုလိုပြုနေခြင်းမျိုးတို့မှာလည်း အချစ်မေတ္တာပြလိုခြင်းဟု မှတ်ရပေမည်။

၅။ နခေနနခံ = လက်သည်းအချင်း ခြစ်ပြနေခြင်း

မျက်စိကလေး ခပ်မှေးမှေးထားလျက် စဉ်းစားလေဟန်ဖြင့် လက်သည်းချင်း ပွတ်ချင်း၊ ခြစ်ခြင်းသည်လည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟု မှတ်ရမည်။

၆။ ပါဒေနပါဒ = ခြေထောက်အချင်းချင်း ခြေနင်းပြ၏။

အလိုမပြည့်သည့်သဘော မျက်နှာကို မှုန်သိုသိုထားလျက် ခြေထောက်သံမြည်အောင် နင်းပြခြင်းမှာလည်း သူမ၏ အချစ်မေတ္တာကို ပြသခြင်းပင် ဖြစ်၏။

၇။ ကဋ္ဌေန ဝိလေခတိ = တုတ်တံ (သို့မဟုတ်) ထင်းစကလေးများဖြင့် အတွင်းစိတ် မအေးသယောင် တောင်တောင်မြောက်မြောက် ရေးပြသလို၊ ဖျာ, ကော်ဇော, ပျဉ်, မြေကြီးတို့ကိုခြစ်၍ ပြသခြင်းသည်လည်း သူမက သင့်အား အချစ်မေတ္တာရှိနေကြောင်းကို ပြသခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၈။ ဒါရကာံဥလ္လယ်တိ = ကလေးသူငယ် ကို ချီမြှောက်
ပင့်ပြခြင်းမျိုးမှာလည်း သူမက အချစ်မေတ္တာ
ရှိကြောင်း ပြသခြင်းပင် ဖြစ်သည်။

၉။ ဥလယ်ာပေတိ = သူတစ်ပါးကလေးကို မြှောက်ပင့်
ချီပြခြင်း မှာလည်း သူမက သင့်အား အချစ်မေတ္တာ
ရှိနေကြောင်း ပြသခြင်းပင် ဖြစ်သည်။

၁၀။ သိယ်တိ = မိန်းကလေးက သူချစ်နေကြောင်းကို
ရည်မှန်းစိတ်ကူး၍ အမှန်ချစ်ပါရဲ့လား ဟု ကလေး
များကို နမ်းပြခြင်းမှာလည်း အချစ်မေတ္တာရှိကြောင်း ပြသ
လိုက်ခြင်းပင် ဖြစ်သည်။

၁၁။ သိုယ်ပေတိ = နမကလေးကတော့ ချစ်ပါရဲ့၊ နမ
ကဲ့သို့ ချစ်ကဲ့လားဟု ကလေးသူငယ်အား အနမ်း
ခိုင်းခြင်းမှာလည်း သူမက အချစ်မေတ္တာပြသလိုက်ခြင်းပင်
ဖြစ်သည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၂။ ကိင်္ဂိတိ = ကလေးသူငယ်များနှင့် ကစားပြခြင်းမှာလည်း သူမက မေတ္တာရှိကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည်။

၁၃။ ကိင်္ဂါပေတိ = ကလေးသူငယ်များနှင့် ကစားပြခြင်း၊ ကစားခိုင်းခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိနေကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၁၄။ စုမ္ဗတိ = ကလေးကို အတင်းဖက်ပြီး မွှောက်လိုက် ရှံ့လိုက် လုပ်ပြခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၁၅။ စုမ္ဗာပေတိ = မိမိအား ကလေးက တစ်ဖန် ပြန်၍ ဖက်ရှံ့စေခိုင်းခြင်းမှာလည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟု မှတ်ယူရမည်။

၁၆။ ဘုဥ္စတိ = အစားအသောက်ကို စားသောက်ပြခြင်းမှာလည်း မေတ္တာရှိကြောင်း ပြုလုပ်သည်ဟု မှတ်ယူရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



၁၇။ ဘုဉ္ဇာပေတိ = ကလေးများကို စားသောက်စေခြင်း မှာလည်း သူမက မေတ္တာရှိကြောင်း ပြသသည်ဟု မှတ်ယူရပါမည်။

၁၈။ ဒဒါတိ = ကစားစရာပေး၍ ကလေးကို ချစ်ယောင် ပြုခြင်းမှာလည်း သူမက မေတ္တာရှိကြောင်း ပြသ သည်ဟု မှတ်ယူရပါမည်။

၁၉။ အာယာစတိ = ကလေးများကို ဘာဘာညာညာ ပေးပြီး ကျီစားလိုယောင်ဖြင့် ပြန်လည်တောင်းခြင်း မှာလည်း သူမက မေတ္တာရှိကြောင်း ပြုလုပ်သည်ဟု မှတ်ယူ ရပါမည်။

၂၀။ ကထံအနုကရောတိ = ကလေးဖြင့် အတိုက်အခံ ကျီစယ်၍ ပြုလုပ်ပြခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၂၁။ ဥစ္စာဘာသတိ = မြှောက်ပင့်၍ ချီးမွမ်းစကားဖြင့် ပြောဆိုခြင်းမှာလည်း သူမက သင့်အား အချစ် မေတ္တာရှိကြောင်းကို ပြသလိုက်ခြင်းပင် ဖြစ်သည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၂၂။ နိစ်ဘာသတိ = အသံကို သနားစရာဖြင့် မပီကလာ ပီကလာဖြင့် ပြောဆိုခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်း ပြသခြင်းပင် ဖြစ်သည်။

၂၃။ နစ္စေန = ကခြင်းဖြင့်လည်းကောင်း၊ ဂီတေန-သီဆိုခြင်းဖြင့်လည်းကောင်း၊ ကရောတိ-ပြု၏။

သူမရူပါရုံကို ဘမ်းပြ၍ ကခြင်း၊ သီဆိုခြင်းဖြင့် ပြုလုပ်ခြင်းမှာလည်း သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသလိုက်ခြင်းပင်ဖြစ်သည်။

၂၄။ ရွှေတိ = ပြင်းစွာရယ်၏။

ကိုယ်ကို တွန့်လိမ်၍ ပြင်းစွာရယ်ခြင်းမှာလည်း အချစ်မေတ္တာရှိကြောင်း ပြသသည်ဟု မှတ်ရပေမည်။

၂၅။ ပေက္ခတိ = စောင်း၍ကြည့်၏။

ကြာကြည့်အနေအထားမျိုးဖြင့် ရှက်စနိုးအမူအရာနှင့် စောင်း၍ကြည့်ခြင်းမှာလည်း သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသလိုက်ခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၆။ ကုဋ္ဋစာလေတိ = ခါးကို တွန့်လိမ်၍ လှုပ်ပြခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၂၇။ ရုယှာဘဏ္ဍသဥ္စလေတိ = ရင်ပုံသားမြွတ်တို့ကို လှုပ်၍ပြသခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင်ဖြစ်သည်။

၂၈။ ဥရုံဝိဝရတိ = ခြေသလုံးပေါင်ကို မက်လောက်အောင် ဖွင့်ပြခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၂၉။ ဥရုံပိဒဟတိ = ရှက်ယောင်ဟန်ဖြင့် မိမိ၏ ခြေသလုံး၊ ပေါင်ကို အဝတ်ဖြင့် ဆွဲယူဖုံးဖိခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၃၀။ ထနံဒဿေတိ = စွဲမက်လောက်သော သားမြွတ်ကို ပြသခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၃၁။ ကဏ္ဍဒဿေသတိ = လက်ရုံးရင်း ချိုင်းကြား စသည်တို့ကို မြှောက်ပင့်ပြသခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၃၂။ နာဘိဒဿေတိ = ဆီးစပ်ခုံအထက်ရှိ ချက်ကို မက်အောင်ပြခြင်းလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၃၃။ အက္ခိနိက္ခနတိ = မိမိ၏မျက်စိကို မှေးမှေးပြုလုပ်၍ ပြခြင်း၊ မှိတ်၍ပြခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၃၄။ ဘမုံဥက္ခိပတိ = မျက်စိလေး ခပ်မှေးမှေးနှင့် မျက်စပစ်ပြခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၃၅။ သြဋ္ဌံပလက္ခတိ = အပေါ်နှုတ်ခမ်း၊ အောက်နှုတ်ခမ်းတို့ကို ကိုက်၍ပြခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၃၆။ စိဂုံနိလ္လာလေတိ = သူမလျှာကို ထုတ်ပြခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၃၇။ ဒုဿံမုဥ္စတိ = ထဘီကို မခိုင်တရိုင်ဝတ်ပြီး ကျွတ်ကျတော့မည့်ပုံ ပြုလုပ်ခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၃၈။ ဒုဿံပဋိဗန္ဓတိ = ထဘီကို ခဏခဏပြင်ဝတ်ခြင်းသည်လည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၃၉။ ကေသံ မုဥ္စတိ = ဆံပင်ကို ဖြေ၍ပြသခြင်းမှာလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသခြင်းပင် ဖြစ်သည်။

၄၀။ ကေသံဗန္ဓတိ = ဆံပင်ကိုပြင်၍ ဆံထုံးကို လှပစွာပြင်ပြီး ထုံးခြင်းလည်း သူမက သင့်အား အချစ်မေတ္တာရှိကြောင်းကို ပြသလိုက်ခြင်းပင် ဖြစ်သည်။

ဤတွင် မိန်းမမာယာ (၄၀) ပြီး၏။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ယောက်ျားမာယာ (၉)ပါး

မိန်းမတို့မာယာ (၄၀)သာ ရှိသည်မဟုတ်။ ယောက်ျားများ၏မာယာလည်း ရှိသေးသည်။

ယောက်ျားတို့မာယာဟု သျှုတ္တရကျမ်းများတွင် မတွေ့။ လောကီပုဏ္ဏားကျမ်း၌ ယောက်ျားတို့၏မာယာ (၉)ပါး ပြထား ချက်တွင် မှတ်သားလွယ်ကူစေရန် မြန်မာဘာသာဖြင့် ပြန်ဆို တင်ပြလိုက်ရပေသည်။

၁။ အမျိုး၏ဂုဏ်ကို ပြတတ်ခြင်း

၂။ ပညာ၏ဂုဏ်ကို ပြတတ်ခြင်း

၃။ ပစ္စည်း၏ဂုဏ်ကို ပြတတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



၄။ ဝမ်းသာဝမ်းနည်း ပြုတတ်ခြင်း

၅။ အစဉ်မပြတ် နောက်ယောင်ခံခြင်း

၆။ အစားအသောက် လက်ဆောင်များ ပေးကမ်းခြင်း

၇။ မြှောက်စားချီးမွမ်းတတ်ခြင်း

၈။ အဝတ်အစား ပြောင်းလဲဝတ်ခြင်း

၉။ ကိုယ်ကာယ တောင့်တင်းသန်မာခြင်းကို ပြတတ်ခြင်း

ဤ (၉)ပါးသောအချက်များသည် ယောကျ်ားတို့မာယာဟု မှတ်ယူလေ။

ယောကျ်ားမာယာ (၉)ပါးအား ဋီကာချဲ့၍ အကျယ်တဝင့် တင်ပြရပါလျှင်မူ အောက်ပါအတိုင်း တွေ့မြင်ကြရပါလိမ့်မည်။

**၁။ အမျိုး၏ဂုဏ်ကို ပြတတ်ခြင်း**

ကျွန်တော်တို့မှာ အညတြမဟုတ်။ အလွန်မြင့်သော မင်းစိုးရာဇာ ကုန်သည်ပွဲစားပါဟု အမျိုး၏ဂုဏ်ကို အမွှမ်းတင်၍ ပြောဆိုတတ်ခြင်း။

မင်းလက်တာစာပေ

www.burmeseclassic.com

www.burmeseclassic.com



**၂။ ပညာဂါဏ်ဂုဏ်ကို ပြတတ်ခြင်း**

ကျွန်တော့်ပညာမှာ အမ်ဘီဘီအက် (သို့မဟုတ်) မည်သည့်ပညာတတ်သည်ဟု ပြောဆိုတတ်ခြင်း။

**၃။ ပစ္စည်းဥစ္စာဂုဏ်ကို ပြတတ်ခြင်း**

ပစ္စည်းဥစ္စာကြွယ်ဝလျှင် ထိုအကြောင်းတို့ကို ထည့်ပြောတတ်ခြင်း။

၄။ ဝမ်းသာသောအမူအရာ၊ ဝမ်းနည်းသောအမူအရာကို မြူလုပ်ပြတတ်ခြင်း။

**၅။ အစဉ်မပြတ် နောက်ယောင်ခံခြင်း**

ယောကျ်ားတို့နှစ်ခြိုက်သဘောကျပြီဆိုပါက ထိုမိန်းကလေးနောက်သို့ နောက်ယောင်ခံ လိုက်ကြည့်တတ်ခြင်း။

**၆။ အစားအသောက် လက်ဆောင်များ**

အစားအသောက်၊ လက်ဆောင်များ ဝယ်ခြမ်း၍ ပေးကမ်းတတ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



**၇။ မျှော်စားချိန်မြင့်တတ်ခြင်း**

တယ်ချောပါကလား။

တယ်လှပါကလား၊ တစ်သွေးတစ်မွေးဖြစ်ပြီး ပြိုင်သူတွေ ကင်းလောက်ပါရဲ့၊ ခြောက်ပြစ်ကင်းတဲ့ ယမင်းကညာ စသည်ဖြင့် မြှောက်ပင့်တတ်ခြင်း။

**၈။ ကိုယ်ကာယ တောင့်တင်းကျန်းမာပါတယ် သန့်ရှင်းပါတယ်** သဘောမျိုး ပြောဆိုခြင်း။

**၉။ အဝတ်အစားပြောင်းလဲဝတ်ခြင်း**

ကိုယ်ချစ်နေသောမိန်းကလေးထံမှ ပြန်လည်မက်လုံး ရအောင် အဝတ်အစား ဒီဇိုင်းဆန်းဆန်း သစ်သစ်လွင်လွင် တို့ကို ပြောင်းလဲဝတ်ဆင်ပြခြင်းမှာလည်း ယောကျ်ားတို့ မာယာများတွင် အကျုံးဝင်နေသည်ကို သတိပြုသင့်၏။

ဖော်ပြခဲ့သောယောကျ်ားတို့မာယာများကို လည်း မိန်းမများက မှတ်သားထားသင့်သည်။ တချို့သောသူတို့က ယောကျ်ားတို့၏ မာယာ (၉)ပါးထက် ပိုမိုများပြားလှကြောင်း ဆိုကောင်းဆိုကြပေလိမ့်မည်။

www.burmeseclassic.com

မင်းလောက်ရာစာပေ

www.burmeseclassic.com



အချို့သောယောက်ျားများသည် မိန်းမများထက်ပင် ပလီပလာ၊ တီတီတာတာ ပြောသည့်အပြင် အချို့မှာ မငိုချင်ဘဲနှင့် ငိုချင်ယောင်ဆောင်ပြီး တံတွေးကို မျက်ရည်ဖြစ်အောင် လုပ်သောယောက်ျားတို့ကိုလည်း တွေ့ဖူးပေသည်။

ထိုယောက်ျားမျိုးသည် ယောက်ျားယုတ် ယောက်ျားဖျင်းဟု မှတ်ယူသင့်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

## မိန်းမအမျိုးအစား

'ပဉ္စာသျှစ္စရ' ကျမ်းအဆိုအရ မိန်းမအမျိုးအစား (၇)မျိုးရှိကြောင်း ပြဆိုထားပေသည်။ ထို (၇)မျိုးကို မှတ်သား၍ လွယ်ကူစေရန် စကားပြေဖြင့်သာ အများနားလည်စေရေးအတွက် တင်ပြလိုက်ပေသည်။

၁။ သနားကရုဏာရှိကက်သော မိန်းမတစ်မျိုး
၂။ မာနကြီးသော မိန်းမတစ်မျိုး
၃။ ကြမ်းတမ်းခက်မာသော မိန်းမတစ်မျိုး
၄။ အရှက်အကြောက်ကြီးသော မိန်းမတစ်မျိုး
၅။ အပျော်အရွှင်များသော မိန်းမတစ်မျိုး
၆။ မာယာများလှသော မိန်းမတစ်မျိုး
၇။ ရာဂပြွမ်းသော မိန်းမတစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



၁။ သနားတတ်သောမိန်းမ သည် စိတ်နူးညံ့၏။ အပြောအဆို ယဉ်ကျေးတတ်၏။ အပြုအမူ ဖြောင့်မတ်တတ်၏။ တည်ကြည်တတ်၏။ ကိုယ်ဟန်ကြံ့တတ်၏။ အသားလတ်ဖြစ်တတ်၏။ ဆံပင် မည်းနက်တတ်၏။ အသံသာတတ်၏။ အစားသေးတတ်၏။ အလိုရမ္မက်နည်းတတ်၏။ အသွားအလာ နူးညံ့သိမ်မွေ့၏။

၂။ မာနကြီးသောမိန်းမ သည် ဒေါသကြီးတတ်၏။ အပြော တိုတတ်၏။ အမူအရာ များတတ်၏။ စိတ်ကစားတတ်၏။ အသံကျယ်တတ်၏။ ကိုယ်ခိုင်မာတတ်၏။ အသားနီတတ်၏။ ဆံပင်တိုတတ်၏။ အစားသေးတတ်၏။ အလိုရမ္မက်နည်းတတ်၏။ အသွားအလာနှေးတတ်၏။

၃။ ကြမ်းတမ်းခက်မာသောမိန်းမ သည် အသံကျယ်တတ်၏။ ဒေါသကြီးတတ်၏။ အပြောမြန်တတ်၏။ အပြုအမူ ကြမ်းတတ်၏။ ဆံပင်ကောက်တတ်၏။ ကိုယ်ကာယ ကြီးမားတတ်၏။ အသားမည်းနက်တတ်၏။ အသွားအလာမြန်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



၄။ အရှက်ကြီးသောမိန်းမ သည် စိတ်ထားနူးညံ့တတ်၏။ အပြောအဆို နှေးတတ်၏။ အပြုအမူဖြောင့်မတ်တတ်၏။ တည်ကြည်သောစိတ် ရှိ၏။ အသားဖြူတတ်၏။ ဆံပင်မည်းနက်တတ်၏။ အသံသာတတ်၏။ အစားမှန်တတ်၏။ အလိုရမ္မက်နည်းတတ်၏။ အသွားအလာ သိမ်မွေ့နူးညံ့တတ်၏။

၅။ အပျော်အရွှင်များသောမိန်းမသည် စိတ်ဖောက်ပြားတတ်၏။ အပြောအဆို မြန်တတ်၏။ အစားအသောက်မြန်တတ်၏။ ဆံပင်တိုတတ်၏။ အသံကျယ်တတ်၏။ အသွားအလာ လျင်မြန်တတ်၏။ အလိုရမ္မက်များတတ်၏။ ကိုယ်ကာယကို အမျိုးမျိုးပြုပြင်တတ်၏။

၆။ မာယာများသောမိန်းမ သည် စိတ်ဖောက်ပြားတတ်၏။ အသံသေးငယ်တတ်၏။ ငိုလွယ်ရယ်လွယ်ပြုတတ်၏။ ဆံပင်နီတတ်၏။ ကိုယ်လက် ပျော့ပြောင်းတတ်၏။ အသွားအလာနှေးတတ်၏။ ချစ်တတ်ခင်တတ်၏။ အမွေးနံ့သာကြိုက်တတ်၏။ အစားအသောက်နည်းတတ်၏။ အစားခုံမင်တတ်၏။ အလိုရမ္မက်ကြီးတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



၇။ ရာဂကြီးသောမိန်းမ သည် စိတ်ကြမ်းတတ်၏။ အသံကျယ်တတ်၏။ ကိုယ်လက်ထွားကျိုင်းတတ်၏။ မြင်မြင်သမျှ ခင်မင်တတ်၏။ စွဲလမ်းတတ်၏။ ဆံပင်ကောက်တတ်၏။ အသားဖြူ၍ တိမ်နီရောင် ရှိတတ်၏။ အသွားနှေးတတ်၏။ အမွှေးနံ့သာကြိုက်တတ်၏။ အဝတ်အစား ခံ့မင်တတ်၏။ အလိုရမ္မက် အလွန်ကြီးတတ်၏။

ဤသို့ဖြင့် မိန်းမတို့ (၇)မျိုး ကွဲပြားကြောင်းကို ၎င်းတို့ အပြုအမူများပါ ခွဲခြားပြပြီးခဲ့ပြီ။ 'ကာမသုတ္တ'ရ' ကျမ်းအလာတွင် ဣတ္ထိရနီ၊ စိတ္တရနီ၊ ဂဟာပွတီ အစရှိသော မိန်းမတို့ကို ပိုင်းခြားပြထားသည်ကို ရှေ့တွင် တင်ပြပေးပါမည်။

အို ... ချစ်လှစွာသောမိတ်ဆွေ။

ပြခဲ့ပြီးသော မိန်းမမာယာ (၄၀)နှင့်တကွ မိန်းမတို့ (၇)မျိုးအကြောင်းကိုသာ မှတ်သားထားကြစေလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## မိန်းမတို့ ကောင်းခြင်းဆယ်ပြာ

ရှေးက မိန်းမတို့ရုပ်လက္ခဏာ စိတ်သဘောထားနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်သင့်ဖြစ်ထိုက်သည့် အချက်တို့ကို မှတ်သားခဲ့ကြသည်။ ကောင်းသောအခြေခံအချက်များမှာ (၁၀)ချက် ဖြစ်သည်။

၎င်းတို့မှာ ဆံပင်၊ မျက်နှာ၊ မျက်စိ၊ သွား၊ အသံ၊ လည်ပင်း၊ လက်ဖဝါး၊ ခြေဖဝါး၊ ကိုယ်နှင့်စိတ်တို့ပင် ဖြစ်ကြသည်။ မိန်းမဆံပင်သည် အနည်းဆုံး တကောက်ကွေးအထိ ရှည်သင့်သည်။ ဆံပင်ဆံသား ပျော့ပြောင်းနူးညံ့သင့်သည်။ ဆံပင်အဖျားသည် အပေါ်သို့ ပြန်လည်ကော့နေသင့်သည်။ ဤ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ သုံးရပ်နှင့်ညီညွတ်လျှင် ဆံပင်၏ကောင်းခြင်းနှင့်ပြည့်စုံသည်ဟု ဆိုရပေသည်။

မိန်းမမျက်နှာသည် ခပ်သွယ်သွယ်ရှိက ကညာဆံသည်။ မျက်နှာသည် မခွက်၊ မချိုင့်ဘဲ လဝန်းလေးလို ကျက်သရေရှိသင့်သည်။ နှာတံပေါ်၍ နှာခေါင်း မပိမပြားဘဲ အတန်ငယ် ချွန်သင့်သည်။ ပါးပြင်နှစ်ဖက်မှာ ပြည့်ပြည့်ဖြိုးဖြိုးရှိသင့်သည်။ နဖူးပြင်၌ အရေးအကြောင်းကလေး ပါသင့်သည်။ နဖူး၌ တံခွန်အလံလို အကြောင်းဖြောင့်ဖြောင့်အရေးကလေး ပါလျှင် ပိုကောင်းသည်။

အထက်အောက်နှုတ်ခမ်းအစုံမှာ အလိုလိုနီမြန်းနေသင့်သည်။ တစ်မျက်နှာလုံး၌ မှဲ့မည်း၊ တင်းတိတ် ကင်းသင့်သည်။ ဤသို့မျက်နှာမျိုးဆိုလျှင် ထိပ်တန်းကျသော ချစ်စရာမျက်နှာဖြစ်သည်။

မိန်းမတို့မျက်စိသည် မကျဉ်းလွန်း၊ မကျယ်လွန်းသင့်။ အချိုးအစား ကျနသည့်အပြင် မျက်လုံးကလေးများက ရွှန်းရွှန်းလဲ့လဲ့နေသင့်သည်။ မွေးခါစ သမင်မကလေး၏ မျက်စိကလေးလို ဖြစ်နေလျှင် ပိုကောင်းသည်။ မျက်လုံးအရောင်မှာ ကြာညိုပန်းလို အပြာရောင် ကြာရွက်လို စိမ်းလဲ့လဲ့အရောင်ရှိက ပြီးနှစ်သက်စဖွယ် ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတို့သွားများမှာလည်း လှဖို့လိုသည်။ အဓိကအားဖြင့် သွားများသည် ထိပ်ပြင် တညီတည်းရှိသင့်သည်။ သွားကျဲခြင်း၊ ခေါခြင်း မရှိသင့်ပေ။ သွား၏အနေအထားသည် ပုလဲလုံးကလေးများကို သီကုံးထားသလို အစီအရီ ရှိသင့်သည်။ အရောင်မှာမူ ဖွေးဖွေးဖြူရန် မလို။ ပွင့်သစ်စဖြစ်သော ခရုသင်းအရောင်လို ဖြစ်သင့်သည်။

မိန်းမအသံသည် ဘဲသံလို မနေသင့်။ ဖြစ်နိုင်လျှင် ဟင်္သာအသံလို ကြည်လင်သင့်သည်။ ဥဩငှက်အသံလို ချိုသာသင့်သည်။ မိန်းမတို့သည် လည်တိုင်ပေါ်လျှင် ပိုပြီးလှသည်။ ၄င်းလည်တိုင်၌ လည်ရေးလည်ရစ် သုံးဆင့်ပါလျှင် ပို၍ကောင်းသည်။ ယောကျ်ားလို ကလုပ်လည်စီ မပါစေသင့်ပေ။

မိန်းမလက်ဝါးများသည် နုနယ်ပြည့်ဖြိုးရသည်။ မကြမ်းမထော်ရပေ။ လက္ခဏာဆရာတို့က မိန်းမလက်၌ စကြာအမှတ်ပါလျှင် ကောင်းသည်။ ခရုသင်းပုံ၊ ကြာပုံ၊ ထီးပုံ၊ ချွန်းတောင်းပုံ၊ တံခါးတိုင်ပုံနှင့် တံကျင်သုံးချောင်းပုံ တစ်ခုခု ပါလျှင် ကောင်းသည်ဟု ဟောကြလိမ့်မည်။

ခြေဖဝါးမှာမူ ပြည့်ဖြိုးရသည်။ ခြေချောင်းများ ဖြောင့်စင်းရသည်။ ခြေဖနောင့် မတိုစေရပေ။ လက္ခဏာကျမ်း အလိုမူ ခြေထောက်၌ ဦးဆောက်ပန်းပုံ၊ လဗိမာန်ပုံ စသည့် လက္ခဏာ (၁၃)မျိုးပါလျှင် ကောင်းသည်ဟု သိရပေသည်။

မင်းလက်ရှာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမကိုယ်ခန္ဓာမှာ ကောင်းသင့်ကောင်းထိုက်သည့် အချက်ပေါင်း (၁၆)ချက်တိတိ ရှာဖွေမှတ်သားထားကြသည်။ လက်တံရှည်သင့်သည်။ ပေါင်တံ ဖွံ့ဖြိုးသင့်သည်။ ပေါင်လုံး ညီညွတ်ထွားကျိုင်းမှုရှိရန် လိုသည်။ သားမြတ်အစုံသည် ကြီးလည်းကြီး ပြန့်လည်းပြန့်သင့်သည်။ ခါးသေးရမည့်အပြင် ခါးကလေးက သိမ်မွေ့ရန် လိုသည်။ ချက်တွင်းနက်ရမည်။ ချက်သည် လက်ျာရစ်နေသင့်သည်။ ခြေလည်း လက်ျာရစ် လည်သင့်သည်။ တစ်ကိုယ်လုံး ကိုယ်အင်္ဂါ သိမ်သိမ်မွေ့မွေ့ ရှိသင့်သည်။ တစ်ကိုယ်လုံး အမွေးအမှင် မထူစေရ။ နည်းပါး စေရမည်။

ကိုယ်အရေအဆင်းသည် ရွှေရောင်လို ဝါဝင်းနေလျှင် အလွန်ကောင်းသည်။ ကိုယ်မှအရောင်သည် လပြည့်နေ့ည ထွက်ခါစ လရောင်လိုရှိလျှင် ပိုပြီးတင့်တယ်သည်။ မိန်းမ ကိုယ်ခန္ဓာမှ ကြာညိုရနံ့သင်းလျှင် အလွန်မြတ်သည်။ သွား သည့်လာသည့်အခါတွင် ဆင်ယဉ်မသွားသလို သွားတတ်လာ တတ်ရသည်။

နောက်ဆုံးအရေးကြီးသည့်အချက်ကား မိန်းမစိတ်ထား ဖြစ်သည်။ စိတ်တည်ကြည်ရသည်။ သဘောဖြူရသည်။ သနား ကြင်နာတတ်ရသည်။ အရိပ်အကဲကို သိတတ်ရမည်။ ဤ

www.burmeseclassic.com

မင်းလက်ရာစာပေ

www.burmeseclassic.com



အရည်အချင်းနှင့်ပြည့်စုံလျှင် စိတ်ကောင်းရှိသောမိန်းကလေး ဟု သတ်မှတ်နိုင်ပါပြီ ... ချစ်မိတ်ဆွေ။

## မိန်းမဟူသော သဘော

မိန်းမ ဆိုသည်ကား ယောကျ်ားတို့က အလိုရှိသူ၊ ဆံထုံးရှိသူ၊ ကိုယ်ဝန်တည်ရာဖြစ်သူ၊ တဏှာရာဂတည်းဟူသော မူးယစ်ခြင်း၏ တည်ရာဖြစ်သူ၊ လှပတင့်တယ်သော ရုပ်အဆင်း ရှိသူ၊ နှစ်သက်ဖွယ် ချစ်စရာစကား ဆိုတတ်သူ၊ ယောကျ်ား ကို အပျင်းပြေစေတတ်သူ၊ မွေ့လျော်ပျော်ပိုက်စေတတ်သူ၊ အားနွဲ့သူ၊ ကြောက်လွယ်သူ၊ ကာမဂုဏ်ကို လိုလားသူ စသည် ဖြင့် များစွာဖော်ပြကြသည်။

မိန်းမသည် အိမ်ထောင်ကျ၍ မယားဖြစ်သောအခါ 'မယား' ဟူသော အမည်နာမကိုလည်း ဆောင်ရသည်။ မယား ဆိုသည်မှာ သားသမီးမွေးတတ်သူ၊ အိမ်ကို စောင့်ရှောက် တတ်သူ၊ လင်က ပြုစုလုပ်ကျွေး မွေးမြူအပ်သူ၊ ချစ်အပ်သူ၊ သားသမီးကို စောင့်ရှောက်တတ်သူ၊ လင်၏အဖော်ဖြစ်သူ၊ လင်ကို အလုပ်အကျွေးပြုတတ်သူ၊ စောင့်ရှောက်ထိန်းသိမ်း တတ်သူ၊ ကြင်နာတတ်သူ။ အမိနှင့်သွားခြင်း၊ စားခြင်း၊ ပြောခြင်းတူသူဟုလည်း မယားအမည်နာမကို ပြောနိုင်ပါသေး သည် ... မိတ်ဆွေ။

မင်းသက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မယားကောင်းများနှင့် ပတ်သက်၍မူကား မိမိလင်၌သာ အလိုရှိသူ၊ လင့်အလိုလိုက်တတ်သူ၊ လင်ကို ငြိမ်းချမ်းစေတတ်သူ၊ အမျိုးကို စောင့်တတ်သူ ဟူ၍လည်း ဖွင့်ဆိုကြသေးသည်။

## ကညာကိုမျိုး အရွယ်ကိုပေါ်

ပင်းယခေတ် စတုရင်္ဂဗလ အမတ်ကြီး ရေးသားပြုစုခဲ့သော ပါဠိအဘိဓာန်ဋီကာကြီး၌ မိန်းမများ၏ အသက်နှင့်အရွယ်ကို အောက်ပါအတိုင်း ခွဲခြားထားပြန်သေးသည် ... ချစ်မိတ်ဆွေ။

အသက် (၁၆)နှစ်အထိ ဗာလ၊ နုနယ်ပျိုမြစ်သော အရွယ်။

(၁၆)နှစ်မှ အသက် (၇၀)အထိ ယုဝတီ။ (အပျိုဖြစ်စေ၊ အအိုဖြစ်စေ မြတ်သောမိန်းမမှန်သမျှကို 'ယုဝတီ'ဟု ခေါ်လေသည်။

တစ်နည်းအားဖြင့် အသက်ရှစ်နှစ်အရွယ် မိန်းကလေးကို 'ဂေါရီ'ဟု ခေါ်သည်။ ကိလေသာတဏှာ မစွန်းမထင်းသေး၊ ဖြူစင်သောသဘောရှိသောသူ၊ ငိုတတ်သောအရွယ် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အသက် (၁၀)နှစ်အရွယ် မိန်းကလေးကို ကညာဟု ခေါ်သည်။ ထွန်းပတင့်တယ်သောအရွယ်၊ လှစပြုလာသော အရွယ်၊ မိဘတို့က ချစ်နှစ်လိုအပ်သူ၊ မြူးခုန်လှည့်ပတ်ပြေး ကစားတတ်သူဟု ကညာ၏အဓိပ္ပာယ်ကို ဖော်နိုင်သည်။

အသက် (၁၂)နှစ်အရွယ်မိန်းကလေးကို ကုမာရီ (ကုမ္မာရီ)ဟု ခေါ်သည်။ လွန်စွာမြူးတူးပျော်ပါးတတ်သော အရွယ်ဖြစ်သည်။

မုံရွေးမှတ်စုတွင်လည်း မိန်းမအရွယ် (၉)ပါးကိုလည်း ခွဲခြားမှတ်သားထားသည်ကို တွေ့ရသည်။

- ၇ နှစ်မတိုင်မီ မိန်းကလေး ဗာလာ
- ၇ နှစ်အရွယ် မိန်းကလေး ဒါရိကာ
- ၈ နှစ်အရွယ် မိန်းကလေး ဂေါရီ
- ၁၀ နှစ်အရွယ် မိန်းကလေး ကညာ
- ၁၂ နှစ်အရွယ် မိန်းကလေး ကုမာရီ (ကုမ္မာရီ)
- ၁၃ နှစ်အရွယ် မိန်းကလေး သွေးစုံး
- ၁၅ နှစ်အရွယ် မိန်းကလေး မျက်မည်း (မျက်ပဲ)



www.burmeseclassic.com

www.burmeseclassic.com



- ၂၀ နှစ်အရွယ် မိန်းကလေး ・ မျက်ဝန်း
- ၄၀ နှစ်အရွယ် မိန်းကလေး မြောင်းတူ

ငှင်း (၉)မျိုးတွင် ဗာလာကိုဖြတ်ပြီး (၂၅)နှစ်အရွယ် မျက်ညှတ်ထည့်ပြီး ကညာ (၉)မျိုးဟုလည်း ဖော်ပြကြသေး၏။



www.burmeseclassic.com

www.burmeseclassic.com

## မိန်းမ (၆၄)မျိုး

## အမျိုး (၈)မျိုး၊ မယား (၁၂)မျိုး

မိန်းမဟူသော ဝေါဟာရ၌ မယားမဟုတ်သော သာမန်မိန်းမများ ဟူသော အနက်တစ်ခု၊ မယား ဟူသော အနက်တစ်ခု ဟူ၍ အနက်နှစ်ခု ထွက်၏။ မိန်းမများနှင့်ပတ်သက်၍ လောကီကျမ်းများက အမြတ်အယုတ် သတ်မှတ်၍ အမျိုးအစား ခွဲကြ၏။ ဗုဒ္ဓဘာသာကျမ်းများက ကာမေသုမိစ္ဆာစာရကံ ရှုထောင့်မှ အပြစ်အလိုက် အမျိုးအစား ခွဲခြားဖော်ပြထား၏။



www.burmeseclassic.com

www.burmeseclassic.com

## မိန်းမ (၆၄)မျိုး

သာမုဒြိကာကျမ်းဆရာက မိန်းမပေါင်း (၆၄)မျိုးကို စိတ်ရှည်လက်ရှည် ခွဲခြားဖော်ပြထားခဲ့၏။

ယင်း (၆၄)မျိုးအနက် အခြေခံ (၄)မျိုးမှာ ...

- ◆ ပဒ္မမ္မိနီမိန်းမမျိုး ဉတ္တမ္မ - အမြတ်စား
- ◆ စိတ္တရနီမိန်းမမျိုး ဗဏ္ဍိတ် - အကောင်းစား
- ◆ သခ်ိနီမိန်းမမျိုး မဇ္ဈိမ - အလတ်စားနှင့်
- ◆ ဟတ္တနီမိန်းမမျိုး ဟိန - အညံ့စား

တို့ ဖြစ်ကြ၏။

ပဒ္မမ္မိနီနှင့် ဟတ္တနီ ဟူသောဝေါဟာရကို ကြားဖူးသူများ၏။

www.burmeseclassic.com

www.burmeseclassic.com



ပဒုမ္မနီမိန်းမမျိုးသည်

၁။ မျက်နှာဝိုင်းသည်။

၂။ အသားညက်သည်။

၃။ သွားအရောင်တောက်သည်။

၄။ ဆံပင်ကောင်းသည်။

၅။ ခြေဖဝါး၊ လက်ဖဝါး ပြည့်သည်။

၆။ လည်ပင်း၌ အရေးအကြောင်း (၃)ခု ပါသည်။

၇။ အသံသာသည်။

၈။ သားမြတ်ကြီးသည်။

၉။ ဟင်္သာသွားသလို သွားတတ်သည်။
(ခပ်ညက်ညက် ယဉ်ယဉ်ကလေးသွားသည်။)

၁၀။ ကိုယ်အရသာချိုသည်

၁၁။ ပဒုမ္မာကြာရနံ့ကဲ့သို့ ကိုယ်ရနံ့သင်းသည်။

၁၂။ ကိုယ်သည် ချမ်းသောအခါ နွေးသည်။
ပူအိုက်သောအခါ အေးသည်။

၁၃။ ကြည့်ပုံရှုပုံသည် မာတင်္ဂဆင်ကြည့်ပုံမျိုး ဖြစ်၏။
(ဣန္ဒြေရှိရှိ ပိပိရိရိ ကြည့်သည်။)

www.burmeseclassic.com

www.burmeseclassic.com



ပဒုမ္မနီမိန်းမမြတ်၏ စိတ်ဓာတ်နှင့် အပြုအမူပိုင်းဆိုင်ရာ လက္ခဏာများမှာ ...

ပဒုမ္မနီမိန်းမမြတ်သည်

၁။ အမိအဖ၊ ဆရာသမားကို ရိုသေလေးစားသည်။

၂။ ရှက်တတ်သည်။

၃။ မကောင်းမှုကို ကြောက်တတ်သည်။

၄။ မကောင်းမှုဒုစရိုက်ကို ရှောင်ကြဉ်တတ်သည်။

၅။ ဉာဏ်ပညာ အသိအလိမ္မာနှင့် ပြည့်စုံသည်။

၆။ အိမ်ထောင်သည်ဖြစ်လျှင် လင်ကို ရိုသေတတ်သည်။

ဤလက္ခဏာများကို မှတ်သားမိသော မိန်းကလေးမှာ မိမိအပြုအမူသည် ပဒုမ္မနီမိန်းမမြတ်တစ်ယောက်၏ အပြုအမူမျိုး ဟုတ် မဟုတ် စိစစ်၍ ပြုပြင်နိုင်ပေသည်။

ဒုတိယတန်းစားဖြစ်သော စိတ္တရနီမိန်းမမျိုး၏ လက္ခဏာများမှာ -

၁။ အသံက ခိုပေါက်စ၏အသံနှင့် တူသည်။

၂။ မြူးတူးပျော်ပါးတတ်ပြီး အရယ်အရွှန်းများသည်။

၃။ အသားပျော့ပြောင်းသည်။

၄။ လမ်းသွားပုံသည် လိပ်သွားပုံနှင့်တူသည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၅။ ကိုယ်နံ့က ကြာညိုနံ့သင်းသည်။
၆။ မိဘ ဆရာသမားကို ရိုသေတတ်သည်။
၇။ လင်ကို ရိုသေတတ်ပြီး စုံလည်းစုံမက်တတ်သည်။

တတိယတန်းစားဖြစ်သော သခ်ိနီမိန်းမမျိုး၏ လက္ခဏာကား ...

၁။ ဆံပင်ကောင်းသည်။
၂။ ကိုယ်ရနံ့က ပျားအနံ့ကဲ့သို့ ရှိသည်။
၃။ သားမြတ်က သလဲသီးနှင့် တူသည်။
၄။ ခါးစင်း၍ ရင်ကော့သည်။
၅။ ကိုယ်ဟန်သွင်ပြင် ပြေပြစ်သည်။
၆။ သွားပုံလာပုံသည် ယစ်မငယ်၏ သွားပုံလာပုံနှင့် တူသည်။
၇။ အမွေးအကြိုင် ဂန္ဓနံ့သာ မက်မောသည်။
၈။ မကောင်းသောအရသာကို စားတတ်သည်။
၉။ ရာဂရမ္မက်ကြီးသည်။
၁၀။ လင်ယောကျ်ားနှင့် တစ်နေ့မတွေ့ရလျှင်ပင် စိတ်ထဲက မကျေနပ်တတ်။
၁၁။ ရသေ့ရဟန်းကိုမြင်သော်မှ တပ်မက်မောတတ်သည်။

www.burmeseclassic.com

မင်းလက်ရာစာပေ

www.burmeseclassic.com



စတုတ္ထတန်းစားဖြစ်သော ဟတ္ထနီမိန်းမမျိုး၏ လက္ခဏာကား ...

၁။ တင်ပါးဆုံကြီးပြီး တင်ပါးမြင့်သည်။

၂။ နားရွက်တိုပြီး နှုတ်ခမ်းကြီးသည်။

၃။ နှာခေါင်းပိသည်၊ ပြားသည်။

၄။ မျက်စိက လောက်စာလုံးလို ဝန်းဝိုင်းသည်။

၅။ ခါးတုတ်သည်။

၆။ ပေါင်ရင်းတုတ်သည်။

၇။ ခြေသလုံးကြီးပြီး ခြေဖဝါး တိုသည်။

၈။ လက်ချောင်းခြေချောင်း တိုသည်။

၉။ သားမြတ်ငယ်ပြီး ချက်ကြီးသည်။

၁၀။ ကိုယ်အရသာ ငန်သည်။

၁၁။ ဘွားပုံလာပုံ ဆင်မနှင့်တူသည်။

၁၂။ ကိုယ်နံ့မှာ ဆင်မုန်နံ့လို နံသည်။

၁၃။ အမျက်ဒေါသကြီးသည်။ လောဘလည်း ကြီးသည်။

၁၄။ ရာဂကြီးသည်။

၁၅။ ယောကျ်ားကို မြင်လျှင်ပင် တိမ်းညွတ်တတ်သည်။ လွယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ထဲတွင် ပဒုမ္မနီလက္ခဏာ၊ ဟတ္တနီ လက္ခဏာအပြည့်အစုံရှိရန် မဟုတ်ပေ။ ရောရောနှောနှော ရှိပေသည်။ သို့သော် ဖော်ပြပါလက္ခဏာတို့နှင့် အများဆုံး ညီညွတ်လျှင် ထိုညီညွတ်သောအမျိုးအစား၌ သွင်းယူနိုင်မည် ဖြစ်သည်။

ထိုမိန်းမ (၄)မျိုးကို အသားနီရောင်၊ ရွှေဝါရောင်၊ အဖြူရောင်၊ အမည်းရောင် ဟူ၍ အသားအရောင်အရ ခွဲခြားနိုင်သေး၏။ ဥပမာ-ပဒုမ္မနီမိန်းမမျိုးတွင် အသားနီပဒုမ္မနီ၊ ရွှေဝါရောင်ပဒုမ္မနီ၊ အဖြူရောင်ပဒုမ္မနီ၊ အမည်းရောင်ပဒုမ္မနီ ဟူ၍ဖြစ်၏။ ကျန်စိတ္တရနီ စသည်နည်းတူတို့ကြောင့် (၄×၄ = ၁၆) မိန်းမမျိုးကွဲ (၁၆)မျိုး ထွက်လာ၏။

ထို (၁၆)မျိုးကိုမှ အပိန် + အဝ၊ အပု + အမြင့် (၄)မျိုးဖြင့် ထပ်မြှောက်ပွားလျှင် (၁၆ × ၄ = ၆၄) မိန်းမ ခြောက်ဆယ့်လေးယောက် ထွက်လာပေသည်။ ဥပမာ- အသားနီပဒုမ္မနီ-အပိန်၊ အသားနီပဒုမ္မနီ-အဝ စသည်ဖြင့် ပဒုမ္မနီ (၁၆)ယောက် ဖြစ်လာသည်။ ဤနည်းတူ စိတ္တရနီ(၁၆)ယောက်၊ အခ်နီ (၁၆)ယောက်၊ ဟတ္တနီ (၁၆)ယောက်တို့ကိုလည်း ခွဲနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အပျို ရှစ်မျိုး

ကာမေသုမိစ္ဆာစာရကံအရာနှင့်ပတ်သက်၍ ခွဲခြားပြသော မိန်းမအလွတ်၊ အလပ် (အပျို) (၈)ယောက်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

၁။ မုဆိုးမသမီး
၂။ မုဆိုးဖိုသမီး
၃။ မိစုံဖစုံ စောင့်ရှောက်ခံရသော မိန်းမ
၄။ မိဘမဲ့မိန်းကလေး
၅။ မောင်ဘွားအုပ်ထိန်းသော မိန်းကလေး
၆။ ဆွေမျိုးအုပ်ထိန်းသော မိန်းကလေး
၇။ လူမျိုးတူချင်း စောင့်ရှောက်ခံရသော မိန်းကလေး
၈။ ဘာသာဝင်ချင်း အစောင့်အရှောက်ခံ မိန်းကလေး တို့ဖြစ်သည်။

## မိန်းမတို့ အတွင်းသဘော

'စိန်ကဲ ရွှေကဲ ဤနှစ်ကဲထက် မိန်းမကဲခတ် လွန်ခဲတတ်၏' ဆိုစကားကို ကြားဖူးကြမည်။

ရှေးလူကြီးတို့သည် လူတစ်ယောက်ကို နဖူးရေ ဒြာရကြည့်ပြီး ဒီကောင် ဘယ်လိုလူစား၊ ဒီမိန်းမ ဘယ်လိုမိန်းမစား



www.burmeseclassic.com

www.burmeseclassic.com



ဟု ရာနှုန်း (၉၅)လောက် မှန်အောင်အကဲခတ်တတ်ကြသည်။ အကဲခတ်နည်းကိုလည်း အမျိုးမျိုးအသုံးပြုကြလေသည်။

ချေးမ ရွေးတော့မည်ဆိုလျှင် ရေတ်သီးထောင်းခိုင်းပြီး အကဲခတ်ကြည့်တတ်သည်။ ရေတ်သီးထောင်းပုံကို ကြည့်သည်။ ရေတ်ဆုံဘေးကို ဘယ်နှစ်ချက် ချော်ထောင်းသလဲ မှတ်၏။ ရေတ်သီးဖတ်တွေ ဘယ်လောက်စင်ကုန်သလဲ သတိပြု၏။ ရေတ်သီး ညက်သလား၊ မညက်ဘူးလား စေ့စေ့စပ်စပ် ကြည့်သည်။ ကျေနပ်လျှင် ယောက္ခမတော်ချင်သူက ပြုံး၏။ မကျေနပ်လျှင် မျက်ခုံးကိုတွန့်၍ မဲ့လိုက်လေ၏။

ထိုသို့ ရေတ်သီးထောင်းခိုင်းခြင်းမှာ နမူနာတစ်ရပ်သာ ဖြစ်သည်။ သနပ်ခါးသွေးခိုင်း၏။ အပ်ချုပ်ခိုင်းကြည့်၏။ ဆပ်ပြာတိုက်ခိုင်းကြည့်၏။ အဝတ်ဖွပ်ခိုင်းကြည့်၏။ ထိုသို့ မိန်းကလေးချေးမတို့၏ စိတ်နေသဘောထား အပြုအမူကို အကဲခတ်ခြင်းပင် ဖြစ်သည်။

## မယားဆိုး (၁၅)မျိုး

၁။ အရှက်ကင်းသောမယား။

၂။ အကြောက်ကင်းသော မယား။

၃။ ပျင်းရိသောမယား။



www.burmeseclassic.com

www.burmeseclassic.com



၄။ ညစ်ပတ်လွန်းသောမယား။
၅။ ဖောက်ပြန်သောမယား။
၆။ နူနာရှိသောမယား။
၇။ လင်ကို မချစ်မနှစ်သက်သော မယား။
၈။ ပော့ရမ်း၊ သော့သွမ်းသော မယား။
၉။ သားယောက်ျား မဖွားမြင်သော မယား။
၁၀။ သားသမီးမမွေး မြုံသောမယား။
၁၁။ ခိုးသူနှင့်တူသော မယား။
၁၂။ သခင်အရှင်နှင့်တူသော မယား။
၁၃။ ရန်သူနှင့်တူသော မယား။
၁၄။ ရန်ငြိုးဖွဲ့တတ်သော မယား။
၁၅။ သစ္စာမရှိသောမယား။
တို့ပင်ဖြစ်သည်။

## မယားမြတ်အင်္ဂါ (၈)ပါး

၁။ ဘေးရန်ကျရောက်သောအခါ တိုင်ပင်ရသော မိန်းမ။
၂။ လင်သားကို ကျွန်မသဖွယ် ပြုစုလုပ်ကိုင်ကျွေးတတ်သော မိန်းမ။
၃။ ကာမဂုဏ်ကိစ္စတွင် လင့်အလိုအတိုင်း ပျော်မွေ့လိုက်လျောသော မိန်းမ။



www.burmeseclassic.com

www.burmeseclassic.com



၄။ တင့်တယ်လှပမှုကို ပြုပြင်တတ်သော မိန်းမ။

၅။ အဝတ်တန်ဆာကို ပြင်ဆင်ပေးတတ်သော မိန်းမ။

၆။ အစားကို မိခင်ကဲ့သို့ ပြင်ဆင်ပေးတတ်သောမိန်းမ။

၇။ လင်သားအလိုကို သည်းခံတတ်သော မိန်းမ။

၈။ လင်သားအပေါ် မောင်ဘွားကဲ့သို့ ရိုသေရှက်ကြောက်

တတ်သောမိန်းမ။

## မိန်းမတို့၏ အား (၅)ပါး

၁။ ရူပါဗလ - အဆင်းလှပခြင်း။

၂။ ဘောဂဗလ - စည်းစိမ်အားတောင့်ခြင်း။

၃။ ဉာတိဗလ - ဆွေမျိုးအားကောင်းခြင်း။

၄။ ပုတ္တဗလ - သားသမီးအားရှိခြင်း။

၅။ သီလဗလ - သီလအားကောင်းခြင်း

တို့ ဖြစ်သည်။

## မြတ်သောမိန်းမတို့၏ အကျင့်

၁။ သီလဝတီဆိုသော အကျင့်သီလနှင့် ပြည့်နေရှိခြင်း။

၂။ ဗောဓာဝိနီဆိုသော အမြော်အမြင်နှင့် ဆင်ခြင်ညာဏ်

တရားနှင့် ပြည့်စုံစွာရှိခြင်း။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၃။ သသုဒေဝါဆိုသော ယောကျ်ားမနှင့် လင်သားကို အိမ်ဦးနတ်ကဲ့သို့ ဆည်းကပ်ဂတ်ခြင်း။

၄။ ပတိဗ္ဗတာဆိုသော ယောကျ်ားခင်ပွန်းအား ရိုသေယုယတတ်ခြင်း။

တို့ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## မိန်းမတို့၏ အခြေအနေ အတန်းအစား

၁။ ဆင်းရဲနွမ်းပါးအခြေအနေရှိသော အမျိုးသမီးများ

၂။ အလတ်တန်းစားအခြေအနေရှိသော အမျိုးသမီးများ

၃။ ကုန်သည်လုပ်စား အခြေအနေရှိသော အမျိုးသမီးများ

၄။ မင်းစိုးရာဇာအခြေအနေရှိသော အမျိုးသမီးများ

၅။ အငြိမ်းစားအခြေအနေရှိသော အမျိုးသမီးများ။

အို… ချစ်မိတ်ဆွေ။

ထို (၅)ချက်သောအမျိုးသမီးများအနက် မိတ်ဆွေ အလိုရှိသောချစ်သူသည် ကောင်ပါတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



(သို့သော် အောက်ပါအကြောင်းအရာများကို သတိရှိစေလို၏။)

အို... ချစ်လှစွာသော မိတ်ဆွေ။

မိတ်ဆွေ၏ မူလအမျိုးဂုဏ်ကို ကြည့်ရမည်။ အလုပ်အကိုင်သော်လည်းကောင်း၊ မိမိမူလအကျင့်စာရိတ္တကိုလည်းကောင်း စစ်ဆေး၍ကြည့်ပါ။

မိမိအမျိုး အလွန်ညံ့သော် ... မိမိပါ ညံ့ရတော့မည် မဆိုလို။ အကယ်၍ ညံ့သောအမျိုးထဲမှ မိတ်ဆွေပါ အညံ့ခံနေရန်မဟုတ်။ ထိုညံ့သောအခြေအနေမျိုးမှ ပထမ ထွက်ရန်ပြုလုပ်ပါလေ။

အမျိုးညံ့သည်ဆိုသည်မှာ ဆင်းရဲနွမ်းပါးသော အခြေအနေမျိုးတို့ကို ဘိုးဘွားဘီဘင်လက်ထက်ကစ၍ ဆင်းရဲနွမ်းပါးညံ့သောအမျိုးမှ မလွတ်ကင်းသည်ကို ဆိုလိုပါသည်။

မိဘက ဆင်းရဲနွမ်းပါးညံ့ဖျင်းသော်လည်း မိတ်ဆွေပါ တစ်သက်လုံး ဆင်းရဲနွမ်းပါး ညံ့ဖျင်းခံရတော့မှာလား။

ဥပမာ-အလွန်အမျိုးမြတ်၍ ချမ်းသာကြွယ်ဝသော သူဌေး၊ မင်းညီမင်းသားများသည် တံငါမုဆိုးတို့ ကျက်စားရာနေရာဌာန ရွာငယ်ဇနပုဒ်သို့ သွားရောက်နေထိုင်ခဲ့လျှင် ၎င်းကိုလည်း 'တံငါမုဆိုး' ဟုပင် မခေါ်နိုင်လေသလော။

www.burmeseclassic.com

www.burmeseclassic.com



ထို သူဌေး၊ မင်းညီမင်းသားများသည် အရက်သမား၊ ဘိန်းစား၊ သူခိုးများနှင့် ယှဉ်တွဲသွားလာ ပေါင်းသင်းဆက်ဆံနေလျှင် ၄င်းတို့ကိုလည်း အရက်သမား၊ ဘိန်းစား၊ သူခိုးများဟု ရောနှောရ၍ ထင်မြင်ခြင်းတို့ကို ခံရတော့မည် မဟုတ်ပါလော။

ဆင်းရဲနွမ်းပါး၍ ညံ့သောအမျိုးပင် ဖြစ်သော်လည်း သူဌေး၊ မင်းညီမင်းသား၊ ကုန်သည်ကြီးများနှင့် ပေါင်းသင်း ဆက်ဆံနေလျှင် ထိုဆင်းရဲနွမ်းပါးသူကို မည်သူကပင် အထင်အမြင်သေးသိမ်တော့အံ့နည်း။ သတိကြပ်ကြပ်ပြုပါလေ ... မိတ်ဆွေ။

အဖိုးတန်ရတနာကို ဝတ်ဆင်မြန်းလိုလျှင် ထိုရတနာကို ဝယ်နိုင်ရန် ငွေရှိမှ မိတ်ဆွေ မလွဲတမ်း ဝတ်ရတော့မည်။

ဘယ်လိုပင် ဝတ်လိုသော်လည်း ၄င်းကိုရရန် ငွေမရှိက မဖြစ်နိုင်ဘူး ...မိတ်ဆွေ။ တရားအတိုင်းမဟုတ် ဉာဏ်ဆင်ခြင်မှု ပြုလုပ်သော် ပြုလုပ်ကြောင်းကို ထင်ပေါ်၍ ဒုက္ခကြုံတွေ့ရန် ဖြစ်တော့၏။

နေရိပ်ကို အလိုရှိသောသူသည်လည်း နေရိပ်ရှာမှ ရ၏။ ရေအေးအေးသောက်လိုလျှင် ရေအေးအေးရှိရာမှ သောက်ရ၏။ သတိပြုပါလေ ...မိတ်ဆွေ။



www.burmeseclassic.com

www.burmeseclassic.com



အို ... ချစ်လှစွာသော မိတ်ဆွေ။

နေ၊ ဥစ္စာ၊ ပစ္စည်း ကိုယ်၌ကြွယ်ဝမှ နေ၊ ဥစ္စာ၊ ပစ္စည်းနှင့်ပြည့်စုံသော အမျိုးသမီးကို ရရန်မဟုတ်။

မိတ်ဆွေ၌ ...

မချမ်းသာသော်လည်း ချမ်းသာတဲ့အမျိုးသမီးကို ကောန် ရနိုင်၏။ ရနိုင်ကြောင်းကို တွေ့လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## ကတိထား၍ သစ္စာပြုခဲ့သည်

အို … ချစ်လှစွာသော မိတ်ဆွေ။

ဤအချစ်မေတ္တာညှို့နည်း အစပထမ၌ မိတ်ဆွေ ကတိထား၍ သစ္စာပြုချက်များသည် ယခုအသုံးချ၍ အရာဝင်တော့မည် မဟုတ်ပါလော။

(၁) ဦးစွာ ရတနာသုံးပါး ဦးထိပ်ထား၍ ဦးခေါင်းထိပ်၌ တည်ပါစေ။

(၂) ကံငါးပါးတို့ကို အသက်ထက်ဆုံး ရှောင်ကြဉ်၍ လွတ်ကင်းပါစေ။ ကံငါးပါးစလုံး မရှောင်နိုင်သော် မိမိ ရှောင်နိုင်သော ကံတစ်ပါးပါး လွတ်ကင်းပါစေ။

(၃) လူ နတ် ဗြဟ္မာ တို့သူငါ ချမ်းသာကိုယ်စိတ်မြဲပါစေ။



www.burmeseclassic.com

www.burmeseclassic.com



(၄) ထိုသုံးပါးတို့ကို မိတ်ဆွေ၏ စိတ်နှလုံး ကိုယ်ကာယ တို့တွင် အမြဲတည်၍ မယားကျွေးမှု၊ သားကျွေးမှု တစ်ခုပညာ ရှိပါစေ။ (သို့မဟုတ်) အရောင်းအဝယ်၊ အလုပ်အကိုင်ရှိပြီး သူမလို မည်အညွှ်အလုပ် မည်သည့် အရောင်းအဝယ်ကို လုပ်ကိုင်သည်ဟု မည်မည်ရရ ရှိပါစေ။ ပြနိုင်ပါ၏။ အလုပ်ကို ထွေရာလေးပါး မပြုလုပ်ဘဲ တစ်ခုခုကို တည်တံ့အောင် လုပ်ကိုင် ပါစေ။

(၅) ရှမ်မောက်ကြွားဝါခြင်း၊ ကြမ်းတမ်းသောအမူအရာ ရှိခြင်း၊ မသနား မညာတာခြင်း စိတ်ဓာတ်မျိုးများ မိတ်ဆွေ၏ ကိုယ်တွင်းကိုယ်ပ၌ အမြဲကင်းရှင်းပါစေ။

အို ... ချစ်လှစွာသော မိတ်ဆွေ။

ပြဆိုခဲ့သော အထက်ဖော်ပြပါ အကြောင်းအရာတို့ကို အမှုမဲ့ အမှတ်မဲ့ မထားလေနှင့်။ သတိအမြဲပြုပါလေ။

အချစ်မေတ္တာညှို့နည်းပညာတို့ကို စတင်တော့မည် ဖြစ်၍ အောက်ပါအကြောင်းတစ်ခုခုကို ညှို့သောအခါ စိတ် ပါပါနှင့် သစ္စာပြုပါလေ။

ဇေ ဇော် ဇေ

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ညှို့ဓာတ်၏ သစ္စာ

တင်ပလ္လင်ခွေထိုင်ပြီး လက်နှစ်ဖက်ကို ပေါင်ပေါ်တွင် ယှက်တည်သော စိတ်ထားရမည်။

## ဆိုရန်ဂါထာ

ရတနာသုံးပါးကို အမြဲကိုးကွယ်ပါ၏။ ကံငါးပါးကို အမြဲရှောင်ပါ၏။ (သို့မဟုတ်) မိမိတို့ရှောင်သော ကံတို့ကို ထည့်၍ဆိုပါ။ မေတ္တာတရား အမြဲပွားများပါ၏။

## အကျိုးအကြောင်း

ရန်ကုန်မြို့ .....၊ လမ်း ....၊ အိမ် ...၊ မှတ်ပုံတင်ကတ် ....... နေ ဦး ..... ဒေါ် ..... တို့၏ သမီးအကြီး,



www.burmeseclassic.com

www.burmeseclassic.com



အလတ်, အငယ်, အကြီးဖြစ်လျှင် အကြီး၊ အလတ်ဖြစ်လျှင် အလတ်။

ဥပမာ–သန်းသန်းကို ကျွန်ုပ် မောင် ........ က မေတ္တာသက်ဝင်၍ ကျွန်ုပ်၏ မေတ္တာစာတ်ကို ချစ်လှစွာသော နှမထံ လွှတ်လိုက်ပါသည်။ လက်ခံ၍ သိမ်းပိုက်ပါ။ သန်းသန်းသည် ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ တစ်အိမ်သားလုံး ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ကျွန်ုပ်သည် သူမအား ချစ်မြတ်နိုးပါ၏။

ကျွန်ုပ် စွဲလမ်းချစ်မြတ်နိုးသကဲ့သို့ ကျွန်ုပ်အား မေတ္တာသက်ဝင်၍ စွဲလမ်းပါစေ။

ကျွန်ုပ်သည် နှမအား မတရားမပြု တကယ်အမှန် ပေါင်းသင်းဆက်ဆံပါမည်။ ကျွန်ုပ် ယခု သစ္စာပြုချက်ကို သူမ သိပါစေ၊ မြင်ပါစေ၊ ကြားပါစေ။ ကျွန်ုပ် ယခုလွှတ်လိုက်သောမေတ္တာကို အနှောင့်အယှက်မရှိစေနှင့်။

မေတ္တာတန်ခိုးဖြင့် ချစ်သူ .... ထံသို့ ရောက်စေ ... ရောက်စေ ... ရောက်စေ ... ။



www.burmeseclassic.com

www.burmeseclassic.com



အို ...

ချစ်လှစွာသော မိတ်ဆွေ
ဤသို့စွာညို့မှာတ်ကို
တစ်နေ့လျှင် တစ်ကြိမ်ကျ
ညဉ့် (၉)နာရီ အချိန်တိတိတွင်
ညို့သရွာ ဦးစွာလှူတ်။ (၇)ရက် စေ့သောအခါ
မိတ်ဆွေ၌ သရွာညို့မှာတ် အောင်ပြီမှတ်။

## သတိပြုရန်

အို ... ချစ်လှစွာသော မိတ်ဆွေ။

ဦးစွာပထမ မိတ်ဆွေအလိုရှိသော အမျိုးသမီးကို တွေ့နိုင်သောနေရာသို့ သွားသည့်အခါတွင် တစ်ယောက်တည်း သွားပါ။

အိမ်မှာထက် ဘုရားသွားသောအခါ၊ ဥပုသ်စောင့်သော အခါ၊ ပွဲလမ်းသဘင်၊ ရုပ်ရှင်၊ ပျော်ပွဲများ သွားသောအခါ သာ၍အခွင့်ကောင်းပြီး လျှင်မြန်စွာပင် ထမြောက်အောင်မြင် တတ်၏။

မိတ်ဆွေ၏ ကိုယ်ကာယတွင် သန့်ရှင်းပါစေ။ အဝတ်အစား အဖိုးတန် မဝတ်နိုင်သော်လည်း ဝတ်သမျှမှာ သန့်ရှင်း စင်ကြယ်ပါစေ။ မိမိဂုဏ်နှင့်လိုက်အောင်လည်း ဝတ်စား



www.burmeseclassic.com

www.burmeseclassic.com



ဆင်ယင်ပါ။ အဆာမတန် လွန်လွန်ကဲကဲလည်း မဝတ်မိလေနှင့်။ နွမ်းပါးညှိုးနွမ်းလွန်းလှသည့်လည်း မရှိပါစေနှင့်။

ဦးစွာတွေ့ကြသောအခါ မိတ်ဆွေကို ထိုအမျိုးသမီးက တင်ကြို၍မကြည့်မီ မိတ်ဆွေက သတိပြုရန်မှာ မျက်နှာကို ကြည်လင်စွာထားပြီး ၄င်း၏အကြည့်ကို စောင့်၍ကြည့်သည် နှင့်တစ်ပြိုင်နက် မျက်လုံးကိုမခတ်ဘဲ ကြည့်၍ ညာဘက် လက်ညှိုးဖြင့် ပါးစပ်၊ နှုတ်ဖျားတွင် မသိမသာကိုက်ပြလိုက်ပါ။

၄င်းက မျက်နှာလွှဲသွားသောအခါ အသာနေ၊ နောက် ထပ်ကြည့်ရမည်။ မကြည့်ဘဲ မနေနိုင်၊ ကြည့်သည်နှင့်တစ် ပြိုင်နက် ရှေးနည်းအတူ လက်ကို ကိုက်၍ပြ၊ နှစ်ခါလောက် ပြပြီးလျှင် တော်ပေတော့။ '

ထိုကဲ့သို့ ပြသောအခါ မိဘ၊ မောင်ဘွား၊ ညီမ၊ သားချင်းတို့ မမြင်စေနှင့်။ သတိပြုပါလေ။ ၄င်း၏သွားလာရာ သို့ နောက်ယောင်ခံ၍လိုက်သောအခါ အနားကို မကပ်လေနှင့်။ ၁၅ တောင်၊ အတောင် ၂၀ ခန့်မျှ ကွာဝေးပါစေ။

၄င်းမိန်းကလေးအမူအရာက မိတ်ဆွေကို မေတ္တာ ရှိသည်၊ မရှိသည်ကို ပြသလိမ့်မည်။ သတိပြုပါ။ မေတ္တာရှိ ခဲ့လျှင် ဆိုပြီးခဲ့သော မိန်းမမာယာ (၄၀)ထဲက တစ်ခုခုကို မာယာပြုလုပ်၍ ပြသလိမ့်မည်။

ခင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာမရှိက အောက်ပါအတိုင်း ပြုလုပ်ပြတတ်ပြန်သဖြင့် သတိပြုသင့်ပါသည်။

၁။ ထိုယောကျ်ား၏မျက်နှာကို တစ်ခါသာကြည့်၍ နောက်ထပ်မကြည့်ခြင်း ... ။

၂။ သဘောမကျသောအနေမျိုးဖြင့် မျက်နှာကို အောက်သိုးသိုးထားခြင်း ... ။

၃။ သဘောမကျသောအနေမျိုးဖြင့် 'ထွီ'ဟု တံတွေးထွေးပြတတ်ခြင်း ... ။

၄။ ကလေးသူငယ်ကို ငိုအောင်ပြုလုပ်တတ်ခြင်း၊ အနီးရှိလူကို စောင်းမြောင်းပြောတတ်ခြင်း ... ။

အဆိုပါ (၄)ချက်သည် မနှစ်သက်၊ မေတ္တာမရှိကြောင်းတို့ကို ပြုလုပ်တတ်ခြင်းဟု မှတ်ရပါမည်။

ကုက္ကိုယသျှတ္တရ ကျမ်းအလာ မိန်းမလေးမျိုး၌ ပဒုမ္မနီ၊ ဝိတြာရနီ၊ သင်္ခရနီ၊ ဟတ္ထနီ ဟု လေးမျိုးတို့ကို ခွဲဝေပြခန်း၌လည်း နှစ်သက်ခြင်း၊ မနှစ်သက်ခြင်း အကြောင်းအရာတို့ကို တွေ့ရပေလိမ့်မည်။

အို ... ချစ်လှစွာသော မိတ်ဆွေ။

မိမိကို မနှစ်သက် မေတ္တာမရှိသော အမျိုးသမီးသည် မိမိကို မေတ္တာရှိပြီး တစ်ခါတည်း ယိမ်းယိုင်ပါလာမှ အဖိုးတန်ဖြစ်မည်မဟုတ်လော။

မင်းသက်ရာဇာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အောက်ပါအချက်များမှ ကင်းလွတ်သော အမျိုးသမီးများ ဖြစ်ပါစေ။ သို့မှသာ တရားအတိုင်းဖြစ်၍ လျှင်မြန်စွာ အောင်မြင်နိုင်တတ်၏။

၁။ ကာမပိုင်ရှိသော မိန်းမများ

၂။ သမီးရည်းစား လက်ရှိဖြစ်သော မိန်းမများ

၃။ ချစ်သူနှင့် ကွေကွင်းနေရသော မိန်းမများ

ကို အချစ်မေတ္တာညှို့ဓာတ်ဖြင့် ညှို့၍ မိမိဘက် ပါလာအောင် ပြုလုပ်ခြင်းကို တစ်သက်လုံး ရှောင်ရပါမည်။

(၎င်းမိန်းမများကို အချစ်မေတ္တာညှို့ဓာတ်ဖြင့် ညှို့လိုက်လျှင် မိမိဘက်သို့ လျှင်မြန်စွာ ပါတတ်၏။) သို့သော် တရားအတိုင်းမဟုတ်သဖြင့် မကြံလေနှင့်။ မပြုလုပ်လေနှင့်။

## အကြံဖျော့ရန်သူ

အို . . . ချစ်လှစွာသော မိတ်ဆွေ။

မိတ်ဆွေ မြတ်နိုးချစ်ခင်သော အမျိုးသမီးကို ညှို့ဓာတ်ဖြင့် မပြုလုပ်မီ ဦးစွာ ၎င်း၏ အတွင်းအပြင် အဖြစ်အပျက် အလုံးစုံတို့ကို စုံစမ်းပါလေ။

စုံစမ်း၍ အလွယ်ဆုံးကား ၎င်းနှင့် အလွန်ရင်းနှီးသော မိန်းမများကို စုံစမ်းလျှင် အလွယ်ဆုံးနှင့် အမှန်ဆုံးကို သိနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိတ်ဆွေက အလွန်ချစ်၍ ညှို့ဓာတ်ဖြင့် စီရင်သော အခါ အခြားသူများကလည်း မိတ်ဆွေကဲ့သို့ပင် ချစ်၍ သမီး ရည်းစားဖြစ်အောင် ပြုလုပ်လိမ့်မည်။

ဤကဲ့သို့ ပြုလုပ်သောအခါ မိတ်ဆွေ စိတ်မဆိုးလေနှင့်။ 'အကြံတူ ရန်သူ' သဘောမျိုးကို ဘယ်အခါမှ မထားလေနှင့်။ မိမိအကြံကိုသာ အောင်မြင်အောင်လုပ်ပါ မိတ်ဆွေ။

## သူမသိ ငါပိုး

ရှောင်ရန် (၃)ချက်ကို ပြရာ၌ (၂)နံပါတ်အရ သမီး ရည်းစားလက်ရှိဖြစ်သော အမျိုးသမီးများကို ရှောင်ရန် ပြခဲ့၏။ သို့သော် သူမသိ ငါပိုးများလည်း အလွန်များပြားစွာ ရှိတတ် သည်။ အချို့ လူယုတ်မာတို့မှာ အလွန်စွဲလမ်းစွာချစ်၍ တွေ့ မြင်ကရာ လူတွေကို မည်သူ၏သမီး ငါနှင့်ပေးစားရန် ဓေ့စပ် ပြီးပြီ။

ငါနှင့်ကြိုက်နေသည်။ ငါနှင့်မလွတ်ဘူး စသဖြင့် မိမိ ချစ်စိတ်အာရုံဇောကြီးစွာနှင့် မဟုတ်မတရား ပြောဆိုတတ် သောသူတို့သည် အလွန်များသည်။

စင်စစ်၌ အပြောခံသောအမျိုးသမီးများမှာ ထိုသူအား စိတ်ကူးနှင့်ပင် မထည့်ဖြစ်ချေ။ ထိုကဲ့သို့ သူမသိ ငါပိုး တတ်သောသူဖြစ်လျှင် (၂)နံပါတ်အရ မတားမြစ်ပါ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြပါတော့ ... ပြုလုပ်ပါတော့ ...။ ယောကျ်ား ကလည်း မေတ္တာရှိ၊ မိန်းကလေးကလည်း မေတ္တာရှိနေကြပြီး နှစ်ဦး မေတ္တာသက်ဝင်နေသော နှစ်ယောက်ကြား ဝင်ရောက်၍ ၄င်းတို့အချစ်ကို မခွဲပါနှင့် ... မိတ်ဆွေ။

## ကယ်ဆယ်ခြင်း

အို ... ချစ်လှစွာသော မိတ်ဆွေ။

အမျိုးသမီးကလေးတစ်ဦးအား ဖျက်ဆီးရန်အတွက် ချစ်လေယောင်နိုးနှင့် သမီးရည်းစားဖြစ်အောင် အမျိုးမျိုး ဉာဏ်ဆင်၍ ပြုလုပ်ယူတတ်ကြသော လူယုတ်မာများလည်း ရှိတတ်ပါသည်။

လူယုတ်မာနှင့် အိမ်ထောင်ဖက်ဖြစ်သွားလျှင် ကောန်ပင် ထိုအမျိုးသမီးကို နှိပ်စက်ကာလူ ပြုတော့မည်ကို ဒီမှ မိတ်ဆွေ သိပါက ဝင်ရောက်ကယ်ဆယ်ပါ။ မိတ်ဆွေ ... လျစ်လျူရှု၍ မနေပါနှင့်။ ထိုအမျိုးသမီး၏ အုပ်ထိန်းကြသူ များထံသို့ အလျင်အမြန် အကြောင်းကြားပါလေ ... မိတ်ဆွေ။



www.burmeseclassic.com

www.burmeseclassic.com



## ကံအကြောင်းများ

အို ... ချစ်လှစွာသော မိတ်ဆွေ။

ကံမကောင်း အကြောင်းမသင့်။ ကံမရှိလျှင် ဉာဏ်ရှိတိုင်း မွဲ။ ကံမခိုင် သံတိုင်အိမ်ဆောက်သော်လည်း ကံမှောက်လျှင် ကျိုး ဟု ပညာရှိများ ပြောဆိုကြသည်။ "ကာမာဝစရက" မိမိပြုလုပ်ခဲ့သော ကောင်းမှုများအတွက် အကျိုးပေးခွင့် ပေးချိန်ကို မြတ်စွာဘုရားမှတစ်ပါး အခြား မသိနိုင်ချေ။

ကံကိုလည်း ယုံစွာ:မနေနှင့်။ ဝီရိယကိုလည်း အထူးတွဲ၍ အမြဲအသုံးပြုပါလေ ... မိတ်ဆွေ။

## ချမ်းသာသူကို အလိုရှိတတ်ခြင်း

အို ... ချစ်လှစွာသော မိတ်ဆွေ။

လိုတာမရ၊ ရတာမလိုလည်း ဖြစ်တတ်လေသည်။ မိတ်ဆွေသည် ဆင်းရဲနွမ်းပါးမှု မိတ်ဆွေကြံမည်ဖြစ်သော သူမသည် ကေန် ချမ်းသာကြွယ်ဝသူကိုသာ ကြံလိမ့်မည်။ ဤနေရာတွင် မိတ်ဆွေ သတိပြုပါ။ မိမိစားထိုက်မှ စားရသည်။ မစားထိုက်က အန့်ထွက်တတ်ပါသည်။ ဆင်းရဲသူများနှင့် အလတ်တန်းစားများဖြစ်သော သူမကို ကြံဆောင်ရ၍ ၄င်းတို့ကဲ့သို့ ဆင်းရဲခြင်း အလတ်တန်းစားအခြေအနေမျိုးထဲ



www.burmeseclassic.com

www.burmeseclassic.com



ကပင် မလွတ်နိုင်ဟု မထင်လေနှင့်။ ကံပြုပြင်လာလိမ့်မည်။ ချမ်းသာကြွယ်ဝသော အမျိုးထဲမှ ဆင်းရဲသောအမျိုးလည်း ရှိပါ၏။ ဤနေရာမျိုး၌ တချို့က ဥပမာပေးသည်မှာ အမိ မရှိက ဘုရားကောင်း မပွင့်ဟု ဆိုကြသည်။ ထိုဥပမာသည် ဤနေရာမျိုး၌ သုံးစွဲသည့်စကား မဟုတ်အူး ... မိတ်ဆွေ။

အို ... ချစ်လှစွာသော မိတ်ဆွေ။

မိန်းမထံက ပါသောပစ္စည်းကို စားနေသောသူ၊ အလို ရှိသောသူ၊ အမှီသဟဲပြုနေသော ယောကျ်ားသည် ယောကျ်ား ဟု ခေါ်ရန် မကောင်းတော့ပါ။ ထိုစိတ်မျိုးရှိသော ယောကျ်ား များသည် ကြီးပွားရန် အလွန်ခဲယဉ်းလှသည်ဟု မှတ်သားပါ တော့ ... မိတ်ဆွေ။ အချို့က ဆိုတတ်ပြန်သည်မှာ စလောင်းပဲ့ ချင်း တီး၊ အိုးကွဲချင်းထည့်၊ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်လို့ ဘယ်တော့ဖြစ်နိုင်မည်နည်းဟု ဆို၏။ ထိုဥပမာများသည် ဤ နေရာမျိုးတွင် သုံးစွဲရန် ဥပမာဟု မမှတ်ပါနှင့် ... မိတ်ဆွေ။ အတိုချုပ်မှာ မိတ်ဆွေနှင့်တကွ အားလုံးလူတို့ကို မွေးဖွား လာစဉ်အခါက အဝတ်မပါ ဗလာကိုယ်ထည်း အချည်းနှီးဖြစ်ရှိ မည်သူမှ အဝတ်တန်ဆာဝတ်ပြီး ရွှေ၊ ငွေတို့ကို ကိုင်ဆောင်ပြီး မွေးဖွားလာကြသည် မဟုတ်ပါ။ သတိပြုပါ ... မိတ်ဆွေ။



www.burmeseclassic.com

www.burmeseclassic.com



## တွေးတောကြံဆရန်

အို … ချစ်လှစွာသော မိတ်ဆွေ။

နန်းတော်အတွင်းမှာ ဖွားမြင်မှ နန်းမျိုးနန်းဆက်ဟု တထစ်ချ မမှတ်ပါနှင့်။ တောတွင်းဇနပုဒ်တွင် ဖွားမြင်သော်လည်း၊ နန်းမျိုးနန်းဆက်ဖြစ်ပါသည့် ရာဇဝင် ထင်ရှားရှိ၏။ ကျောက်တွင်းရှိရာမှသာ ကျောက်ကောင်းရတနာ ရသည် မမှတ်ပါနှင့်။ တောကြားတောင်ကြားမှာလည်း ကျောက်ကောင်းရတနာ ပြည်တန်ငမောက်ကိုလည်း ရနိုင်ပါသည်။ မြို့ကြီးပြကြီး ပညာရှိသူခမိန် ထွက်သည်ဟု မမှတ်ပါနှင့်။ တောကျေးရွာငယ် ဇနပုဒ်မှသော်လည်း ပညာရှိသူခမိန် ထွက်ကြပါသည်။ ရာဇဝင်တွင်ကြည့်က တွေ့ပါလိမ့်မည်။

အို … ချစ်လှစွာသော မိတ်ဆွေ။

ကျောက်ကောင်းထွက်သော ကျောက်တွင်းမှလည်း ကျောက်စုန်း၊ ကျောက်ပွဲများလည်း ထွက်တတ်ပါသည်။ အထူးသတိပြုပါ … မိတ်ဆွေ။

## သာဓကပြပုံ တမျှ

ချစ်မိတ်ဆွေ …

လူကို မည်းသည်၊ ဖြူသည် မမြင်ရသော်လည်း ငှင်း



www.burmeseclassic.com

www.burmeseclassic.com



သူ၏ဂုဏ်၊ သူမ၏ဂုဏ်ကို အဖုံဖုံကြားသိနေရသဖြင့်လည်း အခြောက်တိုက် မေတ္တာရှိနေတတ်၏။

(မှတ်ရန်) ဝိဒေဟတိုင်း ကြီးရှင် ဝိဒေဟရာဇ်မင်းကြီးသည် ပဥ္စာလတိုင်းရှင် ဘုရင်စူဠနီ ဗြဟ္မဒတ်မင်းကြီး သမီးတော် ပဥ္စာလစန္ဒီ ချောကြောင်း လှကြောင်းတို့ကို ပျို့ကဗျာ၊ လင်္ကာ သီချင်းရေးတတ်သော ကဗျာဆရာများကို စေရေး၍ ဝိဒေဟရာဇ်တိုင်းသို့ စေလွှတ်ကပြသီဆိုစေ၏။ ၎င်းကဗျာအရ ပဥ္စာလစန္ဒာသူမကို မမြင်ဘဲနှင့် စိတ်စွဲနှင့်ကြိုက်သော ဝိဒေဟရာဇ်မင်းကြီးပုံဝတ္ထုတစ်ရပ်။

အဘိပါရက စစ်သူကြီး၏ဇနီး ဥမ္မာဒန္တီသတို့သမီးသည် သိဝိမင်းကြီးက အပြစ်ဆိုဖူးသည်ကို မခံချင် အလွန်ပင်သင်္ကာဖြေရှင်းလိုသဖြင့် သိဝိမင်းကြီး နက္ခတ်သဘင်အတွက်တိုင်းပြည်လှည့်လည်သောအခါ လှပပြေပြစ်စွာ ဆင်ယင်ပြီးဘုရင်မင်းကြီးကို ရွှေဖလားတွင် မြတ်လေးပန်းတွေ ထည့်၍မင်းကြီးစီးလာသော ရထားထက် ပန်းများဖြင့်ပစ်၍ ညို့ခြင်းကြောင့် သိဝိမင်းကြီး ဥမ္မာဒန္တီကို စွဲ၍ တကတည်း အရူးကြီးဖြစ်ကြောင်း သာဓကတစ်ခု။

ဘုရားလောင်း မဟောသဓာကို သိန်း၊ ဒေဝိန်၊ ကာမိန်း၊ ပက္ကုသ အမတ်ကြီးလေးပါးတို့သည် ဝိဒေဟရာဇ်



www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးကို မဟုတ်မတရား ကုန်းတိုက်သဖြင့် မဟောသဓာကို သတ်စေရန် စီမံအမိန့်ပေးထားရာ မေတ္တာတည်းဟူသော မဟောသဓာ၏ ညှို့ချက်ကြောင့် အသက်မသေ၊ တောရွာ ထွက်၍ အိုးထိန်းသည်ထံ အိုးလုပ်စားနေရာ ထီးချက်စောင့် နတ်သမီးက ပြဿနာကို မင်းကြီးအား မေး၍ မဟောသဓာကို တောင်စမုခ်က ငွေထောင်ထုပ်နှင့် အရှာခိုင်းပြီး နန်းတော် သို့ သွင်းရကြောင်းမှာ "အင်္ဂေါမနေ-ဇီနေကောခံ" ဟူသော ဘုရားအလောင်း၏ မေတ္တာညှို့ကြောင့် ရှေးကထက်ပင် ရာထူး ဌာနန္တရ တိုးတက်ချီးမြှင့်ရသည်မှာ မေတ္တာညှို့ချက်၏ တန်ခိုး ရှိန်စော်အာနုဘော်တည်း။

မိတ်ဆွေ ... ဤကဲ့သို့ မေတ္တာညှို့ယူနည်းများ၏ သာဓကတွေ ရှေးပြရန် အများပင်ရှိပါသည်။

ယခု လောကတွင်လည်း မေတ္တာ၏ အရှိန်အဝါ စင်ကြယ်သော သမာဓိသိက္ခာကြောင့် ရှေးရှေးက ပျံလွန်တော် မူသွားကြသော ဆရာတော်ကြီးတွေ၊ ယခုကျန်ရစ်သော ဆရာ တော်ကြီးတွေ အများအပြားရှိကြ၏။ မလိုချင်လည်း မနေရ။ မိမိမှာ မသုံးစွဲ မစားသောက်ရသော ရွှေ၊ ငွေ၊ ဘဏ္ဍာများကို ဆရာတော်ဘုရားတွေ အတွက် အနောက်ဘက် စစ်ကိုင်းဌာန တွင်ရှိသော တစ်သောင်းကုန်၊ နှစ်သောင်းတန် ကျောင်းကြီး၊



www.burmeseclassic.com

www.burmeseclassic.com



အုတ်တိုက်ကြီး၊ ရေကန်ကြီးတွေ ပေါ်လာကြ၏ မဟုတ်လော။ ဤသည်ကား စင်ကြယ်သော မေတ္တာဘာဝနာ ညှိ၍အဟုန် ကြောင့် အလုံးစုံ သိဒ္ဓိပေါက်သည်ဖြစ်၏။ တန်ခိုးလင်းလျက် ရှိသော မိုးညင်းဆရာတော်ကြီး၏ မေတ္တာကိုကြည့်ပါ။ အလုံးစုံ မေတ္တာတန်ခိုးနှင့် ညှိ၍ခြင်းဖြင့် မည်သူမှ မခံနိုင်။ ထို့ပြင် တစ်ရပ် မန္တလေးတောင် ရသေ့ကိုယ်တော်ကြီး ဦးခန္တီ စီမံ ဖြုလုပ်သော ဘုရား၊ ဇရပ်၊ သံပြာသာဒ်၊ တန်ဆောင်းတော် ကြီးတွေ မရေမတွက်နိုင်သည်ကိုလည်း သိလ၊ သမာဓိ၏ ညှိ၍ယူချက်များပင်ဟု ခေါ်ဆိုရမည် ဖြစ်၏။

## တရားအမှန်လိုရင်းအချက်

အို ... ချစ်လှစွာသော မိတ်ဆွေ။

တရားအမှန်အတိုင်းဆိုလျှင် တစ်ဦးနှင့်တစ်ဦး မေတ္တာ သက်ဝင်၍ အိမ်ထောင်ဖက်ပြုကြလျှင် တစ်ဦး တစ်ဦးနှင့် အထူးကြည်နူး၍ ‘သက်ဆုံးတိုင် ရိုးမြေကျ’ ပေါင်းသင်းကြ မှသာ တရားအတိုင်း လိုရင်းအချက်ဟု မှတ်ပါ။

စိတ်ထွေလာ ဖောက်ပြား တစ်ယောက်ကွာ၊ တစ် ယောက်ယူ၊ မယားကြီး မယားငယ် စသည် အပြုအမူ ဖောက် ပြားခြင်းသည် အလွန် ဆိုးဝါးသဖြင့် အထူးသတိပြု ...

မင်းထက်ရာဇာမေ

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ။ ယောကျ်ားမှာ ဆယ်မယားပင် ယူစေတော့ အခွင့်အရေး သာသေး၏။

မိန်းမများမှာ တစ်လင်ထက် နှစ်လင် ပေါင်းသင်းဆက်ဆံနေရလျှင် ၎င်းတို့မှာ အလွန်အားငယ်ပြီး အများတို့၏ ထင်မြင်သေးသိမ်ခြင်းတို့ကို ခံကြရသဖြင့် အလွန်သနားဖွယ်ကောင်း၏။ ဤနေရာ၌ မညှာတာတတ်၊ မသနားတတ်သော လူယုတ်မာတို့နှင့် တွေ့ကြုံရသော မိန်းမများကို အထူးသနားဖွယ်ရာ ဖြစ်တော့သည် ... မိတ်ဆွေ။

## အောက်ကျ နောက်ကျ ကမောက်ကမ

အို ... ချစ်လှစွာသော မိတ်ဆွေ။

မိတ်ဆွေထက် ပညာလည်း ကြီး၊ ဂုဏ်လည်း ရှိ၊ ပစ္စည်းနှင့်ပြည့်စုံသော အမျိုးသမီးကို မိတ်ဆွေနှင့် အကြောင်းဆက်၍ ပေါင်းဖက်သောအခါ အစစမှာ ၎င်းတို့၏ အောက်ကျနောက်ကျ ကမောက်ကမဖြစ်နေခြင်းအတွက် မိတ်ဆွေအပေါ်၌ ကေန် တင်စီးတော့မည်။ ထင်မြင်သေးသိမ်ခြင်းလည်း ဖြစ်တော့မည်။ လင်မယားကွဲတတ်၏ဟု မှတ်။ မိမိအတန်းအခြေအနေတူ အလတ်တန်းစားရှိသောသူများကို ကြံစည်၍ အိမ်ထောင်ဖက်ပြုခြင်းသည် မိုင်မြဲတည်တံ့တတ်ပါသည် မိတ်ဆွေ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ထောင်ဖက်နှင့် အသက်အရွယ်

အို ... ချစ်လှစွာသော မိတ်ဆွေ။

ယခုသက်တမ်းနှင့် ခေတ်အတိုင်းဆိုလျှင် ယောကျ်ား မှာ ၂၀ နှစ်ကလွန်မှ အိမ်ထောင်ပြုကြရန် သင့်၏။ မိန်းမများ မှာ ၁၇ နှစ်ရှိမှ အိမ်ထောင်ဖက်ပြုကြရန် သင့်၏။ အသက် ငယ်ရွယ်စဉ် အိမ်ထောင်ပြုကြခြင်းသည် နှစ်ဦးစလုံး ဒုက္ခ များတတ်ကြပါသည်။ မိန်းမများမှာ သာ၍ ပိုမိုဒုက္ခများပြီး လျှင် ၎င်းတို့က မွေးဖွားသောကလေးများမှာ ကျန်းမာသန်စွမ်း နိုင်ခဲ၏။ အန္တရာယ်များတတ်၏။ ပျက်ပြားတတ်၏။

အို ... ချစ်လှစွာသော မိတ်ဆွေ အောက်ပါအချက် များကို သတိပြုပါ။

၁။ မိမိထက် အလွန်အသက်ကြီးသူကိုလည်း ရှောင်၊

၂။ မိမိထက် အလွန်အသက်ငယ်သူကိုလည်း ရှောင်၊

၃။ မိမိထက် အဆမတန် အလွန်ချောမွေ့လှပသော မိန်းမ များကိုလည်း ရှောင်၊

အို ... ချစ်လှစွာသော မိတ်ဆွေ။

ထိုသုံးချက်တွင် တစ်ချက်ချက်၌ပါရှိ၍ အခြင်းအရာ နှင့်ပြည့်စုံသောမိန်းမကို အိမ်ထောင်ပြုမိလျှင် ကြာမြင့်စွာ မပေါင်းသင်းရဘဲ မိတ်ဆွေ၏စိတ်တွင် အနှောင့်အယှက်အမျိုး



www.burmeseclassic.com

www.burmeseclassic.com



မျိုးတို့နှင့် တွေ့ကြုံ၍ မိတ်ဆွေ၏အသက်ကို အန္တရာယ်ပြု တတ်၏။

အို ... ချစ်လှစွာသော မိတ်ဆွေ။

ယခုပြဆိုခဲ့သော အကြောင်းတို့ကို ပေါ့ပေါ့ဆဆ သဘောမျိုး မထားလေနှင့်။ လေးလေးစားစား သတိပြုပါလော့။

## သုံးဗျာတ်ငါး အခြေအမြစ်

၁။ စိတ်ထားကြီးမြင့် ထက်သန်ခြင်း

၂။ ဝီရိယကြီးမြင့် ထက်သန်ခြင်း

၃။ ဆန္ဒကြီးမြင့် ထက်သန်ခြင်း

၄။ စူးစမ်းဆင်ခြင်နိုင်သော ပညာကြီးရင့်ခြင်း

စိတ္တသတော ကိႆ နာမကမ္မံန သိဗ္ဗုတိ

ဝီရိယတော ကိႆ နာမကမ္မံန သိဗ္ဗုတိ

ဆန္ဒဝတော ကိႆ နာမကမ္မံန သိဗ္ဗုတိ

ဝီမံသတော ကိႆ နာမကမ္မံန သိဗ္ဗုတိ

ဟု မြတ်စွာဘုရား ဟောတော်မူသည့်အတိုင်း စိတ်၊ ဝီရိယ၊ ဆန္ဒ၊ ဝီမံသနှင့် ထက်သန်စွာ ဆောင်ရွက်သော အရာ ဌာနများသည် မည်မျှခဲယဉ်းစေကာမူ မုချ အောင်မြင်ခြင်းသို့

www.burmeseclassic.com

မင်းလက်ရာစာပေ

www.burmeseclassic.com



ရောက်လိမ့်မည်။ ယုံမှားမရှိလေနှင့်။ မိမိဆောင်ရွက်သော ကိစ္စများသည် ကေန်ဒိဋ္ဌ အောင်မြင်လိမ့်မည်ဟု ယုံကြည်အားထားကြီးမားသောစိတ်ဓာတ်ကို အစဉ်အားထားရမည် ... မိတ်ဆွေ။ ဤစကြဝဠာ လောကမဟာကြီးအတွင်း၌ ရှိရှိသမျှသော အဝိညာဏက၊ သဝိညာဏက သက်ရှိသက်မဲ့ ဟူသမျှတို့ကို ညှို့ဓာတ်နှင့်စီရင်လိုက်လျှင် အကုန်လုံး ယိမ်းယိုင်၍ ပါနိုင်၏။ မိတ်ဆွေ ... စကြဝဠာ ရေ၊ မြေ၊ တော၊ တောင်ကြီးများပင် ဖြစ်စေကာမူ မိမိတို့ ညှို့ဓာတ်နှင့်စီရင်လိုက်လျှင် စကြဝဠာ၊ ရေ၊ မြေ၊ တော၊ တောင်ကြီးများတို့သည် မိမိ၏ စက္ကူရိပ်တွင် ငြိမ့်မခံ ချက်ချင်း ဖောက်ထွင်းပြီး မျက်မှောက်သို့ ရောက်လာနိုင်၏ဟု မှတ်ပါ ... မိတ်ဆွေ။ သို့အတွက် စိတ္တ၊ ဝီရိယ၊ ဆန္ဒ၊ ဝီမံသ လေးဝသောတရားတို့ကို မနားမနေ စိတ်အားထက်သန်စွာ ရှိပါစေ။

## မိမိချစ်သော သူမင်္ဂလာကိုယ်နှင့် မျက်နှာကို ကြည့်၍ ညှို့နည်း

မိတ်ဆွေ ...

ကြည့်သောအခါ လွန်စွာစိုက်၍လည်း မကြည့်လေနှင့်။ မထီလေးစား ပေါ့ပျက်ပျက် ပြောင်လှောင်လိုသော ဓိဝိဓာတ်မျိုးနှင့်လည်း မကြည့်လေနှင့်။ သူတစ်ပါး ရိပ်မိအောင်



www.burmeseclassic.com

www.burmeseclassic.com



လည်း မကြည့်လေနှင့်။ အလွန်စင်ကြယ်သော မေတ္တာတရား နှင့်သာ ကြည့်၍ ညှို့ရမည် ... မိတ်ဆွေ။

၁။ မုချ ငါ၏စကားကို နားထောင်ရမည်။

၂။ မုချ ငါချစ်သလို ချစ်ရမည်။

၃။ မုချ ငါမေတ္တာရှိသလို ရှိရမည်။

၄။ မုချ ငါမေတ္တာဖြူစင်သကဲ့သို့ ဖြူစင်ရမည်။

၅။ မုချ ငါတို့အလိုသို့ လိုက်ရမည်။

မိမိနှင့် ရင်ဆိုင်တွေ့သောအခါ ဖြစ်စေ၊ လူချင်း မတွေ့ သော်လည်း အဝေးမှဖြစ်စေ ညှို့လေ ... မိတ်ဆွေ။

ချစ်လှစွာသော ... မိတ်ဆွေ။

မိမိချစ်သောသူမသည် မိမိပြောသမျှကို လိုက်နာ၍ ညှို့ဓာတ်မိကြောင်းကို သိရန်မှာ ရှေးကကဲ့သို့ ရဲတင်းကာ ဒိုက်ဆွေကို စကားမပြောဝံ့ခြင်း၊ ရှက်ကြောက်မှုရာမာယာ တောမှ ...င်းနှုတ်သွက်ခြင်း ...ရှိတော့ချေ။

ကိုယ်...န်လက်ဟန် တစ်မျိုးပြောင်းပြီး လက်ကိုင်ပဝါ ဖြင့်လည်းကောင်း၊ စောင်ထဘီတို့ဖြင့်လည်းကောင်း ကိုယ်ကို ဖုံးအုပ်ခြင်း စသည့် အမူအရာ ကွဲပြားလာသောအခါ မိတ်ဆွေ၏ ညှို့မေတ္တာသည် သူမ၌ စွဲကပ်လေပြီဟု မှတ်လေ ... မိတ်ဆွေ။ မတရားသောစိတ် မရှိလေနှင့်။ အစဉ်သဖြင့် ဖြူဖွေးသော



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရှိပါစေ။ ဖောက်ပြားသောစိတ်မျိုး ဝင်စားလာလျှင် ညို့ဓာတ်ပျက်ဇာတ်သည်ဟု မှတ်လေ ... မိတ်ဆွေ။ ညို့ဓာတ် အောင်မြင်ပြီဟု ဇက်ရဲခြင်းလည်း မရှိလေနှင့်။ ငါ၏ညို့ဓာတ် ခိုင်လုံလောက်ပြီဟု ဒိဋ္ဌစိတ်ချယုံကြည်၍ ထင်မြင်သောအခါ မိတ်ဆွေ တတ်နိုင်သံလို ပြုလုပ်နိုင်တော့ပြီ ... မိတ်ဆွေ။

## မိန်းမတို့၏ ဣန္ဒြေ ရွှေပေးလို့မရ

မိန်းမတို့ဣန္ဒြေ ရွှေပေးလို့မရ ဟု ရှေးရိုးစကား ကြားဖူးလေသည်။ မိန်းမများသည် မိမိတို့ အရွယ်ရောက်၍ အပျိုဖြစ်လာသည့်အခါ အပြောအဆို, အနေအထိုင်, အသွားအလာ တို့၌ ဣန္ဒြေသိက္ခာကို ရှိနိုင်သလောက်ရှိရမည် ဆိုလိုရင်းပင် ဖြစ်လေသည်။

ဣန္ဒြေသိက္ခာရှိခြင်းသည် အကောင်းဆုံးပင်ဖြစ်သော်လည်း လွန်ကဲစရာဖြစ်အောင် ဣန္ဒြေသိက္ခာလုပ်ခြင်းကိုလည်း ရှောင်သင့်လေသည်။ အခွင့်အရေးကိုကြည့်၍ အကြောင်းကိစ္စအားလျော်စွာ ပြောသင့်ပြောထိုက်၊ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သော ကိစ္စများကိုလည်း လိုက်လျောစွာ ပြုလုပ်ထိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချို့မှာ ယောကျ်ားကို မြင်လိုက်သည်နှင့်တစ်ပြိုင်နက် တိမ်းရှောင်ပုန်းအောင်းနေတတ်သည့်အပြင် လမ်းခရီး၌ ယောကျ်ားများနှင့် တွေ့သောအခါ ဘုန်းကြီးအရိပ်ကို ရှောင်သကဲ့သို့ ထွက်ပြေးတိမ်းရှောင်သည်ကိုလည်း များစွာတွေ့ဖူးလေသည်။

ယောကျ်ားနှင့် မိန်းမများသည် တစ်ဦးနှင့်တစ်ဦး အကြောင်းကိစ္စ ရောင်းရေးဝယ်တာ အလုပ်ကိစ္စ စသည်တို့အတွက် ပြောဆိုတိုင်ပင် နီးနှောသင့်ပေသည်။ ထိုကဲ့သို့ နီးနှောပြောဆိုခြင်းအတွက် တစ်ဦး၏သဘောထားကို တစ်ဦးက သိပြီးလျှင် အမှားအမှန်ကို ကြိုတင်ပြီး သိရှိနိုင်လေသည်။ အချို့မှာ ယောကျ်ားဆို "ကျားလို" ကြောက်ပြီး အတွေ့မခံ၊ လက်ခံပြောဆိုခြင်းမရှိ။ အဖက်မျှမတန်သည့်သဘောမျိုးနှင့် နေခြင်း[illegible]သည် မိန်းကလေးများ နှစ်နာတတ်လေသည်။ အချို့သော ယောက[illegible]များသည် မာ[illegible]ကြီးသည်ဟု ယူဆပြီး မရ၊ရအောင် အမျိုးမျိုး ဥာဏ်ဆင်၍ ရအောင်ယူပြီး နှိပ်စက်ညှဥ်းပန်းခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး ကွဲကြသည်ကိုလည်း တွေ့ဖူးလေသည်။ လူ့ဘွဲ့ကြီးလွန်းသဖြင့် "အပျိုကြီး" ဘဝနှင့် အချိန်ကုန်ဆုံးရခြင်း၊ ရသင့်ရထိုက်သောသူနှင့် မရဘဲ မရသင့် မရထိုက်သောသူများနှင့် တွေ့ကြသည်ကိုလည်း များစွာတွေ့မြင်ဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မိန်းမတို့ကူညွှေ့ ရွေးပေးလို့မရ' ဆိုသောစကားကို ထောက်ပြီး လူများ ရှုံ့စရာဖြစ်အောင် ကူညွှေ့မလုပ်ထိုက်ကြောင်းကို သတိပေးအနေဖြင့် ဖော်ပြခြင်းပင် ဖြစ်လေသည်။

## မိန်းမက ယောကျ်ားကို ညှို့နည်း

(ယောကျ်ားများက မိန်းမများကို ညှို့နည်းအတိုင်း ညှို့လေ)

ကြုံ့ကြုံ့ထိုင်ပြီးလျှင် လက်နှစ်ဖက်ကို ပေါင်ပေါ်ယှက် တည်ကြည်သော စိတ်ထား။

ဆိုရန်စကား ...

ရတနာသုံးပါး အမြဲကိုးကွယ်ပါ၏။ ကံငါးပါး အမြဲရှောင်ပါ၏။ သို့မဟုတ် မိမိရှောင်သောကံများကို ထည့်၍ဆို၊ မေတ္တာတရား အမြဲပွားများပါ၏။

အကျိုးကြောင့် ရန်ကုန်မြို့ ...၊ လမ်း ....၊ အိမ်နံပါတ် ...၊ တိုက်နံပါတ် .... နေ၊ ဦး ... ဒေါ် ....တို့၏ သားကြီး၊ အလတ်၊ အငယ်၊ အကြီးဖြစ်လျှင် အကြီး၊ အလတ်ဖြစ်လျှင် အလတ်၊ ဥပမာ-ကိုသိန်းဟန်ကို ကျွန်မ သိန်းသိန်းက မေတ္တာသက်ဝင်၍ ကျွန်မ၏ မေတ္တာ ချစ်လှစွာသော ကိုသိန်းဟန်ထံ လွှတ်လိုက်ပါသည်။ ကိုသိန်းဟန်တို့ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ တစ်အိမ်သားလုံး ကျန်းမာပါစေ၊

မင်းသက်ရှာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာပါစေ၊ ကျွန်မသည် ကိုသိန်းဟန်အား ချစ်ပါ၏။ ကျွန်မ စွဲလမ်းသကဲ့သို့ ကျွန်မကို မေတ္တာသက်ဝင်၍ စွဲလမ်းပါစေ။ ကျွန်မသည် ကိုသိန်းဟန်ကို အမှန်တကယ် မေတ္တာရှိသဖြင့် ကျွန်မသည်သို့ မည်သည့်ကံများကို မကျူးလွန် ရှောင်ကြဉ်ပါ၏။ ဤသစ္စာ မှန်ကန်ပါလျှင် ကိုသိန်းဟန် သိပါစေ၊ မြင်ပါစေ၊ ကျွန်မကို စွဲပါစေ၊ ချစ်ပါစေ။ ကျွန်မ၏သစ္စာ အနှောင့်အယှက် မရှိစေဘဲ ဤမေတ္တာတန်ခိုးဖြင့် ချစ်သူကို ... ထံ ရောက်စေ၊ ရောက်စေ၊ ရောက်စေ။

အို ... ချစ်လှစွာသော မိတ်ဆွေ။

ထိုသစ္စာကို တိုင်တည်၍ ညို့။ တစ်နေ့လျှင် တစ်ကြိမ် ညည့် (၉)နာရီအချိန်တိတိ ညို့၍လွှတ်လေ။ (၇)ရက်စေ့သော အခါ ချစ်သူမ၏ ညို့ခတ်သစ္စာသည် အောင်မြင်ပြီဟု မှတ်။ ချစ်သူမ-ဤညို့သစ္စာသည် အလွန်အဖိုးတန်သည်၊ မြင့်မြတ်သည်ဟု မှတ်။ မလေးမစား၊ ပေါ့ပေါ့ဆဆ မရှိလေနှင့်။ ချစ်သူမ၏ စောင့်ထိန်းသော ကံငါးပါးထဲမှ ကံငါးပါးစလုံး ဖြစ်စေ၊ (သို့မဟုတ်)ထိန်းသိမ်းသော ကံလေးပါးဖြစ်စေ၊ သုံးပါး ဖြစ်စေ၊ တစ်ပါး၊ နှစ်ပါး ဖြစ်စေ ကေန် မှန်ကန်လျှင် ကေန် အောင်မြင်ရမည်။ ဥပမာ-ကျွန်မသည် သူတစ်ပါး၏ အသက်



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်အခါမှ သေစေလိုသောစေတနာနှင့် မသတ်ပါ။ သူ တစ်ပါး၏ပစ္စည်းကို မည်သည့်အခါမှ မခိုးမဝှက်ပါ စသည့် ကံငါးပါးကို ဆိုလိုရင်းဖြစ်သည်။

မိမိ၏ညို့ဓာတ်ကို ညို့ပြီးသည့်နောက် ချစ်သူမထံသို့ ချစ်သူက လာသည်ဖြစ်စေ၊ သို့မဟုတ် ထိုချစ်သူနှင့် လမ်းခရီး မှာဖြစ်စေ၊ ပွဲလမ်းသဘင်မှာဖြစ်စေ၊ ဘုရား စသည် သွားလာ သည့်အခါမှာဖြစ်စေ၊ ရုတ်တရက် တွေ့ဆုံသောအခါဖြစ်စေ၊ ချစ်သူမ၏ မျက်နှာထား ပြုပြင်ပြောင်းလွဲရန် လိုပေသည်။ ချစ်သူမ နောက်ကကြည့်ကဲ့ပြီးသော မိန်းမမာယာ (၄၈)အနက် မှ နံပါတ် (၃၃)၊ (၃၄)၊ (၃၅)အရ စာပါအတိုင်း ပြုလုပ်ပြ သင့်လေသည်။ ၎င်းပြသခြင်းကို ချစ်သူမ၏ချစ်သူက ငါ့ကို မေတ္တာရှိသည် ကေန်ပင် သိပါလိမ့်မည်။

အုပ်ထိန်းသူများနှင့်အတူ သွားလာရသဖြင့် အုပ်ထိန်း သူများ မသိစေခြင်းလည်း ရှိကြလေသည်။ ထိုချစ်သူကို မိမိက ချစ်ပါသည်၊ မေတ္တာရှိပါသည်ဟု သိစေပြီးနောက် မိမိတို့ အိမ်သို့အပြန်တွင် ချစ်သူယောကျ်ား ပါလာစေလိုလျှင် ဖြစ်တော့ မည့်အမူအရာကို ပြပြီးနောက် အလှမ်း(၂၀)လောက် တစ်ကြိမ်စီ နောက်၌ရှိသူ ချစ်သူအား လှည့်၍ မသိမသာကြည့်ပြီး ခေါင်း ညိတ်၍ ညို့ယူသွားပါလျှင် မိမိနေသောအိမ်ရှေ့အထိ လိုက်၍ လာလိမ့်မည်ကို ယုံမှားမရှိလေနှင့်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ တစ်ဦးနှင့်တစ်ဦး မေတ္တာရှိကြောင်း သိပြီးက စာပေးရန် ယောက်ျားကပင် ကြံစည်ပြုလုပ်လာလိမ့်မည်။ ထိုချစ်သူယောက်ျားက စ၍ စာပေးလာလျှင် ၎င်းစာသွားစာလာကိုကြည့်၍ မနိမ့်မမြင့် အလယ်အလတ်စားအနေမျိုး စာပြန်ပေးလေ၊ စာပေးစာယူ နမူနာပါပြီးဖြစ်၍ လွယ်ကူလေပြီ။

ချစ်သူမ မိန်းကလေးများမှာ ပစ္စည်းနေ ကြွယ်ဝသည်ကို အရေးမကြီးလှပါ။ အရေးအကြီးဆုံးက အိမ်မှုကိစ္စဝတ်ဝန်များကို လုံခြုံခြင်း၊ အနေအထိုင် ပိုပြားကျစ်လျစ် သိမ်မွေ့ခြင်း၊ အသုံးအစွဲ လက်မဖွာစေဘဲ စည်းမျဉ်းကျနစွာ ရှိခြင်းတို့ကို ချစ်သူမ၏ ချစ်ယောက်ျား သိပါစေ။ ချစ်သူယောက်ျားနှင့် တွေ့ဆုံသောအခါဖြစ်စေ၊ စာပေးစာယူ လုပ်သောအခါဖြစ်စေ၊ ချစ်သူမယောက်ျား၏အပေါ်၌ စီးနင်းပြီး ပြောဆိုရေးသားခြင်း မရှိလေနှင့်။ အလွန်အောက်ကျပြီးလည်း မပြော၊ မရေးလေနှင့်။ အလယ်အလတ်စား အနေအထားမျိုးမှနေ၍ ပြောဆိုရေးသားလေ။ ထိုကဲ့သို့ အုပ်ထိန်းကြသူ အမိအဖ မသိစေဘဲ သမီးရည်းစား ဖြစ်ပြီးလျှင် ယောက်ျား၏အလိုသို့ လိုက်လျောပြီး နှစ်ဦးသဘောတူ ထွက်ပြေးတိမ်းရှောင်ခြင်းကိုလည်း မပြု ထိုက်ပေ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အုပ်ထိန်းသူများ အသိပေးပြီး နှစ်ဦးနှစ်ဖက် သင့်သလို စီမံ၍ ထိမ်းမြားခြင်း ရှိစေရမည်။ ယောကျ်ား၏ အတွင်းအပြင်၊ စိတ်သဘောထား၊ အိမ်တစ်ဆောင်မီးတစ်ပြောင်နှင့် ထားနိုင် မထားနိုင်၊ မလွဲတမ်း စိတ်ချ ဒိဋ္ဌသိရလျှင် မတားမြစ်လို တော့ပေ။ သင့်သလို စီမံလေတော့ ... ချစ်သူမ။

## လူပျိုကြီးကိုမိုးလိုလည်း အကျိုးမလွဲစေနှင့်

မန္တလေးမြို့၊ အနောက်ပြင်အရပ်တစ်ရပ်တွင်နေသော လူပျိုကြီးကိုမိုးသည် မယားမရနိုင်တဲ့အတွက် အသိမိတ်ဆွေ အပေါင်း ယောကျ်ားမိန်းမတို့က 'လူပျိုကြီးလာပြီ' 'လူပျို ကြီးလာပြီ' ဟု ပြောင်လှောင်သရော်ကစားကြသည်ကို မခံချင် သောစိတ် ဖြစ်လာပြီး 'ငါတော့ မိန်းမယူမှပဲ၊ မိန်းမ မယူဘဲ နေလျှင် သည်လိုချည်း အခေါ်ခံရမှာပဲ' ဟု တွေးတောပြီးလျှင် အိမ်ထောင်ဖက်ရှာရန် ထွက်လာသတဲ့။

မန္တလေးတောင်ပြင်အရပ်နေ ငယ်သူငယ်ချင်း ဆေး ဆရာတစ်ဦးထံသွားပြီး ...

"သူငယ်ချင်းရယ်၊ ငါ့မှာ မိန်းမ မရှိလို့ အရပ်ထဲက နေ့စဉ်လို ပြောင်နေကြတယ်ကွယ့်၊ ငါကလည်း ရတာမှ လိုတာမရ ဆိုသလို ဖြစ်နေတော့ ငါလိုချင်တဲ့ ဟိုမိန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ရအောင်ကြံပေးစမ်းပါကွယ်''ဟု ပြောလေရာ ဆေးဆရာက ရှမ်းပြည်က ပြန်အလာ ရှမ်းဘုန်းကြီးက ပီယလက်ဖွဲ့ ၊ ကို စီရင်ပေးလိုက်သဖြင့် …

ဆေးဆရာ။ ။ ကိုင်း-သူငယ်ချင်းမောင်မိုး၊ မင်း ကနေ့လာတာ ကံကောင်းတာပဲ။

လူပျိုကြီး ။ ။ ဘယ်လိုကံကောင်းတာလဲ သူငယ်ချင်းရဲ့၊ ပြောစမ်းပါဦး။

ဆေးဆရာ။ ။ မင်းက မိန်းမလိုချင်တယ်ဆို၊ မင်းလိုချင်တာက ရုပ်ချော၊ ဉစ္စာပေါ၊ အပြောလိမ္မာ၊ အိမ်ပါ၊ အမေနှင့်တဲ့ ဆိုတာလို မဟုတ်လား။

လူပျိုကြီး ။ ။ ဟီးဟီးဟွီး … မှန်လိုက်တာ သူငယ်ချင်းရယ်၊ လုပ်စမ်းပ၊ မင်းကို မမေ့ပါဘူး။

ဆေးဆရာ။ ။ သည်လိုကွယ့်၊ ငါ အရင် ရှမ်းပြည်သွားတုန်းက ရှမ်းဘုန်းကြီးတစ်ပါးနှင့်တွေ့တော့ ပီယဆေးနည်းကိုတောင်းရာ ရှမ်းဘုန်းကြီးက ပီယလက်ဖွဲ့ (၃)လုံးကို စီရင်ပေးလိုက်တယ်။ မင်းလိုချင်တဲ့မိန်းမကို ရှမ်းဘုန်းကြီးဝါတ်ဖွဲ့တန်ခိုးဖြင့် ဘယ်လွတ်နိုင်မလဲ … သူငယ်ချင်းရယ်။

မင်းလက်ရှာတာပဲ

www.burmeseclassic.com

www.burmeseclassic.com



လူပျိုကြီး ။ ။ ဟာန်လိုက်လေ သူငယ်ချင်းရယ်၊ ဟို ပွဲစားကြီးသမီးကိုပဲ လိုချင်တာပဲ၊ ဘယ်လိုလုပ်ရမယ်ဆိုတာ ပြောစမ်းပါ။

ဆေးဆရာ။ ။ ဟောသည်လက်ဖွဲ့ (၃)လုံးကို ယူသွား၊ တစ်လုံးကို ပါးစပ်ထဲမှာ ငုံထား၊ (၂)လုံးကို တစ်ဖက်တစ်လုံးမှာ ဆုပ်ပြီး အဝတ်အစားကို စတိုင်ကျကျဝတ်၍ ဂိုက်ထွားထွားနှင့် မိန်းမရှိရာသို့သွားပြီး မင်းကိုမြင်သောအခါ 'ပွဲစားကြီးသမီး ကြင်ရာသက်ထား ငါ့မယား' ဟု အသံကျယ်ကျယ်နှင့် (၇)ခေါက်ဆိုပြီး လက်နှစ်ဖက်တန်း၍ ဖနောင့်နှင့် မြေကြီးကို (၇)ကြိမ် ညာဘက်ခြေဖြင့် ဆောင့်၊ ပြီးတော့ မိန်းမကိုကြည့်၊ မိန်းမက မင်းကိုကြည့်၍ ပြုံးလျှင် မင်းကို ကြိုက်ရော၊ (၇)ရက်စေ့သောအခါ မင်းခေါ်ရာသို့ လိုက်လိမ့်မည်။

လူပျိုကြီး ။ ။ နိပ်လိုက်တာ သူငယ်ချင်း၊ မင်းရော ရှင်ဘုန်းကြီးဝါ ငါကန်တော့ပါမယ်၊ ယခုသည်း မင်းအလိုရှိတာကို ပြောပါ။

**မင်းလက်ရာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာ။ ။ သူငယ်ချင်းရယ် … အပိုမလိုချင်ပါဘူး။ လက်ဖွဲ့ (၃)လုံးအတွက် ငွေ ၅၀ ကျပ်သာ ပေးသွားပါတော့။ နောင်ကို ကျေးဇူးသိလျှင် ပြီးတာပဲ။

လူပျိုကြီး ။ ။ ရော့ ရော့ … သူငယ်ချင်း၊ ငွေ ၅၀ ကျပ် နည်းပါသေးတယ်၊ အားလည်းနာရဲ့။ ဟဲဟဲ- သွားလိုက်ဦးမယ် … သူငယ်ချင်းရေ၊

လူပျိုကြီးကိုမိုးသည် ဆေးဆရာသူငယ်ချင်း ပြော သည့်အတိုင်း နောက်တစ်နေ့တွင် မိမိချစ်ကြိုက်နေသော ပွဲစား ကြီးသမီးအိမ်ဘေးသို့ သွားပြီး

"ပွဲစားကြီးသမီးအကြီး ကြင်ရာသက်ထား ငါ့မယား" ဟု (၇)ကြိမ်တိုင်တိုင်ဆို၍ လက်နှစ်ဖက်တန်းပြီး ဖနောင့်နှင့် မြေကို (၇)ကြိမ်ဆောင့်သောအခါ ပွဲစားကြီးသမီးအကြီးက ပြတင်းပေါက်က မြင်လို့ 'ဟိုလူဟာ-ဘာများဒေါသကြီးနေ ပါလိမ့်'ဟု ကြည့်ပြီး အနည်းငယ်ပြုံး၍ လက်တစ်ဖက်ဖြင့် ပါးစပ်ကို အသာပိတ်ပြီး အိမ်ထဲသို့ ဝင်သွားသည်ကို လူပျို ကြီးကိုမိုး မြင်လိုက်သဖြင့် …



www.burmeseclassic.com

www.burmeseclassic.com



"ဟန်လိုက်လေလကွာ၊ တယ်စွမ်းတဲ့ ဆေးပဲ၊ တစ်ကြိမ်တည်းရှိသေးတယ်၊ (၇)ကြိမ်ဆိုလျှင် ပြတင်းပေါက်က ကျွမ်းပြန်ကျလာမှာ မြင်ယောင်သေးတယ်"

အလွန်သဘောကျပြီး ရှမ်းဘုန်းကြီးကို ရှိခိုးသတဲ့။ 'ဘုန်းကြီးရှမ်းဆရာ ကျန်းမာပါစေ'ဟု ဆိုပြီး လက်အုပ်ချီ၍ ရှိခိုးသည်ကို လမ်းသွားလမ်းလာ လူအများက 'သည်လူဟာ ရုပ်ရည် သပ်သပ်ရပ်ရပ်နှင့် စိတ်မကောင်းရှာပဲကိုး' ဟု တွေးတောကာ ကြည့်သွားကြသတဲ့။

ဤကဲ့သို့ ဆက်ခါဆက်ခါ ပြုလုပ်နေသည်သာမက "ကြင်ရာသက်ထား ငါ့မယား"ဟု (၇)ကြိမ်ဆိုနေသည်ကို ပွဲစားကြီးက မြင်လည်းမြင်၊ ကြားလည်းကြားတော့ 'သည် အကောင် တယ်စော်ကားပါလား၊ ငါ့သမီးကို ရက်ရက်စက်စက် သူ့မယားတဲ့၊ အိမ်နီးချင်း သက်သေထားပြီး ရုံးမှာ တရားစွဲမယ်' ဟု သက်သေထား၍ ပုဒ်မ-၅၀၀ အသရေဖျက်မှုနှင့် တရားစွဲဆိုရာ တရားသူကြီးက . . .

"မောင်မင်းသည် သူများသမီးပျိုကို ငါ့မယားဟု ပြောဆိုသည်ကို သက်သေလုံလောက်သဖြင့် ဒဏ်ငွေ ၃၀၀ ဆောင်စေ၊ မဆောင်နိုင်ပါက အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၂)နှစ် ကျခံစေ"ဟု အမိန့်ပေးလိုက်ရာ လူပျိုကြီးကိုမိုးသည်



www.burmeseclassic.com

www.burmeseclassic.com



အတန်ငယ်ဝေးနေပြီး 'တယ်စွမ်းတဲ့ ရှမ်းလက်ဖွဲ့၊' (၃)လုံးမို့ တော်ပါသေးရဲ့၊ လက်ဖွဲ့ (၁၀)လုံးဆိုလျှင် တစ်သက်တစ်ကျွန်း တော့ သွားမှာပဲ' ဟု ရုတ်တရက် နှုတ်မှထွက်သွားရာ ရုံး၌ ရှိကြသောသူတို့က ဝါးခနဲဆို ရယ်မောကြသတဲ့။

မိတ်ဆွေတို့ ...

ထို့ကြောင့် ပိမိအကြံအစည်ကို လျှို့ဝှက်နိုင်သလောက် လျှို့ဝှက်ပြီး ပြုလုပ်ပါ။ ပိမိအကြံအစည်ကို သိသွားပါက မိတ်ဆွေကို ထင်မြင် သေးသိမ်၍ တန်ဖိုးမှေးမှိန်တတ်လေသည်။

၁။ လူမျိုး အစားစားရှိတတ်လေသည်။ အချို့လူများမှာ ရိုးလည်းရိုး၊ ကြောက်လည်းကြောက်တတ်သည်ကို တွေ့ဖူး၏။

၂။ အချို့လူများမှာ အလွန်နှုတ်သရမ်း၊ ပရမ်းပတာ၊ အတင်းအဓမ္မ မကြောက်မရွံ့ ရှိတတ်သည်ကိုလည်း တွေ့ဖူး၏။

၃။ အချို့လူများမှာ မိန်းမမျက်နှာကို ရဲရဲမကြည့်ဝံ့၊ အလွန် ရှက်ကြောက်တတ်သည်ကိုလည်း တွေ့ဖူး၏။

မင်းလက်ရာတစေ

www.burmeseclassic.com

www.burmeseclassic.com



၄။ အချို့လူများမှာ မိမိအလိုရှိ ဖွဲ့လမ်းတာနှင့် ရှက်ရမှန်း ကြောက်ရမှန်း မသိ။ စဉ်းစားဆင်ခြင်ခြင်း မရှိ။ စိတ်ထင်မြင်ရာ လုပ်တတ်သည်ကိုလည်း တွေ့ဖူးသည်။ သိပ်သိပ်သည်းသည်း၊ ပိပိပြားပြား၊ ဣန္ဒြေရရနှင့် လူသိမခံဘဲ တစ်ယောက်တည်းကြံခြင်းသည် အဖိုးတန်လှ၏။ အရှက်အကြောက်မရှိ လူရမ်းများနှင့် ညှို့တတ်နည်းသည် အတော်ပင် ကွာဝေးတတ်သည်ဟု မှတ်လေ ... မိတ်ဆွေ။

BURMESE CLASSIC

## ညှို့တတ်နှင့် စီရင်နည်း

"အို ... ချစ်လှစွာသော မိတ်ဆွေ။

မိန်းမများ နေထိုင်ရာအရပ်၊ အိမ်၊ တိုက်၊ ခြံတို့၌ အချို့မိန်းမများမှာ အိမ်တွင်းပုန်းများလည်း ရှိတတ်သည်။ အချို့မှာ အိမ်၏အပြင်ဘက်၊ ခြံအတွင်း စသည်တို့ကိုလည်းကောင်း၊ ပွဲလမ်းသဘင်များသို့လည်းကောင်း မကြာခဏ သွားတတ်၊ ထွက်တတ်၊ နေတတ်ကြ၏။ အိမ်တွင်းပုန်းများလည်း ရှိကြသဖြင့် တစ်နေ့လုံးမှာ တစ်ခါမျှလောက်သာ မြင်ရတွေ့ရတတ်သည်။ ညှို့တတ်နှင့်စီရင်လျှင် သာ၍မြန်တတ်သည်ဟု မှတ်လေ ... မိတ်ဆွေ။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ-မိတ်ဆွေ နှစ်သက်မြတ်နိုးသော အမျိုးသမီးကို မိတ်ဆွေ ညို့ဓာတ်နှင့်စီရင်တော့မည်ဖြစ်ရာ ဆိုခဲ့ပြီးသော သစ္စာများကို ပျက်သည်, မပျက်သည်ကို သတိပြု။ သစ္စာမပျက် မှန်ကန်လျှင် နောက်က ပြခဲ့သည့်အတိုင်း ထိုအမျိုးသမီး၏ အကြည့်ကို စောင့်၍ လက်ညှိုးကို မသိမသာ ဟန်ဆောင်၍ ကိုယ်ယောင်ပြုပြု။ ၎င်းက မိတ်ဆွေ၏ ပြုမူချက်ကို ပြန်၍ ပြုလုပ်ပြတတ်သည်။ မိမိတို့ မေတ္တာသက်ဝင်ပုံ၊ မသက်ဝင်ပုံတို့ကို နောက်က ပြဆိုခဲ့သည့်အတိုင်း သတိပြု။ ထိုအမျိုးသမီးသည် မိတ်ဆွေကို ကြည့်လိမ့်မည်။ ကြည့်သောအခါ မိတ်ဆွေ၏ မျက်စိသည် တည်တည်ကြည်ကြည်ထား၍ မျက်နှာရွှင်ပြုံးစွာဖြင့် မျက်စိချင်းဆုံမိသောအခါ မိတ်ဆွေ၏ မျက်တောင်ကို မခတ်နှင့်။ ၎င်းက မျက်နှာလွှဲသွားမှသာ မိတ်ဆွေ၏မျက်တောင်ကို ခတ်ပါ။ ထိုကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်ကြသောအခါ မိတ်ဆွေ၏စိတ်ဓာတ်ဖြင့် ကျွန်ုပ်သည် ဖြူစင်သော မေတ္တာနှင့် နှမကို ချစ်ပါသည်။ ကျွန်ုပ် ချစ်သကဲ့သို့ နှမကလည်း ချစ်ပါဟု အခါခါအောက်မေ့ပြီး ညို့။ နောက်ဆုံးတွင် နှမ ကျန်းမာချမ်းသာပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကျန်းမာစေဟုလည်း မေတ္တာဓာတ်နှင့်ညို့။

မင်းသက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဒုတိယအကြိမ် ညှို့နည်း

မိတ်ဆွေသည် မိမိအိမ်သို့ ပြန်ရောက်သောအခါ နောက်က ပြဆိုခဲ့ပြီးသော ညှို့မေတ္တာသစ္စာအတိုင်း ညဥ့် (၉) နာရီအချိန်တိတိလောက်တွင် သစ္စာပြု ညှို့။ (၇)ရက်တိုင်တိုင် ညှို့ပါ။ မိတ်ဆွေညှို့လိုက်သော အချစ်မေတ္တာသည် မိတ်ဆွေ၏ ချစ်သူထံ ကေန်ရောက်လိမ့်မည်။ မရောက်မရှိဘူး ဟူ၍များ မထင်လေနှင့်။

BURMESE CLASSIC

**မှတ်ချက်။** လူ့ပြည်က လူသားများကို မဆိုထားဘိ၊ လူ့ပြည်မှ လူသားက မေတ္တာဓာတ်ဖြင့် ပို့လိုက်လျှင် 'အကနိဋ္ဌ' ဗြဟ္မာ့ဘုံတိုင် ရောက်၏ဟု မှတ်ပါ။ လောကဓာတ်ဖြင့် ဝိုင်ယာလက်ကြေးနန်းတို့နှင့် တစ်မြို့တစ်ပြည်သို့ စကားကမ်းလှမ်း ပြောကြရာ၌ ဓာတ်ပျက်သောအခါ မရောက်နိုင်ရှိလိမ့်ဦးမည်။ မေတ္တာဓာတ်က ဘယ်အခါမှ မပျက်နိုင် မရောက်ဘဲ မရှိနိုင်ပါ မိတ်ဆွေ။ ရေ၊ မြေ ပိုင်းခြားတစ်မြို့တစ်ရွာစီ ဖြစ်ငြားသော်လည်း ၄င်းအတိုင်းသာ ညှို့လေ။



www.burmeseclassic.com

www.burmeseclassic.com



## တတိယအကြိမ် ညှိနည်း

ပထမအကြိမ် ညှိ၍ ဒုတိယအကြိမ် ညှိပြီးလျှင် မိတ်ဆွေ၏ညှိခုတ်တတ် အောင်ပြီဟု မှတ်။ သို့သော် တတိယ အကြိမ် ထပ်၍ညှိဦးလော့။

အို ... ချစ်လှစွာသော နှမ။

BURMESE CLASSIC

ကျွန်ုပ်မေတ္တာ ခိုဖ်မာ၏။ နှမ မေတ္တာခိုင်မာစေတည်တံ့ ပါစေ။ ကျွန်ုပ်သည် ချစ်နှမအပေါ်မှာ ဘယ်အခါမှ အချစ် မေတ္တာ မပျက်သကဲ့သို့ နှမကလည်း မပျက်လေနှင့်။ ကျန်းမာ ပါစေ၊ ချမ်းသာပါစေ၊ မေတ္တာခိုင်မြဲစေ၊ စွဲစေ ဟု နံနက် (၇)နာရီတိတိအချိန် ညှိ၍လွှတ်။ အနည်းဆုံး (၃)ရက်လွှတ်။ (၇)ရက်တိတိ လွှတ်က သာ၍ကောင်း၏။

အို ... ချစ်လှစွာသော မိတ်ဆွေ။

မိတ်ဆွေ၏ ညှိခုတ်တတ် အောင်ပြီဟု မှတ်။ ထိုကဲ့သို့ ညှိမ..၍ အောင်မြင်သောအခါ ငွေထံ စာပေးရန် လိုပြန်၏။ အောင်သွယ်လ..က်စာက သာ၍ကောင်း၏။ စာမတတ်သော် ငွေနှင့်အလွန်ရင်းနှီးသော မိန်းမကိုရှာ၍ နားသွင်းလေ။ အပြော နိုင်းလေ။ စာပေးခြင်းသည် များစွာလို၏။ စာထဲ၌ ပစ္စည်း အတွက်ကို ဘယ်အခါမှ ထည့်၍မရေးလေနှင့်။ ရောက်ကျ လွှန်းလည်း မရေးလေနှင့်။ မိန်းမအခြေအနေ စိတ်ထားကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်၍ ရေးသားပါ။ သနားအောင်ရေးခြင်းသည် မလွတ်နိုင်ဟု မှတ်လော့။ စာရေးပြရန်အတွက် သိမ်ဖျင်းသော်လည်း မထူးတော့ပြီဖြစ်၍ အောက်နမူနာစာပိုဒ်ကို ရေးပြလိုက်အံ့။ စာရေးသောအခါ စာရွက်၊ စာအိတ်များမှာ အစုတ်အပြတ် အစွန်းအပေ မရှိစေနှင့်။ ရေမွှေးများ ဆွတ်ဖျန်းပေးပါက သာ၍ကောင်း၏။ လက်ရေးမှာ ရှုပ်ရှုပ်ထွေးထွေး အဖျက်များ မပါလေနှင့်။ လက်ရေးကောင်းက သာ၍ကောင်း၏။ စာထဲ၌ အဓိပ္ပာယ် ရှုပ်ရှုပ်ထွေးထွေး မရေးလေနှင့်။

ချစ်သူထံက ဓာတ်ပုံကိုဖြစ်စေ၊ သို့မဟုတ် လက်ကိုင်ပဝါကိုဖြစ်စေ ရထားရန် အရေးကြီး၏။ မိမိဘက်သို့ လျှင်မြန်စွာ ပါတတ်သည်။ စာရေးနည်း၊ စာမပြန်ဘဲ မနေနိုင်သော စာပေးနည်းကား အရေးကြီး၏။

ရေးရန် နမူနာ ...

အချစ်ဦးသို့ ...

ချစ်လှစွာသော အချစ်ဦးထံသို့ မောင့် မေတ္တာလွှာသဝဏ်ကို ဆက်သွင်းလိုက်ပါသည်။ ယခုကဲ့သို့ လွှာသဝဏ်ကို ဆက်သွင်းခြင်းအတွက် မောင့်အပေါ် အပြစ်မထားပါနှင့်။ နှမအား အချစ်မေတ္တာတို့ တားဆီး



www.burmeseclassic.com

www.burmeseclassic.com



ဖျက်၍မရခြင်းအတွက် စွန့်စား၍ ဤလွှာသဝဏ်ကို ရေးသားလိုက်ပါသည်။

မောင်သည် နှမအပေါ်၌ ဖောက်ပြားခြင်း မထား။ ဖြူစင်သောမေတ္တာကို အစဉ်ထားခြင်း အတွက် မောင်ကဲ့သို့ပင် ဖြူစင်သောမေတ္တာ ရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ မောင်သည် ရတနာသုံးပါး ဦးထိပ်ထား၍ တရားအမြဲ စောင့်ထိန်းပါသည်။ မောင်၏ အကျင့်စာရိတ္တ အလုပ်အကိုင်တို့ကို နှမ သိပါလိမ့်မည်။ မောင်သည် နှမကို တွေ့မြင်နေသော နေ့ရက်ကစ၍ တစ်နေ့ထက်တစ်နေ့ ဒီရေတိုးသလို မေတ္တာမိုးကြီး ရွာသွန်းနေသဖြင့် မနေနိုင်ပါသော ကြောင့် မောင်ကဲ့သို့ပင် နှမကလည်း မေတ္တာမိုး ရွာသွန်းလိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်ပါသည်။ မောင့်ကို ချစ်နှမက ဇာပြန်လိုက်လျှင် ဘယ်လောက် များ ငမ်းမြောက်လိမ့်မည်ကို ချစ်နှမ မြင်စေချင်ပါ သည်။ အကယ်၍ မောင့်အပေါ် မေတ္တာမိုး ရွာသွန်း လိုက်လျှင် နှမ၏ အကျိုးအမျိုးမျိုးတို့ကို ဆောင်ရွက် ပြီး ချစ်နှမ စိတ်ဆင်းရဲစရာခို ဘာတစ်ခုမျှ လုပ်။ ယုယုယယနှင့် ရာသက်ပန် ရှိးမြေကျ တစ်မျိုးအခြေ



www.burmeseclassic.com

www.burmeseclassic.com



လှအောင် သဘောအစဥ် ထားပါမည်။ မောင်သည် ကျေးဇူးရှင်အမိအဖများနှင့် အစ်ကို၊ အစ်မ၊ မောင်ဘွား များတို့ကိုလည်း မြတ်နိုးရှိသေပါ၏။ မြတ်နိုးရှိသေ ရန်လည်း အစဥ်ရှိပါလိမ့်မည် ချစ်နှမရယ်။ မောင် ချစ်သလို ချစ်လိမ့်မည်ဟု ယုံကြည်တာပဲ။ အကယ်၍ နှမက စာမပြန်ဘဲ ထားပါမူ မောင် စိတ်ဒုက္ခအမျိုး မျိုးဖြင့် တွေ့ကြုံရတော့မည်။ စာမပြန်ဘဲနေလျှင် မောင့်အပေါ် မေတ္တာမရှိတော့ဘူးဟု ယူဆရမည့် အပြင် နှမမှာ အချစ်တွေ့ပြီဟု အောက်မေ့ရပါတော့ မည်။ မောင့်ထက် အချစ်ဦးများ တွေ့နေလျှင် မောင် ယခုရေးမိတဲ့စာ လွန်မိ၍ တောင်းပန်ပါသည်။ အပြစ် မထားပါနှင့်။ မောင် အမျှားကြီးကိုယ်ချင်းစာပါသည်။ နှမ၏အချစ်ဦးသည် မောင်၊ ပထမပဲဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် နေရပါတော့သည် ... ချစ်လှစွာသော အချစ်ဦး။

အို ... ချစ်လှစွာသော မိတ်ဆွေ။

အထက်ပါနမူနာစာပိုဒ်ကို ရေးပြခြင်းသည် မိန်းမ (၇)မျိုးတို့တွင် မည်သည့်မိန်းမမျိုးကိုမဆို ပေးနိုင်သောစာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ထိုစာအရ စာမပြန်ဘဲ မနေနိုင်တော့ပေ။ အကြောင်း မပြန်ဘဲ မနေနိုင်။ အမျိုးသမီးထံက စာပြန်သောအခါ အလိုက်သင့် ရေးသားရန် အလွန်လွယ်ကူလေပြီ။ ဦးစွာပထမ၌ ဘယ်လိုပင် ချစ်သော်လည်း ချစ်လှပါတယ်၊ မေတ္တာရှိလှပါတယ်ဟု ဘယ်တော့မှ ရေးသည်ကို မတွေ့ဘူးပေ။ အသက်ငယ်ပါသေးတယ်, ဘာအတွက်, ညာအတွက်တို့ကြောင့် တောင်းပန်ပါတယ် စသည်ဖြင့် ဦးစွာ စာပြန်တတ်သည်။ ရေးသားရန် လွယ်ကူပြီး သီမီးရည်းစား စာပေးရာ၌ လုံးထပ်နဘောထပ်တို့ကို မရေးလေနှင့်။ စကားပြေသက်သက်သာ ရေးပါ။ ရည်းစားနာမည်ကို ရေးရာ၌ ရိုးရိုးနာမည်အတိုင်း မရေးလေနှင့်။ ဥပမာ–မညွှန့်မေ၊ မသန်းခင် ဆိုလျှင် ညွှန့်ညွှန့်ထံ, ညွှန့်ညွှန့်ရယ်၊ သန်းသန်းထံ, သန်းသန်းရယ် စသည်ဖြင့် ရေးသားခြင်းသည် ညှို့ခတ်တစ်ခုဟု မှတ်ပါ ... မိတ်ဆွေ။

အို ... ချစ်လှစွာသော မိတ်ဆွေ။

ညှို့ခတ်ပေါက်ပြီး တစ်ဦးနှင့်တစ်ဦး မေတ္တာမျှကြသောအခါ ထိမ်းမြားမင်္ဂလာ သို့မဟုတ် နှစ်ဦးသဘောတူ တိမ်းရှောင်မှုတို့မှာ မိတ်ဆွေတို့တာဝန် ဖြစ်တော့သဖြင့် မိတ်ဆွေ တတ်နိုင်သလို ပြုလေတော့။



www.burmeseclassic.com

www.burmeseclassic.com



## ယောက်ျားဖြစ်သူ၏ မိမိငနီးကို ညှိနှိုင်းနည်း

အကြင်လင်နှင့်မယားဘဝသို့ ရောက်ရှိနေကြသော သူတို့မှာ မကွဲမပြား သက်ဆုံးတိုင် ပေါင်းသင်းနေထိုင်သွားကြမှသာ အများတို့ ချီးမွမ်းခြင်းရှိလိမ့်မည်။ မိန်းမများသည် လင်ကို အမှီပြုနေသူများဖြစ်၏။ လင်၏အလိုသို့ အစဉ်လိုက်တတ်လေသည်။ အချို့မှာ မယားကောင်းရပါလျက် ယောက်ျားဖြစ်သူ၏ အုပ်ချုပ်ပုံမကောင်း၊ ဖောက်ပြားခြင်း၊ မယား၏ အလိုသို့ မလိုက်ခြင်း၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့အတွက် အချို့မှာ နောက်မီးလင်းခြင်း၊ လွတ်လပ်စွာ ထွက်သွားခြင်း ပြုတတ်လေသည်။

အချို့ယောက်ျားတို့၏သဘောမှာ အရေးမကြီး၊ အဟောင်းသွားက အသစ်လာ ဆိုသလို နောက်တစ်ယောက် ယူမည်ဟု ရှိတတ်၏။ ယောက်ျားဖြစ်သော်လည်း တစ်မယားထက် နှစ်မယားပြောင်းရသော် လူအများ၏ ထင်မြင်သေးသိမ်မည်။ လောကားသုံးထစ်ဆင်းက လူပျို့ဟု ဆိုရိုးပြုနေကြသည်မှာ လူပေါ့လူပျက်တို့ပြောသော စကားဟု မှတ်ရန်သင့်ကြောင်း။

ဥပမာ ။ ။ မိမိ၏ ဇနီးသည်သည် မိမိကို စွဲလမ်းစွာ သွေး

နိုင်၊ မခွာရက်ဖြစ်အောင် သက်ဆုံးတိုင် စွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ကွယ်လွန်ပြီး နောက်နောင် သတိရ လွမ်းဆွတ်အောင် ညှို့နည်း။

၁။ မိမိ၏ ဇနီးနာမည်မှာ မခင်မေ ဆိုပါတော့။ ၎င်း၏ အမည်ကို ခေါ်သောအခါ 'ခင်ခင်၊ ခင်ခင်ရေ' စသည် ဖြင့် ခေါ်ခြင်း။

၂။ မိမိ၏ဇနီး၌ သဘောမကျသည်ကို တွေ့မြင်လျှင် ဒေါသနှင့် ပြောဆိုခြင်းမပြုဘဲ ချိုသာစွာ အကျိုးသင့် အကြောင်းသင့်ဖြင့် ပြောဆိုဆုံးမခြင်း။

၃။ တစ်လ တစ်ကြိမ်၊ နှစ်ကြိမ် ဆိုသလို ရုပ်ရှင်၊ သဘင် များသို့ အတူသွားလာကြည့်ခြင်း။

၄။ အဝတ်အစား အဆန်းများပေါ်လျှင် ဝယ်ယူ၍ပေးခြင်း၊ ဇနီးဘက်က မိဘ၊ မောင်ဘွား၊ ဆွေမျိုးများတို့ကို လည်း ကူညီထောက်ပံ့၍ သင့်မြတ်စွာ ပေါင်းသင်း ခြင်း။

၅။ တစ်ခါတလေ နှစ်ယောက်ချင်း အတူနေကြသောအခါ မှတ်သားစရာ ပုံပြင်ဝတ္ထုကလေးများကို ပြောဆိုခြင်း။

၆။ သူများတန်းတူဆိုသလို နေနိုင်စားနိုင်အောင် ထားခြင်း။

၇။ လောင်းတန်းကစား၊ နောက်မယားယူ၊ အပျော်အပါးကို ရှောင်ခြင်း။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်မိတ်ဆွေ …

အဆိုပါ (၇)ချက်အတိုင်း မိတ်ဆွေ၏ဇနီးကို ညှို့ထားပါလျှင် မိတ်ဆွေ ဘဝကူးပြီးနောက် ဇနီးသည် အသက်ရှင်သမျှ မိတ်ဆွေအား မမေ့တော့မည်မဟုတ်တော့ပေ။ လင်မယားကွဲရန် အဘယ်မှာ ရှိအံ့နည်း။

မိတ်ဆွေက သားမယားအပေါ် တော်သလို ထား၍ ကွယ်ရာတွင် စိတ်ထင်သလို နေထိုင်ပါလျှင် ဇနီးဖြစ်သူမှာ စိတ်ညစ်ပြီး လင်မယားကွဲပြားရန် အကြောင်းများ ဖြစ်ပေါ်လာတတ်သည်ဟု မှတ်လေ … မိတ်ဆွေ။

## တိရစ္ဆာန်ကို ညှို့နည်း

ညှို့တတ်သည် လူကို မဆိုထားဘိ၊ တိရစ္ဆာန်များကိုပင် ညှို့ထားပါက သခင်ကို အမြဲရှိသေပြီး ခင်မင်ခြင်း ရှိလေသည်။ အိမ်၌မွေးထားသော ခွေး၊ ကြောင်တို့ကို သခင်က အချိန်မှန် အစာ၊ ရေ၊ အိပ်ရာ စသည်ပေးပြီး ယုယုယယ လုပ်ထားပါလျှင် သခင်ကို များစွာချစ်ပြီး ခိုင်းစေသမျှ ပြုလုပ်တော့သည်။ ဟဲ့ ခွေး၊ ဟဲ့ ကြောင်၊ တိရစ္ဆာန်တွေ ပုတ်လိုက်ရိုက်လိုက် လုပ်ပါလျှင် အိမ်မှာနေတော့မည်မဟုတ်။ လင်သောရာ သွားနေတတ်၏။ မည်သည့်တိရစ္ဆာန်မျိုးကိုမဆို ညှို့တတ်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ညှို့ထားပါလျှင် နိုင်းစေသမျှ ရတော့သည်ဟု မှတ်လေ မိတ်ဆွေ။ အနောက်နိုင်ငံသားတို့၏ အပြုအမူကို ကြည့်လေ။

## ငနီးပြစ်ချက ဗိမိယောက်ျားကို ညှို့နည်း

ချစ်သူမ ယောက်ျားများကိုလည်း မိမိဇနီးက အစစ ပြုစု၊ လင်ဝတ္တရား မလစ်ဟင်းအောင် ပြုစုညှို့ထားပါလျှင် ယောက်ျားဖြစ်သူသည် ဘယ်လိုပင် လော်မာသောင်းကြမ်း နေထိုင်သော်လည်း ကြင်ရာသက်ထား တစ်မယားသာ အောက်မေ့ပြီး ကွယ်ရာတစ်ပါး ဖောက်ပြားခြင်းရှိလိမ့်မည် မဟုတ်ချေ။

၁။ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း ယောက်ျားသား ရှာဖွေ ရသော ပစ္စည်းဥစ္စာ၊ ရွှေ၊ ငွေ စသည်တို့ကို ကုန် သင့်မှ ကုန်၊ သိုထားသိမ်းဆည်းခြင်း။

၂။ ယောက်ျား၏နာမည်ရင်း မခေါ်ဘဲ 'အစ်ကိုရယ်၊ အစ်ကိုရယ်' ဟု ခေါ်ခြင်းသည်လည်း ညှို့ဓာတ်စကား ပင် ဖြစ်ခြင်းအတွက် ပိုမိုပြီး မေတ္တာသက်ဝင်တတ် ခြင်း။

၃။ မိမိယောက်ျား ကြိုက်တတ်သည့် အစားအသောက် များကို ဂရုစိုက်၍ ပြုစုကျွေးမွေးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



၄။ တစ်ခါတလေ မိမိယောကျ်ားအတွက် လုံချည်၊ အင်္ကျီ စသည့် အဆင်ဆန်းတို့ တွေ့က ဝယ်ယူထားပြီး လူများရှေ့တွင် ကိုကိုနှင့်တော်လို့ ကျွန်မ ဝယ်ထားလိုက်တယ်၊ သိပ်လိုက်တာပဲ၊ ကြည့်လို့ တစ်မျိုးယဉ်သည့် လှသည်ဟု မသိမသာပြောဆိုခြင်း။

၅။ ညဉ့်အိပ်ရာဝင် ဝတ်ကြီးဝတ်ငယ် ပြုစု နှိပ်၍ပေးခြင်း။

၆။ မိမိကိုယ်ကာယမှာ စင်ကြယ်သန့်ရှင်း၊ သပ်သပ်ရပ်ရပ် အသင့်အတင့် ဝတ်စားထားခြင်း။

၇။ ယောကျ်ားဘက်မှ မိဘအမျိုးအဆွေများတို့ကို ကူပံ့ထောက်ပင့် သင့်တင့်အောင် ပေါင်းသင်းခြင်း။

၈။ ယောကျ်ား၏ အဝတ်အစားများကို သိမ်းဆည်း၍ အလုပ်သွားချိန်တွင် အသင့်ထားခြင်း။

၉။ တစ်ခါတလေ ရာဇဝင်နိပါတ်များကို ပြောပြစမ်းပါ ကိုကိုရယ် စသည်ဖြင့် ပြောဆိုခြင်း

ချစ်သူမက အဆိုပါ (၉)ချက်တို့ကို မိမိယောကျ်ားအပေါ်၌ အစဉ်ညှိထားပါလျှင် ဘယ်သောအခါမှ ချစ်သူမကို မပစ် နိုင်ဟု မှတ်လိုက်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## ယောက်ျားများက မိန်းမများကို
## (ဂ)ပါးသောအကြောင်းတို့ဖြင့် ညှို့ဖွဲ့ထားခြင်း

၁။ ရူဋ္ဌေနွ

သနားကြင်နာ သူ့စိတ်ပါအောင် မာယာလှည့်သွင်း ငိုယိုခြင်းဖြင့် ပုရိသ-ယောကျ်ားသည်၊ ကုဏ္ဍိ-မိန်းမကို၊ ဗန္ဓတိ-မရှောင်မကွင်းနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားလေ၏။

၂။ ဟသိတေန

သနားကြင်နာ သူ့စိတ်ပါအောင် မာယာလှည့်သွင်း ရွှင်ပြုံးခြင်းဖြင့် ပုရိသ-ယောကျ်ားသည်၊ ကုဏ္ဍိ-မိန်းမကို၊ ဗန္ဓတိ-မရှောင်မကွင်းနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားလေ၏။

၃။ ဘဏိတေန

သနားကြင်နာ သူ့စိတ်ပါအောင် မာယာလှည့်သွင်း မက်လောက်အောင် တီတီတာတာ ပြောဆိုခြင်းဖြင့် ပုရိသ-ယောကျ်ားသည်၊ ကုဏ္ဍိ- မိန်းမကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားလေ၏။

မင်းလက်ရာစာပေ
www.burmeseclassic.com

www.burmeseclassic.com



၄။ အာကာဓမ္မေန

ဝတ်စားတန်ဆာ ကိုယ်မှာ လွှမ်းခြုံ အမှုပုံဖြင့် ပုရိသ-ယောကျ်ားသည်၊ ဣတ္ထိ- မိန်းမကို၊ ဗန္ဓတိ- ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားလေ၏။

၅။ ဝနဘင်္ဂေန

တောလည်သွားရာ ရခဲ့ပါသော ရောင်ဝါပြိုးပြောင် ပန်း, သစ်သီး အစရှိသော လက်ဆောင်ပဏ္ဏာဖြင့် ပုရိသ-ယောကျ်ားသည်၊ ဣတ္ထိ- မိန်းမကို၊ ဗန္ဓတိ- ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားလေ၏။

၆။ ဂန္ဓေန

ကြိုင်သင်းပျံ့ပျံ့ မွှေးရနံ့ဖြင့် ပုရိသ-ယောကျ်ားသည်၊ ဣတ္ထိ- မိန်းမကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



၇။ ရှုံသေန

ချီချဉ်ဆိမ့်အီ အလီလီသော အာသာဖြင့် ပုရိသ-ယောကျ်ားသည်၊ ဣတ္ထိ- မိန်းမကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားလေ၏။

၈။ ဖဿသေန

နူးညံ့သိမ်မွေ့ ကိုယ်အတွေ့ဖြင့် ပုရိသ-ယောကျ်ားသည်၊ ဣတ္ထိ-မိန်းမကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားလေ၏။

ဗန္ဓာ-မငဲ့မကွက် ထွက်မပြေးနိုင်အောင် ညှို့၍ တုပ်နှောင်ဖွဲ့ချည်မိကြကုန်သော သတ္တာ-လူအရပ်ရပ်၊ နတ်အဖြာဖြာ၊ သတ္တဝါဟူသမျှတို့သည်၊ သုဗန္ဓနိယော-နောက်နောင်အခါ မေတ္တာမဝင် ကြင်နာမဖက် မငဲ့ကွက်ဘဲ ရက်စက်စိမ်းကား ရှောင်ရှားရပ်ဝေး မထွက်ပြေးနိုင်အောင် ညှို့ချုပ်ကောင်းလှဖြင့် 'ဩဘိ' ပိုင်ပိုင်ထိထိ မိချက်အနာဆုံး ဖြစ်ကြရကုန်တော့သည်သာလျှင်တည်း။

မင်းယက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မိန်းမများက ယောကျ်ားများကို
## (ဂ)ပါသော အကြောင်းတို့ဖြင့် ညှို့ဖွဲ့ထားခြင်း

၁။ ရုဓေ္ဓန

သနားကြင်နာ သူ့စိတ်ပါအောင် မာယာလှည့်သွင်း ငိုယိုခြင်းဖြင့် ဣတ္ထိ-မိန်းမသည်၊ ပုရိသ-ယောကျ်ားကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားတတ်၏။

၂။ ဟာသိတေန

သနားကြင်နာ သူ့စိတ်ပါအောင် မာယာလှည့်သွင်း မက်လောက်အောင် ပြုံးရွှင်ခြင်းဖြင့် ဝါ မာယာတန်ခိုး ကြာအမျိုးမျိုးဖြင့် ဣတ္ထိ-မိန်းမသည်၊ ပုရိသ-ယောကျ်ားကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်း ညှို့ကာ ချည်နှောင်ထားတတ်လေ၏။

၃။ ဘဏိတေန

သနားကြင်နာ သူ့စိတ်ပါအောင် မာယာလှည့်သွင်း ခင်လောက်မက်လောက်အောင် တီတီတာတာ အပြောဖြာ



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ပြောဆိုခြင်းဖြင့် ဣဋ္ဌ-မိန်းမသည်၊ ပုရိသ-ယောကျ်ားကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားတတ်လေ၏။

၄။ အာကပ္ပေန

ဝတ်စားတန်ဆာ ကိုယ်မှာ လွှမ်းခြုံ မူရာတစ်ဖုံ အလုံးစုံဖြင့် ဣဋ္ဌ-မိန်းမသည်၊ ပုရိသ-ယောကျ်ားကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားတတ်လေ၏။

၅။ ဝနဘင်္ဂေန

တောလည်သွားရာ ရခဲ့ပါသော ရောင်ဝါပြိုးပြောင် ပန်း၊ သစ်သီး စသော လက်ဆောင်ပဏ္ဏာများဖြင့် ဝါ မြို့ရွာလှည့်ကာ ရခဲ့ရာ၍ ပိုက်ဆံဒင်္ဂါး သတင်းကြားနှင့် စဉ်းစားဝယ်လာ အဖြာဖြာသော လက်ဆောင်ပဏ္ဏာဖြင့် ဣဋ္ဌ-မိန်းမသည်၊ ပုရိသ-ယောကျ်ားကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားတတ်လေ၏။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၆။ ဂန္ဓေန

ကြိုင်သင်းပျံ့ပျံ့ မွှေးရနံ့ဖြင့် ဝါ နံ့သာသနပ်ခါး ပေါင်ဒါများသုံး အော်ဒီကလုံး စသော ရနံ့မွှေးထုံ အလုံးစုံဖြင့် ဣတ္ထိ-မိန်းမသည်၊ ပုရိသ-ယောကျ်ားကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားတတ်လေ၏။

၇။ ရသေန

ကိုယ်တိုင်ပြုဖြင် ကြော်ကင်ချက်ပြုတ် အဟာတ်ကောင်းစွာ အရသာဖြင့် ဣတ္ထိ-မိန်းမသည်၊ ပုရိသ-ယောကျ်ားကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားတတ်လေ၏။

၈။ ဖဿေန

နူးညံ့သိမ်မွေ့ ကိုယ်အတွေ့ဖြင့် ဝါ ပျော့ပျော့ပျောင်းပျောင်း ဖွံမ်း, စီပေါင်းပမာ ချောညက်စွာမွေ့၊ ကိုယ်အတွေ့ဖြင့် ဣတ္ထိ-မိန်းမသည်၊ ပုရိသ-ယောကျ်ားကို၊ ဗန္ဓတိ-ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ ချည်နှောင်ထားတတ်လေ၏။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဗန္ဓာ-မငဲ့မကွက် ထွက်မပြေးနိုင်အောင် အတင်းညှို့ကာ တုပ်နှောင်ဖွဲ့ချည်ခြင်းကို မိကြကုန်သော သတ္တာ-လူ အရပ်ရပ်၊ နတ်အဖြာဖြာ၊ သတ္တဝါ ဟူသမျှတို့သည်၊ သုဗန္ဓတ္တိ ယေဝ-နှောက်နှောင်အခါ မေတ္တာမဝင် ကြင်နာမဖက် မငဲ့ကွက် ဘဲ ရက်စက်စိမ်းကား ရှောင်ရှားရပ်ဝေး မထွက်ပြေးနိုင်အောင် ညှို့ချက်ကောင်းလှသဖြင့် 'ဩဘာ' ပိုင်ပိုင်ထိထိ မိချက်အနာခံ့း ဖြစ်ကြရကုန်တော့သည်သာလျှင်တည်း။

## ချစ်လျက်နှင့် ကွေကွင်းနေရသူများ

အို ... ချစ်လှစွာသော မိတ်ဆွေ။

တစ်ဦးနှင့်တစ်ဦး မေတ္တာမျှ၍ ပေါင်းသင်းဆက်ဆံပြီးမှ တစ်ခုခုသောအကြောင်းကြောင့် ကွေကွင်းနေရလျှင် မိတ်ဆွေ တကယ်ပြန်၍ အလိုရှိက အောက်ပါအတိုင်း ညှို့ပါ၊ ... ပထမ ဘယ်အတွက် ကွဲရသည်ကို ရှာပါ။ ထို အကြောင်းကြောင့် သိရလျှင် ထိုကွဲရသောအကြောင်းကို တရား အတိုင်း ဖြစ်ပါစေ။ ဥပမာ-မိတ်ဆွေ ... မိတ်ဆွေသည် လခ (၆၀)ကျပ် ရ၏။ ရသောလခ (၆၀)ကို မိမိဇနီးအား အကုန်မပေးဘဲ (၂၀)မျှ ပေး၍ ကျန်ငွေ (၄၀)သည် မိတ်ဆွေ ၏ အကြံရှိရာကို သုံး၏။ ထိုကဲ့သို့ ပိုက်ဆံအပေးနည်း၍ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှင့်တစ်ယောက် အချင်းများခြင်းနှင့် သောက်စားမူးယစ် အပျော်များခြင်း၊ လောင်းတန်းကစားခြင်းအတွက်ကြောင့်ဟု ဆိုလျှင် ထိုအကြောင်းတို့ကို မိတ်ဆွေ တရားအတိုင်းစောင့်၍ သဘောမကျသော အချက်တို့ကို ယနေ့ကစ၍ ပယ်ပါ။ ပယ် ကြောင်းကိုလည်း မိတ်ဆွေ၏ချစ်သူ သိပါစေ။ သိပြီးနောက် အောက်ပါအတိုင်း ညှို့ဓာတ်လွှတ်ပါလေ ... မိတ်ဆွေ။

ရှေးဦးအတိုင်း ည၌ (၉)နာရီအချိန် သို့မဟုတ် နံနက် (၇)နာရီအချိန်တွင် တစ်ယောက်တည်း တင်ပလ္လင်ခွေထိုင်ပြီး ကျွန်ုပ်နှင့် မေတ္တာမျှခဲ့ဖူးသူ မြို့ ...၊ လမ်း ...၊ နံပါတ် .. တွင် နေထိုင်သော ... သိစေ၊ မြင်စေ။ ကျွန်ုပ်သည် ... ကို မမေ့မလျော့ပါ။ မေတ္တာစွဲမြဲပါသည်။ ကျွန်ုပ် မေတ္တာရှိ သကဲ့သို့ မေတ္တာရှိပါလေ။ ကျန်းမာပါစေ၊ ချမ်းသာပါစေ။ ကျွန်ုပ်တို့အချစ်ကြားတွင် ဝင်ရောက်နှောင့်ယှက်သူတို့ကိုလည်း ကျွန်ုပ်သည် မေတ္တာပွားပါ၏။ ကျန်းမာပါစေဟု (၇)ရက်တိတိ ညှို့ဓာတ်လွှတ်။ (၇)ရက်နေ့လျှင် ချစ်သူထံ သွား၊ အကျိုးသင့် အကြောင်းသင့် သိပါစေ၊ မလွဲတမ်းဟု မှတ်လေ။ ,

မှတ်ချက်။ စာပေးလိုက ပေး၊ စာပေးရန် လွယ်သဖြင့် မရေးတော့ပြီ။ မိတ်ဆွေ၏ ဉာဏ်စွမ်းဖြင့် ရေးလေတော့ ... မိတ်ဆွေ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အရောင်းအဝယ်ညှိနှိုင်း

မိတ်ဆွေတို့ …

မိမိတို့ ရောင်းဝယ်ဖောက်ကား ကုန်များအတွက် ရောင်း၍စွန်မှ အမြတ်ရ၍ စိတ်ပျော်လက်ပျော် ရှိကြမည် မဟုတ်လော။ သို့အတွက် မိမိရောင်းဝယ်ဖောက်ကားသော ကုန်ကို စွံရန် အောက်ပါညှို့ဓာတ်ကို စီရင်ကြလော့။

မိတ်ဆွေတို့ …

မိတ်ဆွေတို့ ရောင်းဝယ်ဖောက်ကားသော မည်သည့် ကုန်စည်မျိုးမဆို ဆိုင်ရာဆိုင်ရာ သေသပ်စွာထားရှိ၍ ဖုံအညစ် အကြေး မရှိစေရဘဲ ဝယ်သူမြင်ရန် ကောင်းစွာ ဗန်းပြ၍ထား ရမည်။ ဝယ်ယူမည့်သူသည် မိမိထံ လာရောက်က ရှေးဦး ပထမ ငွေသူကို မေတ္တာစိတ်များစွာနှင့် ငါသည် ငွေဝယ်သူ အပေါ်မှ ရမှရစေဟု သဘောမထားဘဲ ဆွေမျိုးရင်းချာကဲ့သို့ ချစ်ခင်ခြင်းမေတ္တာနှင့် အသင့်အတင့် အမြတ်ကိုသာ ယူမည်ဟု စိတ်ကို ပိုင်းဖြတ်ပြီး ထားရှိစေရမည်။

ဈေးဝယ်သူကို ချစ်ခြင်းမေတ္တာနှင့်ညှို့၍ ချိုသာစွာ ပြောဆိုလက်ခံပြီးမှ အလိုရှိရာများ ပြသရမည်။

မိမိတို့ကုန်အတွက် တစ်ခုလျှင် မိမိက (၂)ကျပ်ဆိုရာ ဝယ်သူက (၁)ကျပ် ဆစ်သော်လည်း စိတ်မဆိုး၍ မရနိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း မေတ္တာနှင့်သာ ပြောရမည်။ ဆစ်သူက မရမက ဆစ်လျှင် အမြတ်မရှိပါဟု ကျိန်တွယ်၍ မမှန်စကား မုသား မပြောရ။

အချို့ကုန်သည်များမှာ ဘုရားစူး၊ မိုးကြိုးပစ်၊ လူ့ဘာတုံး၊ လူညွန့်တုံးရစေရဲ့ ဟူ၍ တစ်သက်တာတွင် အနည်းငယ် အမြတ်ကလေးအတွက် ရက်ရက်စက်စက် ကျိန်တွယ်ခြင်းသည် များစွာရှိင်းစိုင်း စက်ဆုပ်ဖွယ်ကောင်း၏။

မှတ်ချက်။ မည်သည့်အခါမှ မကျိန်နှင့်။ ကျိန်ပြောသော သူများသည် မိမိသစ္စာမရှိဘူးဟု ဝန်ခံသည်နှင့် တူလှ၏။

အို ... ချစ်မိတ်ဆွေ။

မိတ်ဆွေတို့ ရောင်းချသော ကုန်များအတွက် သစ္စာရှိစွာနှင့် တစ်ခွန်းတည်းပြော၍ ရောင်းလျှင် သာ၍ကောင်း၏။ ဈေးပိုပြောပြီးမှ တစ်စတစ်စ လျှော့လာခြင်းသည် မမှန်ကန်ကြောင်း ကိုယ်တိုင်ဖော်ပြသည်နှင့် တူ၏။ မေတ္တာနှင့်သာ မှန်ကန်စွာ ညှို့။ ဤတစ်ကြိမ် မညှို့လျှင်လည်း နောင် မှန်ကန်တည်ကြည်ကြောင်း အားလုံးသိသောအခါ ဝယ်သူကပွဲ၍ သွားကြမည်မဟုတ်ချေ။ တစ်ယောက်စ တစ်ရာဆိုသလို



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတို့ တည်ကြည်ရိုးဖြောင့်ကြောင်း ထင်ရှားလာလျှင် ပထမတစ်ယောက်သောသူက နောက် တစ်ရာမကသော လူပေါင်းများစွာကို တစ်ဆင့်ပြောလတ္တံ့။ (မတရားလုပ်လိုက်လျှင်လည်း ထိုနည်းအတူပင် မှတ်။)

ဈေးမှာ တစ်ခါတည်း အမြတ်များများရခြင်းထက် အမြဲအမြတ်ရသည်ကို မြင်ကြလော့။ မြန်မာလူမျိုးများ တစ်ခွန်းတည်းပြော၍ ရောင်းချတတ်သော အလေ့အထ နည်းကြသေး၏။ သို့ရာတွင် ကုန်တိုက်ဆိုင်ကြီး၊ ကုမ္ပဏီကြီး စသောဌာနများမှာမူကား တစ်ခွန်းတည်း နှုန်းကပ်စာများနှင့် စီမံထားလေသည်။

ဤကဲ့သို့ နှုန်းသေချာစွာ ကပ်ထားခြင်းသည် အလွန်ကောင်း၏။ စကားလည်း များများမပြောရ။ ဝယ်လိုက ဝယ်ယူရန်၊ မဝယ်လိုက မဝယ်ရန် (၂)လမ်းသာ ဖြစ်၏။

အချို့က 'မှသားမပါ လက်ာမချော' ဟူ၍ ပြောတတ်ကြ၏။ ဤစကားသည် ဈေးရောင်းရာ အလုပ်လုပ်ရာတွင် သုံးစွဲသောစကား မဟုတ်ချေ။ လူတစ်ဖက်သား များစွာနစ်နာမည့်အရေးအတွက် ဥပါယ်တံမျဉ်အားဖြင့် စပ်ကြားကပရိယာယ်ဆင်၍ ပြောလိုက်သည့်အလျောက် ချမ်းသာလွှင့်မြောက်ရသည်ကို စွဲ၍ပြောသော 'မှသားမပါ လင်္ကာမချော' စကား ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေတို့ ... ဤမြှူလောက် ပြကာမျှဖြင့် အားလုံး ကုန်သော ရောင်းဝယ်ဖောက်ကားမှုများ ဥဏ်ချဲ့၍ သိကြကုန်လော့။ မိမိ သမာဓိရှိရန် ဖြောင့်မှန်သောညှို့ဓာတ်ပေါက်လျှင် မည်သည့်အခါမှ အောက်ကျတော့မည်မဟုတ်။

'အလုပ်တူ၊ မြို့တူ၊ အကြံတူ ရန်သူ' ဟူသောစကားသည် များစွာမှန်၏။ ကုန်တူသော ဆိုင်နီးနားချင်းများ တစ်ဦးနှင့်တစ်ဦး မသင့်မတင့်ရှိကြသည်ကို များစွာတွေ့ဖူး၏။ ထိုကုန်တူသူ (၂)ဦးသည် များစွာညံ့ဖျင်းသောသူတို့ပေတည်း။

အိမ်နီးချင်း, ဆိုင်နီးချင်းဆိုသည်မှာ တစ်ဦးကိုတစ်ဦး အားထားရ၏။ တစ်ဦးမရှိလျှင် တစ်ဦးထံ ဆွဲလှဲကာ သုံးရ၏။ အကြောင်းရှိက တိုင်ပင်ကူညီဖော်ရ၏။ သို့အတွက် တစ်ဦးက သဘောထားသေးသော်လည်း ညှို့ဓာတ်ကို လိုက်စားသောသူသည် တုန်လှုပ်မည်မဟုတ်ချေ။ သဘောသေးသူကို မိမိအောက်သို့ရောက်အောင် ဆွဲလိမ့်မည်။

**မှတ်ချက်။** ဈေး၊ ကုန်တိုက်များ သန့်ရှင်းစွာထားသူများထက် စောစောဖွင့်၊ နံနက်စောစော မင်္ဂလာရှိသောစကားကို ပြော၊ ဒေါသဖြစ်ရန်အကြောင်း ပေါ်ပေါက်ခဲ့သော် ဒေါသမဖြစ်နှင့်။ မေတ္တာညှို့ကို ဆင်ခြင်ပါလေ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ကြေးယူခြင်း ပေးခြင်း

ချစ်မိတ်ဆွေတို့ ...

မည်သည့်အခါမျိုးမဆို ကြွေးယူခြင်းကိုလည်း မပြုကြလင့်။ မိမိက သူတစ်ပါးအား လက်မဲ့အကြွေးထားခြင်းကိုလည်း မပြုလင့်။ အကြွေးယူထားရခြင်းသည် မိမိမှာ ဟင်းမရှိ၍ သူတစ်ပါးဟင်းကို ခိုးစားရသည်နှင့်တူ၏။ 'အဆီစားသော်လည်း အသားမဖြစ်ချေ'။ တကြောင့်ကြကြနှင့် ကြွေးမကျေမချင်း ပူပင်၍နေရ၏။ အကြွေးပေးထားရခြင်းသည်လည်း ရမှရပါ့မလားဟု သောကများတတ်၏။ မည်မျှလောက်ချစ်ခင်နေကာမူ မိမိအလိုရှိသောအခါ ပြန်တောင်းက ပေးရမည့်သူကလည်း တောင်းရမည်လောဟု စိတ်ဆိုးတတ်၏။ ရလိုသောသူကလည်း မရသဖြင့် အမျက်ထွက်တတ်၏။ သို့အတွက် ကြွေးချေးခြင်း၊ ကြွေးယူခြင်းများ ရှောင်ကွင်းနိုင်သလောက် ရှောင်ကွင်းကြလော။

ချစ်မိတ်ဆွေ ...

တစ်ကြိမ်တစ်လှည့် အခန့်မသင့်သောအခါ ကြွေးများယူရလျှင် ကတိတည်တည်နှင့် ပေးမည်ဆိုသောရက်ကို ဆက်ဆက်ပေးကြလော့။ ကြွေးရှင်ကလည်း မိတ်ဆွေချင်းမှာ အတိ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်ရှာသည့်အခိုက်တန့်တွင် မျက်နှာငယ်ငယ်နှင့် ချေးရရှာသည်ဟု သဘောထား၍ မပေးနိုင်က အတင်းမတောင်းသင့်။

## အလုပ်များ၌ အုပ်ချုပ်ခြင်း

ချစ်မိတ်ဆွေတို့ ...

အချို့အချို့သော အလုပ်တိုက်၊ ကုမ္ပဏီတိုက်၊ သတင်းစာတိုက်၊ ရှယ်ယာငွေစု၍ စပ်တူကူးသန်းကြသော ကုမ္ပဏီတိုက်၊ ဆိုင်အမျိုးမျိုး မကြာခဏ ပျက်စီးသွားကြသည်ကို အများအပြားမိတ်ဆွေတို့ မြင်ဖူးတွေ့ဖူးကြပေလိမ့်မည်။ ဤကဲ့သို့ ပျက်စီးရခြင်းအခြေခံကို မိတ်ဆွေတို့ သိကြ၏လော။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ ကူးသန်းရောင်းဝယ်ရေး၊ အုပ်ချုပ်ရေးများ မကျွမ်းကျင်သေးသောသူများဟူ၍ ဆိုရပေလိမ့်မည်။

ချစ်မိတ်ဆွေတို့ ...

မည်သည့်အလုပ်၊ မည်သည့်ကူးသန်းရောင်းဝယ်ရေး မဆို မလုပ်ခင် တင်ကြို၍ စိတ်ကူးရမည်။ မိမိသည် ဤအလုပ် သို့မဟုတ် ဤကုန်ဆိုင်ရောင်းလျှင် မည်မျှအကျိုးရှိမည်၊ မည်သည့်လ၊ မည်သည့်အခါတွင် မည်ကဲ့သို့ ရောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်ကို အမြဲသိတတ်စေရမည်ပင်။ မြတ်လျှင်လည်း ဝမ်းသာလွန်းခြင်းမရှိ။ ရှုံးလျှင်လည်း အထူးဝမ်းမနည်းရာ။ တည်တံ့ခိုင်မာသောစိတ် အမြဲရှိရမည်။

ချစ်မိတ်ဆွေတို့ ...

မည်သည့်အလုပ်၊ မည်သည့်အရောင်းအဝယ်မျိုးမဆို ပထမ စတင်တည်ထောင်စဉ်မိမိမှာ ငွေ ၁၀၀၀ ကျပ်လျှင် ၅၀၀ ကျပ်မျှသာ ရင်းနှီးရမည်။ ၅၀၀ ကျပ်မှာ လိုလိုမည်မည် ရန်ပုံငွေအဖြစ် အမြဲထားရှိရမည်။ ၎င်း ၅၀၀ ကျပ်မှာ ဖွင့်လှစ်စဉ် ကံမကောင်းသဖြင့် နိမ့်သွားစေကာမူ ဖြည့်စွက်စရာရှိလျှင် မထောင်းသာချေ။ အကယ်၍ ဖြည့်စွက်စရာ မရှိမူကား နှလုံးပူမင် စိတ်ညစ်ခြင်းဖြစ်သော အလုပ် သို့မဟုတ် အရောင်းအဝယ်များ မကြိုးစားလိုသောကြောင့် ပျက်စီးတတ်၏။

ချစ်မိတ်ဆွေတို့ ...

စိတ်အားထက်သန်စွာနှင့် မိမိကြံစည်ပြီးအလုပ်များကို အားကြိုးမာန်တက် လုံ့လထုတ်ကြလော။ အမြတ်မရှိစေကာမူ အရင်းမှာ မည်သည့်အခါမှ မရှုံးစေရ။ အလုပ်ဖြစ်စဉ်တွင် ပကာသနဂုဏ်ဟိတ်ကို အလျှဉ်းမလိုက်စားကြနှင့်။ ဂုဏ်ကို



www.burmeseclassic.com

www.burmeseclassic.com



အလိုရှိခြင်းသည် ၄င်းဂုဏ်က အလုပ်နှင့် ကူးသန်းရောင်းဝယ်ရေးအပေါ်တွင် ဖိစီး၍ အချည်းနှီး ကုန်တတ်လေသည်။

ချစ်မိတ်ဆွေတို့ ...

ငွေရှာခြင်းအရာမှာ ချမ်းသည်၊ ပူသည်၊ စောလွန်းသည်၊ မိုးချုပ်သည် ဟူ၍ မရွေးချယ်လေနှင့်။ "လသာတုန်း ဗိုင်းငင်" ဆိုသလို အခါအလိုက် တွင်ကျယ်သောအခိုက်တွင် အားထုတ်၍ လုပ်ကိုင်လိုက်ကြ။ အရောင်းအဝယ်၊ အလုပ်အကိုင် ဟူသမျှမှာ လတိုင်း ကောင်းနေသည်မဟုတ်။

ချစ်မိတ်ဆွေတို့ ...

ရှေ့က ပြခဲ့သော မေတ္တာညှို့နည်းကိုလည်း လိုက်နာကြဦးလော့။ ဩဝါဒအတိုင်း မေတ္တာညှို့၊ အောင်လျှင် အရောင်းအဝယ်၌ သူများထက် တွင်ကျယ်မည်မှာ မလွဲတည်း။

ချစ်မိတ်ဆွေတို့ ...

ဩဝါဒအရ ပစ္စည်းလာဘ်လာဘ ပေါများတိုးတက်လာလျှင်လည်း မာန်မာနကို မဝင်ကြစေရာ။ မာနတရားသည် လူကို ပျက်စီးအောင် လောင်မြိုက်တတ်၏။ ငွေရှင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



'အင်မတန်ပျော်တဲ့ ငါပါကလား' ဟု စိတ်ထားမြင့်မြတ်၍ ရောက်တတ်ရာရာ သုံးစွဲဖြုန်းတီးချင်တတ်ကြ၏။ 'ယနေ့ ငွေ (၁၀၀)ကျပ် မြတ်လိုက်ရာ 'ငါ ယနေ့ ငွေ (၁၀၀)ကျပ်ပင် မြတ်ပါတကား' ဟု စိတ်ထားမြင့်တတ်လွန်းသဖြင့် သုံးချင် စွဲချင် ဖြုန်းတီးချင်သောစိတ်များ ပေါ်၍ ဈေးဆိုင်ကနားသွားရောက်ခါ တွေ့လေရာရာကို အသုံးကျသည် မကျသည် မရွေးချယ်။ အလွယ်နှင့် ဝယ်ယူလာတတ်၏။ မိမိအိမ်သို့ ကျလျှင် အသုံးဝင်သည်ထက် ငွေကုန်ခြင်းနှင့်နှိုင်းစာက အလွန်မတန် ရှုံးနေသည်ကို တွေ့ရတတ်သည်။

ချစ်မိတ်ဆွေတို့ ...

ငွေသည် လူကို မြှောက်ပင့်နေ၏။ ငွေမရှိလျှင် ငွေရှိစဉ်က မျက်နှာလို မကြည်လင်ချေ။ သို့အတွက် ငွေကို ကြပ်ကြပ်ချစ်ကြလော့။ အဝိဉာဏကအရုပ်သည်ပင် သူ့ကို ချစ်လျှင် သူက ပြန်ချစ်လိမ့်မည်။

ချစ်မိတ်ဆွေတို့ ...

အရောင်းအဝယ်ဖြစ်စေ၊ အလုပ်အကိုင် ဆိုင်ရာများဖြစ်စေ ဖွင့်စ၊ တည်ထောင်စ၌ ကျဉ်းနိုင်သမျှ အချဉ်းချုံး



www.burmeseclassic.com

www.burmeseclassic.com



ရမည်။ ဖွင့်စ၊ လုပ်ဆောင်စဉ် အပိုကုန်ကျမည်များ စိတ်မကူးကြနှင့်။ ဥပမာ-မိမိနှင့်တကွ သုံးယောက်လုပ်နိုင်သည့်အရာကို (၅)ယောက်ထားလျှင် (၂)ယောက်တွက် ငွေပို၏။ အစဉ်တစိုက် ပေးနိုင်လျှင် ကိစ္စမရှိ။ မပေးနိုင်သည့်ရက် ၄င်းရှုပိုအတွက် များစွာခက်တတ်ချေသည်။

ချစ်မိတ်ဆွေတို့ ...

မိမိလုပ်သားကိုင်သားများ ကြပ်ကြပ်အကဲခတ်၊ ဆရာအကျိုးကြည့်သူကို ကြပ်ကြပ်ပြုစု၊ လူမသမာစုကို ကြပ်ကြပ်ခွာ၊ လူမသမာကို အလျဉ်းမထားနှင့်။ ပယ်စွန့်ရမည်။

ချစ်မိတ်ဆွေတို့ ...

မိမိတို့ ရောင်းဝယ်ဖောက်ကားသော လုပ်နေ်းဆောင်တာများ ပထမ တီထွင်စတွင် 'ထန်းပင်လို ဖြစ်စေရမည်' 'မုံလုံပင် ကျီးအာပင်များကဲ့သို့ မဖြစ်စေရာ'။ ထန်းပင်တို့မှာ ပထမထန်းစေ့က ပေါက်ကတည်းက တလိန့်လိန့် တကျစ်ကျစ်နှင့် အနှစ်ကိုအားပြုပြီး အနည်းငယ်မျှ ကြီးပွား၍ မိုးဦးကျ၍ မြေနီသောအခိုက်တွင် ထိုထန်းပင်၏ အနီးအပါးရှိ မုံပုပင်၊ ကျီးအာပင်များသည် ထန်းပင်သို့ တက်ရောက်၍ မောက်မောက်

www.burmeseclassic.com



မားမား အသီးအပွင့်များစွာနှင့် တင့်တယ်ကြွားဝါ၍ နေလေ၏။ မိုးလည်း တစ်စတစ်စ နည်းပါး၊ နွေကာလသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ယခင်က ထန်းပင်ထက်တွင် ဝေဝေဆာဆာနှင့် ကြွားဝါရှိနေကြသော ဗုံလုံပင်၊ ကျီးအာပင်များသည် ညှိုးခွေနွမ်းခြောက် သေကျေခြင်းသို့ ရောက်သွားသော်လည်း မသိမသာ ကြီးပွားလာသော ထန်းပင်မှာမူကား ထူးမခြားနား နှင့် အမြင့်စားထက် အမြင့်ဆုံးအခြေသို့ ရောက်သွားရလေသည်။

ဤဥပမာတူစွာ မိတ်ဆွေတို့သည်လည်း ပထမ ရသမျှငွေကလေးများအတွက် မာန်မာနတက်ပြီး ဗုံလုံပင်၊ ကျီးအာပင်များလို ထိပ်ဖျားသို့တက်၍ မနေကြလေနှင့်။ တစ်စတစ်စ ကုတ်ကုတ်နှင့် ကြီးပွား၍လာသော 'ထူးမခြားနား ထန်းပင်' ကဲ့သို့ အစဉ်သဖြင့် တဖြည်းဖြည်း အမြင့်ဆုံးဖြစ်အောင် ကြံကြလော။ မိတ်ဆွေတို့ ... ဤမျှလောက်ပြလျှင် ကျန်သမျှအကြောင်းအရာများ ကောင်းစွာဥာဏ်စေစား၍ သိကြကုန်။

## မိမိအရှင်နှင့် ဆရာသမားများ ချစ်အောင် ညှိုနည်း

ချစ်မိတ်ဆွေ ...

မိမိတို့အရှင်သခင်နှင့် ဆရာသမားများ ချစ်အောင် ညှို့နည်းမှာ မိမိတို့အရှင်သခင် ဆရာသမားများ အေးဝိုင်းသမျှ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဝတ္တရား ရှိသေစွာ ကျေပွန်အောင် ရွက်ဆောင်ခြင်း၊ ရိုးသားဖြောင့်မတ်သောစိတ်ဖြင့် မည်သည့်အခါမှ တိမ်းပါး ချွတ်ချော် မရှိစေခြင်း၊ ဆရာအရှင်သခင်၏ မျက်ရိပ်မျက်ကဲကို အမြဲသိ၍ ပိရိသပ်ရပ်စွာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ယဉ်ကျေးခြင်း၊ မိမိအရှင်သခင် ဆရာကို ရိုသေလေးမြတ်စွာ ပြုစုခြင်း ဟူသော ဝတ္တရားများ အမြဲပြည့်စုံပြီးသကာလ ည အိပ်ရာဝင်တိုင်း အရှင်သခင်ဆရာကို အဝေးက ရှိခိုး၊ မေတ္တာပို့ ချစ်ခြင်း၊ ရိုသေခြင်း ဟူသော ညို့ကို အမြဲနှလုံးထား။ တစ်ကြိမ် တစ်ခါ ဆရာသမား အရှင်များက မြည်တွန်စေကာမူ လိမ္မာ အောင်သာ ဆုံးမသည်ဟု ကျေးဇူးတင်ခြင်းတည်းဟူသော မေတ္တာညို့ကို ဆင်၊ မကြာမီ ရာထူးလစာတိုးတက်ခြင်းသို့ ရောက်လိမ့်မည်။

## အများချစ်အောင် ညို့နည်း

ချစ်မိတ်ဆွေတို့ ...

ဤသတ္တလောကကြီးအတွင်း ရှိရှိသမျှ မိန်းမယောက်ျား လူအများတို့ ချစ်စေရန် ညို့သည်မှာ သဗ္ဗေသတ္တာ အစရှိသော မေတ္တာပို့ ပါဠိအနက်တွင် ပါရှိသောအတိုင်း ကသိုဏ်းရှုကဲ့သို့ တင်အောင်ပို့သလျှင် တစ်ကမ္ဘာလုံးကပင် ချစ်ကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



၄င်းမှာ ဗုဒ္ဓဘာသာမှန်သမျှ ရသူများပြောကြမည်ပင် ဖြစ်၍ အကျယ်မရေးတော့ချေ။

'အချစ်မေတ္တာညို့' ခေတ်သုံးပါးအတွင်းရှိ သတ္တဝါ အပေါင်းတို့ ချမ်းသာကြပါစေသတည်း။ ဤမြို့အတွင်းရှိ သတ္တဝါအပေါင်းတို့ ချမ်းသာကြပါစေသတည်း။ ဤနယ် ဤအရပ်အတွင်းရှိ သတ္တဝါအပေါင်းတို့ ချမ်းသာကြပါစေ သတည်း။ ဤအိမ် ဤဌာန ဤကျောင်း ဤဇရပ် ဤအရာ ဤတော ဤတောင် စသည်ဖြင့် ရှိရှိသမျှ သတ္တဝါအပေါင်း တို့ကို မေတ္တာပို့လေ။ ဤကဲ့သို့ မေတ္တာညို့ကို အမြဲဆင်ခြင်၍ နေလျှင် ဘေးရန်မရှိ။ ပကတိချမ်းသာ၍ တစ်ကမ္ဘာလုံးက ချစ်စေနိုင်၏။

ညအိပ်ရာဝင်သောအခါ ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်၊ အာဋာနဋိယသုတ်များ တတ်အားသလောက် ရွတ်လေ။ နံနက် အိပ်ရာထတွင် ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခာ အစရှိသော ပုဗ္ဗဏှသုတ်ကို ရွတ်လေ။ နေထွက်သောအခါ ဥဒေတယံ အစ မောရောစရိတ် သေနာ အဆုံးရှိသော ဥဒေါင်းမင်း သစ္စာပြုဂါထာကို ရွတ်လေ။ နေ ဝင်သည်နှင့်တစ်ပြိုင်နက် အပေတယံ အစ မောရာဝါသံ မကပ္ပိ



www.burmeseclassic.com

www.burmeseclassic.com



ယော အဆုံးရှိသော ဥဒေါင်းမင်း သဏ္ဌာပြုဂါထာကို ရွတ်လေ။ ဘေးအပေါင်း ရန်အပေါင်း မကောင်းဟူသမျှ ကင်း၍ မျက်နှာ ပွင့်လန်းခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံနိုင် လေသည်။

မှတ်ချက်။ ရွတ်ဖတ်သရဇ္ဈာယ်၍ပြီးသည့်အဆုံး မြတ်စွာ ဘုရား၏ ဂုဏ်တော် (၉)ပါးလုံးကိုလည်းကောင်း၊ ဂုဏ်တော်တစ်ပါးပါးကိုလည်းကောင်း၊ စီးဖြန်း ကျိုးကုတ် အားထုတ်၍ အောက်မေ့ခြင်းပြုပါက ၄င်းအောက်မေ့သရဇ္ဈာယ်ခြင်းပြုသောသူမှာ ခန္ဓာ ကိုယ်ကြီး စေတီထိုက်ကြောင်း ဝိသုဒ္ဓိမဂ်ကျမ်း တွင် ထင်ရှားရှိပေကြောင်း။

ထို့ကြောင့် သာဓကပါဠိကို မပြတော့ဘဲ မှတ်လွယ် ကျက်လွယ်ဖြစ်စေရန် အောက်ပါသံပေါက်ကို ပြလိုက်ပေအံ့။

ဗုဒ္ဓဂုဏာ ပွားသူမှာ ခန္ဓာစေတီထိုက်
လူ နတ် နိဗ္ဗာန် ရလိုပြန် ရှိပန်ပူဇော်ထိုက်
ဝိသုဒ္ဓိမဂ် ကျမ်းအတွက် တစ်ချက်ရှုကာပိုက်

မင်းသက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ချစ်မိတ်ဆွေတို့ . . .

လောကဓံတရားရှစ်ပါးကို ဘုရားဟောတော်မူသဖြင့် ကြောက်စရာရှိသော်လည်း အလွန်မကြောက်ကြလင့်။ ဝမ်းမြောက်စရာရှိသော်လည်း အလွန့်ဝမ်းမမြောက်ကြလင့်။

လာဘော, အလာဘော, ယသော, အယသော, နိန္ဒာ ပသံသာ, သုခံ ဒုက္ခံ ဟူ၍ လောကဓံတရား (၈)ပါးနှင့် မုချတွေ့ကြုံရမည် မလွဲဖြစ်၏။

ညှို့တတ်မသိသောသူများသည် လာဘောဟူသော လာဘ်ရခြင်းနှင့်ကြုံလျှင် "အင်မတန်မှဟုတ်တဲ့ ငါပါကလား" ဟု စိတ်ထားမြင့်မောက် လွန့်ဝမ်းမြောက်တတ်၏။ အလာဘော ဟူသော လာဘ်မရသောအခိုက်နှင့်ကြုံလျှင် ပူပုံပူရုပ်နှင့် ငုတ်တုတ်မှိုင်တွေ ကျက်သရေမရှိ အားချည့်၍နေတတ်၏။

ယသော-အခြံအရံများ၍ ပျော်ပါးနှစ်ခြိုက်စရာ လာသူလာ၊ သွားသူသွား စည်ကားပြည့်နှက်၍နေလျှင် အင်မတန် ဂုဏ်မောက်၍နေချင်ကြသောစိတ် ရှိ၏။ အယသော ဟူသော အခြံအရံနည်းပါးသောအခိုက်နှင့်ကြုံလျှင် ထုံထုံ မှိုင်းမှိုင်း စိတ်တိုင်းမကျ ဒေါသအလိုထွက်လျက် မဲ့ခွက်ခွက် ရျက်နှာသေကလေးနှင့်ရှိတတ်၏။ နိန္ဒာပသံသာ ပုဒ်နှစ်မြွာမှာ



www.burmeseclassic.com

www.burmeseclassic.com



နိန္နာ ဟူသော ကဲ့ရဲ့ခြင်းနှင့်ကြုံလျှင် လူ့ဘုံမှာ မနေချင် သလောက် အဇ်ထောက်မကာန် ဝမ်းနည်း၍ ငိုပွဲခံကြ၏။

ပသံသာ ဟူသော ချီးမွမ်းခြင်းနှင့်ကြုံလာလျှင် ဂုဏ် မာန် မြင့်မောက် ကိုယ့်ကိုယ်ကိုယ် သွေးမြှောက်၍ အံ့လောက် တဲ့ ငါလိုလူ သည်ဇမ္ဗူမှာ ရှိစဟု သိသမျှ လူအပေါင်းကို ခပ်စောင်းစောင်း မထီလေးစား ပြုချင်တတ်၏။

သုခ ဟူသော ချမ်းသာခြင်းနှင့်ကြုံလျှင် ရွှေဘုံမှာ ပေါက်ဖွားသော မင်းသားမင်းသွေးတမျှကဲ့သို့ ရေးက သိဖူး သောလူကိုပင် မခေါ်ချင့် ခေါ်ချင် ခပ်အင်အင်ရှိတတ်၏။ ဒုက္ခဟူသော ဆင်းရဲခြင်းနှင့် ကြုံသောအခါ ချမ်းသာစဥ်က ရှိသော စိတ်နေစိတ်ထားသည် အားလုံးလျော့ကျ၍ လောကမှာ ငါလောက်ဆင်းရဲသူ ရှိမှရှိပါ့မလား။ ဘုရား, တရား, သံဃာ သည် ငါ့အား ဂ ရာဟူ၍ ဆည်းကပ်သော်လည်း ကြီးမြတ် သောသုခကို ယခုဘဝမှ မပေးလျှင် နောင်ဘဝအကျိုးရှိမည် နည်းဟု ရှေးရှေးက မိမိ၏ 'ပုဗ္ဗေစ ကတပုညတာ' ပြုခဲ့ဖူး သော ကုသိုလ်အရာကို မတွေးတောဘဲ အလွဲလွဲ အချော်ချော် မိစ္ဆာဒိဋ္ဌိလမ်းကိုပင် တယမ်းယမ်းမျှော်မှန်းတတ်ကြ၏။

ချစ်မိတ်ဆွေတို့ ...

ဤကဲ့သို့သောသူများသည် စိတ်အားငယ်း‌ငယ်၍

www.burmeseclassic.com



တကာယ်လောက၏ အချင်းအရာကို ကောင်းစွာမသိတတ်သည့် အပြင် ညှို့ခာတ်၏ အရိပ်အမြွက်ကို အိပ်မက်မှ မမြင်မက်ဖူးသောသူဟု ခေါ်ဆိုထိုက်၏။

ညှို့ခာတ်၏ အချင်းအရာ သမာဓိ ဘာဝနာကို လေ့လာအားထား၍ လောက၌ ဖြစ်ပျက်တတ် သောတရားများကို သိသောသူသည် အဆိုပါ လောကဓံတရား (၈)ပါးနှင့် တွေ့ကြုံသော်လည်း အပုံကြီး ဝမ်းမြောက်ခြင်း၊ ဝမ်းနည်းခြင်းများ ဖြစ်ကြမည်မဟုတ်ချေ။

ချစ်မိတ်ဆွေတို့ ...

ခက်ခဲသောအရာများနှင့်ကြုံလျှင် မိမိလုံခြုံသောသစ္စာကို ဘုရားမှာဖြစ်စေ၊ သိမာဒေဝ နတ်ကောင်းနတ်မြတ်များကိုဖြစ်စေ တိုင်ကြားသစ္စာဆိုခြင်းသည် အထူးသဖြင့် အောင်မြင်၍ ကာရာ၌ ကိစ္စချောမောစေတတ်သည်။ ရန်သူနှင့်တွေ့သောအခါဖြစ်စေ၊ ခဲခက်သော အရေးကိစ္စတစ်ခုခုကို ပက်ပင်းပါ တွေ့ကြုံသည်ဖြစ်စေ၊ တရားဆိုရာတွင်ဖြစ်စေ မှန်ကန်လုံခြုံသော သီလတစ်ခုခုကို သစ္စာဆိုက အမှန်လွတ်မြောက်မည် မလွဲတည်း။

ချစ်မိတ်ဆွေတို့ ...

သစ္စာ၏ သာဓကကိုပြလျှင် သုဝဏ္ဏသာမ သတို့သား

www.burmeseclassic.com

www.burmeseclassic.com



သည့် မြစ်နားသို့ သမင်အပေါင်းနှင့် ရေခပ်သွားရာ ပိဋ္ဌိယက္ခမင်းကြီးက မြားနှင့်ပစ်၍ နံတောင်မှာ မြားစူးပြီး အလူးလူးအလဲလဲ လွန်ကဲသောဒုက္ခဝေဒနာကို ခံစားနေရာ ဟိမဝန္တာနံ့သာတောင်စောင့် ဗဟုသုန္ဒြီနတ်သမီးက မိမိစောင့်သောတောသည် နံ့သာပင် ပေါများသောတောဖြစ်ကြောင်း၊ မုန်ကန့်သောသစ္စာကို ဆိုသဖြင့် သုံဝဏ္ဏသာမသတို့သားမှာ မြားဆိပ်လျှောကျလေ၏။

နောက် ဒုကူလနှင့် ပါရိက မျက်မမြင်မယ်တော်၊ ခမည်းတော် (၂)ပါးတို့ လာရောက်ပြီးခါ မိမိတို့မှာ မြတ်သောအမြဲပွားရရိယသိက္ခာပုဒ်များ အထူးရှောင်ရှား စောင့်ထိန်းခဲ့ကြောင်း သစ္စာဆိုသောကာလ မြားဆိပ်တွေ အားလုံးလျှောကျ၍ အသက်မှ ချမ်းသာရကြောင်း၊ ခမည်းတော် မယ်တော် မြတ်နှစ်ဖော်တို့လည်း မျက်စိမြင်ကြောင်းများ မြတ်စွာဘုရား ဟောကြားတော်မူလျှက်ရှိသည်။

ထို့ပြင် သမ္ဗူလမိဖုရား၏ အရှင်သခင် သောတ္ထိသေနမင်းကြီးသည် ကုဋ္ဌနူနာ စွဲကပ်၍ တောအရပ်၌ သမ္ဗူလမိဖုရားနှင့်အတူ နေထိုင်ရာ,မိဖုရား သစ်သီးရှာသွားရာတွင် ရက္ခိုက်ဘီလူးတစ်ဦးနှင့်တွေ့၍ အလိုပါရန်အကြောင်း ကြိမ်းမောင်းသွေးဆောင်ရာ မရဘဲ အချိန်လွန်မှ သောတ္ထိသေနမင်းကြီးထံသို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်သဖြင့် မင်းကြီးက မယုံကြည်နိုင်ကြောင်း၊ တော အရပ်ဟူသည် လူမရှိဖြစ်သော် လည်း ဝိစ္စာ၊ ဇော်ဂျီ၊ တမသီကို ပေါ်များကြောင်း၊ သမ္မုလမိဖုရားကို စွပ်စွဲရာ သမ္မုလမိဖုရားက ပြစ်မှားကျူးလွန်ခြင်း၊ မရှိ၊ မိမိလင် သောတ္ထိသေနမင်းတရှူးမှ တစ်ပါး အခြားယောကျ်ားနှင့် ဖောက်ပြားကျူးလွန်ခြင်း မရှိ ကြောင်း "မှန်ကန်သောသစ္စာ" ဆိုပြီးသကာလ မင်းကြီးဦးထိပ် တွင် ရေစင်နှင့် သွန်းဖျန်းက စက်ဆုပ်ဖွယ်ကောင်းလှသော ကုဋ္ဌနူနာလည်း တစ်ခါတည်း ပျောက်ကင်းသွားကြောင်း။

သမ္မုလဇာတ်တော်တွင် ဘုရားဟောတော်မူလျက် ရှိချေသည်။ သို့ဖြစ်၍ ယခုအခါ သူသူငါငါ ယောကျ်ားမိန်းမ မည်သူမဆို ပုဂ္ဂိုလ်များ မှန်ကန်လုံခြုံသော သစ္စာတစ်ခုခုကို မိမိ၌ အသုံးကျသောအခါ သစ္စာဆိုကြက မုချ လိုသောအရာ များ ပြီးမြောက်မည် မလွဲသတည်း။

ပညာရှိများက စပ်ဆိုထားသည်မှာ "ကတိသစ္စာ တည်သောခါဝယ် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက် သစ်ပင် ဆေးဖက်ဝင်၏" ဟူ၍ စပ်ဆိုတော်မူကြသည်။

ချစ်မိတ်ဆွေတို့ ...

မြတ်စွာဘုရား ဟောကြားတော်မူသော ရတနသုတ် ပရိတ်တော်တွင် ပဏ္ဍိတနတော ပဠာယ အစချီသော ရတန



www.burmeseclassic.com

www.burmeseclassic.com



သုတ်ပရိတ်တော် အကုန်လုံးသည်လည်း အားလုံး သစ္စာပြု ဂါထာများပင်ဖြစ်၏။

ထိုပြင် ဗောဇ္ဈင်သုတ်သည့်လည်း လူမမာများအတွက် သစ္စာပြုခြင်းပင် ဖြစ်၏။ သို့အတွက် မိတ်ဆွေ တို့မှာ မိမိအလိုရှိရာကိစ္စများ သို့မဟုတ် ခက်ခဲသောအကြောင်း အရာများ တွေ့ဆုံကြုံကြိုက်သောအခါ မိမိထိန်းသိမ်းလုံခြုံသော သစ္စာတစ်ခုခုကို သစ္စာဆိုက မုချဖြီးနှမြောက် ခရီးရောက်ခြင်း ရှိကြလိမ့်မည်။

## မချစ်သူ ချစ်အောင်ညှို့နည်း

အို ... ချစ်လှစွာသော မိတ်ဆွေ။

မိတ်ဆွေက ချစ်ပါလျက် သူမက မချစ်ခြင်းသည် မိတ်ဆွေ တကယ်ကို မေတ္တာရှိ၍ အလိုရှိလျှင် အောက်ပါ အတိုင်း ညှို့လေ ... မိတ်ဆွေ။

ဦးစွာပထမ မိတ်ဆွေကို အဘယ်အတွက် မချစ်သည် အကြောင်းအပြစ်ကို ရှာရန်လို၏။ ဥပမာ-မိတ်ဆွေ၌ ပညာ မရှိလို့လား၊ အလုပ် မရှိလို့လား၊ ရုပ်ရည်ရူပကာ ဆိုးလို့လား၊ အကျင့်စာရိတ္တများ မကောင်းလို့လား စွေးကြည့်ပါ။

တွေ့မြင်သောအခါ ထိုအပြစ်တို့ကို တစေ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် လုပ်ပါ။ အကာယ်၍ အရုပ်ဆိုးလို့ ဆိုပါတော့။ မခဲယဉ်းပါ။ မိတ်ဆွေ လွယ်ကူပါ၏။ ရုပ်ရည် အရေးမကြီးပါ။ နှုတ်နှင့် ကိုယ်တွင်း စိတ်ရင်း သန့်ရှင်းပါစေ။ အချို့ တွေ့ဖူး သည်မှာ မကြည့်ချင်အောင် မုန်း၏။ မေတ္တာမဲ့၏။ ထိုကဲ့သို့ အမုန်းကြီးမုန်း၊ မေတ္တာ အမဲ့ကြီးမဲ့သူသည် မေတ္တာညို့ဓာတ် ဝင်သွားတော့ အချစ်ကြီးချစ်ပြီး ရာသက်ပန် ရိုးမြေကျ ချစ်ကြတော့မည်ကို မြောက်မြားစွာ တွေ့ဖူး၏ . . . မိတ်ဆွေ။

အချို့ အိမ်မှာ ခိုင်းစေထားသော ကျွန်အစေခံ ဒရိုင်ဘာ ထိုကို အိမ်ရှင်တို့က 'ဟဲ့ ခွေးကောင်၊ ဒါကို လုပ်ပါဆိုတာ ဘာဖြစ်လို့ မလုပ်တာလဲ' စသည် ခိုင်းစေ၏။ မေတ္တာရှိဖို့ ဝေးစွ။ စိတ်ကူးမျှ မထည့်သော်လည်း ထိုကျွန်များက မေတ္တာ ညို့ဓာတ် အစဉ်ညို့နေလိုက်လျှင် ကြင်ရာမယားအဖြစ်သို့ ရောက်တော့၏။

မိတ်ဆွေတို့လည်း ကြားဖူး မြင်ဖူးလိမ့်မည်။ သတိ ပြုပါ။ ယခုမှ ရှိသည်လည်း မဟုတ်။ မြတ်စွာဘုရားလက် ထက်ကလည်း ဦးဒါသ၊ ချဉ်ပေါင်ရွက်သည် ဦးမှိုင်း၊ ထင်း သမား ဦးဝဏ္ဏ၊ လယ်လုပ်လုလင် ဦးဒေါန၊ ဦးမာဒဂီတို့နှ ရုပ်ရည်ဆိုးဝါးလှသော ဦးကုသ၊ ရွာလည် ဝေးစား ဦးသတ္တ၊ အစေခံ ဦးပုဏ္ဏ အစရှိသည်တို့သည် ဆေးမပ၊ လှမ္ပေ၊



www.burmeseclassic.com

www.burmeseclassic.com



နှိပ်ပေ့ ဆိုသည့် သူဌေးသမီးတွေကို ရကြသည်မဟုတ်လော။ နိပါတ်များနှင့် ရာဇဝင်တွင် ထင်ရှားပေ၏။ မေတ္တာမရှိသူအား မေတ္တာရှိအောင် အောက်ပါအတိုင်း ညှို့ဓာတ်ကို လွှတ်ပါလေ ... မိတ်ဆွေ။

ရှေ့နည်းအတိုင်း လမ်းနံပါတ်၊ အိမ်နံပါတ်၊ မြို့ စသည်ကို ထည့်၍ဆို။ ည (၉)နာရီ သို့မဟုတ် နံနက် (၇)နာရီအချိန်တိတိတွင် တစ်ယောက်တည်း တင်ပလ္လင်ခွေ၍ ကျွန်ုပ်သည် ... ကို ချစ်ပါလျက် အဘယ်ကြောင့် ကျွန်ုပ်အား မေတ္တာမဝင် မချစ်ခင်သနည်း။ ကျွန်ုပ်ကို ချစ်ပါလေ၊ ချစ်ပါစေ၊ ကျွန်ုပ်၏ချစ်မေတ္တာသည် ... ထံသို့ ရောက်စေ၊ မြင်စေဟု (၇)ရက်တိတိ မေတ္တာညှို့၍ လွှတ်။ (၇)ရက်စေ့သောအခါ ၄င်းနှင့်တွေ့ကြုံမည့်နေရာသို့ သွားတွေ့သောအခါ ရှေ့နည်းအတိုင်း မျက်စိကိုထား၍ လက်ကို ကိုက်ယောင်ပြုပြီး မေတ္တာညှို့လွှတ်ပေး။ ခံနိုင်ရိုးလား ... မိတ်ဆွေ။ တစ်ဦးနှင့် တစ်ဦးနီးစပ်အောင် ကြံ၊ စကားပြောရအောင် ကြံ၊ အရောင်းအဝယ်နှင့်သွား၊ တွေ့လျှင် ဖြူစင်သောမေတ္တာဓာတ်ကို ညှို့ပေး။ အလိုက်သင့် ပေါင်းသင်း၊ မလွဲတမ်း အောင်လိမ့်မည် ... မိတ်ဆွေ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အို ... ချစ်လှစွာသော မိတ်ဆွေ။

ငှင်းထံသို့ စာပေးရန်အတွက် လွယ်ပြီ။ မရေးတော့အံ့။ မိတ်ဆွေဉာဏ်စွမ်းဖြင့် ရေးလေတော့။

အို ... ချစ်လှစွာသော မိတ်ဆွေ။

အရေးကြီးသောအချက်တစ်ခုမှာ ထိုမေတ္တာညှို့ဓာတ်သည် အလွန်အဖိုးတန်သည်၊ အလွန်မြင့်မြတ်သည်ဟု မိတ်ဆွေ၏စိတ်၌ အမြဲထားပါ။ ပြောင်လှောင်ပျက်ချော် မထီလေးစား မပြုလေနှင့်။ ဆရာကိုလည်း ထင်မြင်သေးသိမ်ခြင်း မရှိစေလနှင့်။ အစဉ်သတိရပါစေ။ စိတ်ယုတ်မာ ဝင်စားလာလျှင် မိတ်ဆွေ၏ ညှို့ဓာတ် ပျက်ပြား၍ အောင်မြင်တော့မည် မဟုတ်ဟု မှတ်လေ ... မိတ်ဆွေ။

ဇေမျိုးဖေး

မင်းသက်ဖိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ကြေးလက်ကောက်နှင့် သံဖြူဆရာ ဦးဟောနှင့် ဇော်ဂျီ

ရန်ကုန်မြို့၌ မစောအမည်ရှိသော လုံးကြီးပေါက်လှ တစ်ခုလပ်သည် အလုပ်အကိုင် အရောင်းအဝယ် နေရာမကျသဖြင့် ချမ်းချမ်းသာသာနေရအောင် အကြံတစ်ခု ပြုလုပ်သည်မှာ သော့အချောင်း (၅၀)ကျော်ရှိ သော့တွဲကြီး (၃)တွဲကို လက်မှာ အမြဲဆွဲ၍ ကြေးလက်ကောက်ရွှေရည်စိမ်တို့ကို ဘယ်ညာဝတ်ဆင်၊ မှုလုံးကောင်းကောင်းနှင့် တနင်္ဂနွေနေ့တိုင်း ဘုရားဖူးသွား၍နေသတဲ့။

ငှင်းမြို့၌ ဦးဟောဆိုသူမှာ ဂုဏ်ထိုယူ သိုက်တူးသည့်စိတ်အကြံနှင့် တွေးတောသည်မှာ ဖွစည်းဥစ္စာ ကြွယ်လျှက်



www.burmeseclassic.com

www.burmeseclassic.com



ရှပ်ချော့ချော့ရအောင်ကြံမှ ဟန်လိမ့်မည်ဟု သော့တွဲကြီး တစ်ချောင်း ခါးမှာချိတ်၍ အဝတ်တို့ကို ဂိုက်ပါပါ ဝတ်လျက် စတိုင်ပွပွ အရောင်ပြ၊ တုတ်ကောက်ကို ဖွေ့ခါဖွေ့ခါနှင့် တနင်္ဂနွေနေ့တိုင်း ဘုရားဖူးသွားရာ တစ်ခုသော တန်ဆောင်း ကြီးအတွင်း ပုတီးစိပ်နေသော မစောက ဦးတောကို မြင်လိုက် သောအခါ

"အင်း ... သည်လူတော့ ဟန်ဂိုက် တော်ပါ၏။ ခါးမှာလည်း သော့တွဲကြီးနဲ့၊ စက်သူဌေးလော၊ မြေပိုင်ရှင်လော၊ အရာရှိများပင် ဖြစ်သလော၊ တစ်ယောက်တည်း ဘုရားဖူး အလာ ကြည့်ရတော့ အိမ်ထောင်ရှိမည်မဟုတ်။ ငါ အရဖမ်းမှ တော်မည်"ဟု သော့တွဲကြီးတွေ တချွမ်ချွမ်နှင့် မာယာသံ ပြုလိုက်ရာ ... ။

ဦးတောသည် "ဟန်လေသကွယ်၊ ကောန်ပင် သူဌေးမပဲ။ ယောက်ျားရှိပုံမရ။ အနီးကပ်လေမှ တော်မည်ဟု မနီးမဝေး အသာသွားရာ မစောက သော့တွဲတစ်တွဲကို မေ့ယောင်ဆောင်၍ ထသွားသောအခါ ဦးတောက "အို ... ခင်ဗျာ၊ ယောသည့်မှာ သော့တွဲမေ့ရစ်သည်"ဟု ကော်က် အပေးတွင် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ကြပြီးနေကြရာ ဦးတောကလည်း "ငါတော့ သာပဲ၊ အရယူမှ နေရာကျမည်"။ မစောကလည်း "အို ... တစ်သက်မှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါကြုံတယ်၊ ရတနာပုံ ဆိုက်သည့်အလား ဟု အောက်မေ့ကြပြီးနောက် မစောကို ဦးတောက ခိုးယူသွားပြီးလျှင် အိမ်တစ်အိမ်၌ငှားပြီး ထား၍ နံနက် (၁၀)နာရီထိုးလျှင် ထမင်းစားသောက်ပြီး ရုံးတက်သွားသတဲ့။

အီးလစ်စာရေးကြီးယောင်ဆောင်သော ဦးတောသည် လက်ဖက်ရည်ဆိုင်၌ အကြံထုတ်သည်မှာ နက်ဖြန် တနင်္ဂနွေနေ့ မြင်းပွဲတွင် အနိုင်ကစားရန် လို၏။ ညဥ့်အိပ်ရာဝင်တွင် မိန်းမ၏ ရွှေလက်ကောက်တို့ကို ခေတ္တယူပြီး ပေါင်၊ မြင်းလောင်းလျှင် နေရာကျလိမ့်မည်ဟု တွေးတောလျက် ညနေ တွင် ရုံးဆင်းပြီး ညဥ့်အိပ်သောအခါ မယားမစော၏ လက်ကောက်တို့ကို အသာယူထားပြီး နံနက်စောစောတွင် အိမ်မှထွက်၍ အပေါင်ဆိုင်သို့ ဝင်ရောက်ပေါင်ရာ ရွှေမဟုတ် ကြေးလက်ကောက်တွေဖြစ်နေ၍ အပေါင်ဆိုင်ပေါက်ဖော်အား အတန်တန် တောင်းပန်ပြီးလာပြီး လက်ကောက်ထုပ်ကို နေရာတကျ ပြန်ထားပြီးနောက် အိမ်မှ ပျောက်သွားသတဲ့။

မယားမစောမှာ လင်ပြန်ချိန် ပြန်မလာသဖြင့် တစ်ညလုံး အိပ်မပျော်ဘဲရှိနေပြီး နံနက် (၁၀)နာရီအချိန်လောက်တွင် မစောသည် မိမိလင် အလုပ်လုပ်သောရုံးသို့ လိုက်ရှာရှာ ရုံး တကာရုံး နှံ့သော်လည်း မတွေ့သဖြင့် စိတ်အပျက်ကြီးပျက်

www.burmeseclassic.com

www.burmeseclassic.com



လျှက် ဈေးဘက်က လှည့်၍ပြန်လာရာ သံဖြူဆိုင်တန်း၌ ဦးတောသည် ပုဆိုးခြုံပြီး ခေါင်း၊ တိန်နှင့် ထုနေတာမြင်တော့ မစောက ဒေါသအလွန်ကြီးစွာဖြင့် ''ကိုတော … ရှင့်လုပ်ပုံ ကောင်းရဲ့လား၊ ရှက်လိုက်တာတော်'' စသည်ဖြင့် ကျယ်ကျယ် လောင်လောင်ပြောလိုက်ရာ ဦးတော့က 'ဟော့ … မစော၊ မင်း လာ၍မဆူလေနှင့်၊ မင်းလည်း ကြေးလက်ကောက်၊ ငါလည်း သံဖြူဆရာ' ဟု ပြောလိုက်ရာ အနီးရှိ လူများက ဝါးခနဲ ရယ်မောကြသည် ဟူသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ဣန္ဒြေကြီး၍ အပျိုကြီးဘဝနှင့်နေရသော မလွန်း အကြောင်း

လွန်ခဲ့သော နှစ်ပေါင်း (၃၀)လောက်က မန္တလေးမြို့၊ ရွာဟိုင်းဈေးအနီး (၄၀)အရွယ်ရှိ မလွန်းဆိုသော အပျိုကြီးသည် များစွာ ဣန္ဒြေလုံ့ပေသည်။ ယောကျ်ားသံကြားလျှင် အခန်းထဲသို့ တစ်ဟုန်တည်း ဝင်လေ့ရှိပေသည်။

လမ်းခရီး သွားရာ၌လည်း ယောကျ်ားများနှင့်တွေ့သော် ဘုန်းကြီးအရိပ်ကို ရှောင်သကဲ့သို့ လမ်းဘေးအောက်သို့ ကွေ့ကွင်းသွားတတ်သည်။ မလွန်းမှာ ရုပ်ရည်လည်း သင့်၊ မစ္ဆည်းဥစ္စာလည်း အသင့်အတင့် ရှိပေသည်။ လင်လည်း အင်မတန် လိုချင်၊ ဟန်ကလည်း များစွာလုပ်လေ့ရှိပေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားများမှာ လှုပျိုလှည့်ရန် မလွန်းအိမ်သို့ သွားကြရာ ယောကျ်ားမြင်ရုံနှင့် မလွန်း အခန်းထဲရောက်နေတော့ ရှက်ရှက်နှင့် ပြန်ကြရသတဲ့။ လင်လိုချင်သောမလွန်းမှာ တစ်နေ့သောအခါ ဗေဒင်ဆရာကြီးထံ သွားပြီး ဗေဒင်မေးရာ ဗေဒင်ဆရာကြီး ဆရာဝကလည်း ကညာအများကို သကာပျားကဲ့သို့ ချိုသာစွာ ဟောတတ်လေ၏။ မလွန်းသည် ဗေဒင်ဆရာကြီးရှေ့တွင် ထိုင်တော့ ...

"ကိုင်း ... မေးစမ်းဗျာ၊ ဟောလိုက်မယ်၊ သွက်သွက်ခါရော"

မလွန်းမှာ ဗေဒင်လည်း မမေးဘူး၊ ယောကျ်ားများနှင့်လည်း စကားမပြောဘူးသဖြင့် ကြောက်၍ တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေရာ

"အလိုလေး ... ဖြစ်မှဖြစ်ရလေဗျာ၊ ဘယ်စုန်းလဲ၊ ဘယ်နတ်လဲ၊ မှန်မှန်ပြော၊ ငါ့ဆိုင်ကို ဘာပြုလို့ နှောင့်ယှက်နေရသလဲ" ဟု ဆေးကြိမ်လုံးကိုင်ပြီး ထလိုက်တော့ ဘာ၍ပင်ကြောက်ပြီး ထမြန်တော့မည်အပြုတွင် ဗေဒင်ဆရာကြီးက ကြိမ်လုံးနှင့် မလွန်းကျောကို တစ်ချက်ရိုက်လိုက်ရာ

"ဆရာရဲ့ ... နောက်ကို ဣန္ဒြေမလုပ်တော့ပါဘူး ယောကျ်ားများနှင့်တွေ့သောအခါ ရှောင်မသွားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ဗေဒင်ဆရာ လူပျိုကြီးက

"ဪ . . . သည့်လိုလား၊ ကိုင်း . . . ကိုင်း . . . ရိုက်မိတာ လွန်ပါသည်၊ စိတ်မဆိုးပါနှင့်၊ ကျုပ်လည်း မလွန်းလို့ပဲ မိန်းမများ ကြောက်တာနှင့် လူပျိုကြီးဖြစ်နေတာ။ တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ဖြစ်ပြီး အိမ်ထောင်ပြုကြသတဲ့။

အချိန်လွန်မှရခြင်းသည် အချိန်ကို အလဟဿဖြုန်းသည်နှင့် တူ၏။ မိန်းမများသည် ဣန္ဒြေလုပ်သင့်သောနေရာများ၌သာ ဣန္ဒြေလုပ်ရန် သင့်ကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

## ကံအကျိုးကျေးဇူးအကြောင်း

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြု၏။ ၎င်းမင်းကြီး၌ သမီးတော်ငါးယောက် ရှိ၏။ တရံရောအခါ ခမည်းတော်မင်းကြီးက သမီးတော်ငါးယောက်တို့ကို ခေါ်စေ၍ မေးမြန်းမူလေ၏။

"ချစ်သမီးတို့ ... အဘယ်ကြောင့် ဤစည်းစိမ်ချမ်းသာတို့ကို ခံစားကြရသနည်း"

ဟု မေးတော်မူသောအခါ ကြီးလေးယောက်တို့က 'အရှင်ခမည်းတော် မယ်တော်နှစ်ပါးတို့၏ ဘုန်းတော်ကြောင့် ဧခုကဲ့သို့ ခံစားရကြောင်း' သံတော်ဦး တင်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



အငယ်ဆုံးသမီးက 'မှန်လှပါဘုရား၊ ကံအကြောင်းကြောင့် ဖြစ်ပါသည်ဘုရား' ဟု သံတော်ဦးတင်လေ၏။

'အို ... သမီးတော်၊ သင်ချစ်သမီးသည် ကံကို ယုံစား၊ ကံကိုသာ အားထား၏လော' ဟု မေးပြန်သော် 'မှန်လှပါ၊ ကံကိုသာ အားထားကြောင်း' လျှောက်ထားလေရာ မင်းကြီးသည် ငါ၏ဘုန်းတန်ခိုးကို မထောက်ထား၊ ကံကိုသာ ထောက်ထားသောသမီးအား ငါ့ထံ၌ မထား၊ အမျက်ထွက်တော်မူလျက် သမီးအကြီးလေးယောက်တို့ကို ခံစားမြဲ စံစားကြစေ၍ သမီးအငယ်အား နန်းတော်မှ အမြန်ဆင်းစေ၊ ထွက်ခွာစေရန် နှင်ထုတ်လိုက်လေ၏။

သမီးတော်ကလေးမှာ ရှေ့ပြုခဲ့သော ကာမာဝစရကုသိုလ်ကံ ကျေးဇူးတော်များကို အားထားပြီး ခမည်းတော်အမိန့်အတိုင်း နန်းတော်ကြီးမှ ထွက်ခွာသွားလေရာ မြို့တံခါးဝ၌ အမောပြေ ထိုင်လျက်နေစဉ် တောတွင်းသား ထင်းရောင်းသမားလုလင်သည် ထင်းကိုရောင်းပြီးအပြန် အမောပြေ မြို့တံခါးတွင် ထိုင်လေလျှင် မင်းသမီးသည် ရှေ့က ချဖူးသည့်ရေစက် ပန္နက်သည့်သစ္စာ မျက်နှာကို မြင်လိုက်သည်နှင့် မပြုံးနက် မေတ္တာတော်သက်ဝင်သဖြင့် 'အို ... မောင်၊ အဘယ်အရပ်ကနည်း' ဟု မေးသောအခါ 'တောတွင်းသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်’ဟု ပြောဆိုလျှင် ‘အမောင်သည် မည်သည့်အလုပ်၊ မည်သည့်ပညာ ရှိပါသနည်း’ဟု ထပ်လောင်းကာ မေးပြန်သော် ‘ကျွန်ုပ်သည် တော၌ ထင်းများကို စုဆောင်းလျက် မြို့သို့ လာရောက်ရောင်းချပြီး မိခင်မုဆိုးမကြီးအား လုပ်ကျွေးနေကြောင်း’ကို ပြောလေ၏။

မင်းသမီးသည် ထိုသူ ကြင်ရာမယား မရှိသည်ကို သိသဖြင့် ‘အို ... အမောင်၊ အကျွန်ုပ်ကို သိမ်းပိုက်ပါလော့’ ဟုဆိုလေသော် တောတွင်းသားသည် မင်းသမီးကို သိမ်းပိုက်လျက် မိခင်ထံ သွားကြလေ၏။ မိခင်ဖြစ်သောသူသည် ကောင်းခြင်းငါးဖြာ လှပယဉ်ကျေး သိမ်မွေ့ကျစ်လျစ် မင်းသမီးကို မြင်လေလျှင်

‘အမောင်ချစ်သား၊ မည်သူ့သမီးကို ခေါ်ဆောင်လာသနည်း’

‘အို ... ကျေးဇူးရှင် မိခင်မြတ်၊ အကျွန်ုပ် မခေါ်ပါ၊ သူ့အလိုအလျောက် လိုက်လာခြင်းဖြစ်သည်’ဟု ဆို၏။

ထိုအခါ မင်းသမီးက

‘မိခင်မြတ် ... မစိုးရိမ်နှင့်၊ ကျွန်ုပ်သည် ဘုရင်၏ သမီးတော်အငယ်ဆုံး ဖြစ်ပါသည်၊ ကံကိုသာ ယုံစားသည်ဟု သံတော်ဦးတင်လျှောက်ချက်ဖြင့် နန်းတော်မှ အမိန့်ဖြင့် မှတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



အရ ထွက်ခွာလာရကြောင်း၊ မိခင်မြွတ်၏သားကို ကျွန်ုပ်မြင်သည်နှင့်တစ်ပြိုင်နက် မေတ္တာသက်ဝင်၍ ချစ်ခင်စုံမက်သဖြင့် လိုက်လာရကြောင်း ကို ပြောကြားလေလျှင် မိခင်ဖြစ်သောသူက

'အမောင်ချစ်သား၊ လွန်စွာပင် သနားစရာဖြစ်၏။ သိမ်းပိုက်ပါ' ဟု ခွင့်ပြုသောအခါ မင်းသမီးနှင့် တောတွင်းသားတို့သည် ကြည်သာစွာ ပေါင်းသင်းနေထိုင်ကြလေ၏။

အိမ်၌ ပြုဖွယ်ကိစ္စတို့ကို ယောက္ခမအား မလုပ်ကိုင်စေဘဲ မင်းသမီးသည် မလစ်မဟင်းပြုလုပ်လျက် ယောက္ခမကို မိခင်ကဲ့သို့ ထင်မှတ်နေထိုင်ကြ၏။ တစ်ရံရောအခါ လုလင်သည် တောတွင်းသို့ ထင်းခွေသွားရာ ပတ္တမြားကျောက်တွင်း တွေ့လေ၏။

မိမိကြင်ရာ မိန်းမ ကစားရန်အတွက် လက်တစ်ဆုပ်မျှ ပတ္တမြားကျောက်တို့ကို ယူဆောင်လာပြီးလျှင် ဇနီးအားပေးသောအခါ ဇနီးက 'အို ... အမောင်၊ ဤကျောက်များကို ဘယ်အရပ်မှ ရသနည်း၊ အဖိုးမပြတ် ပြည်တန်ဆာပတ္တမြားကျောက်များဖြစ်၏ ဆိုပြီးလျှင် ဇနီးမောင်နှံစုံတို့သည် ကျောက်တွင်းရှိ ကျောက်များတို့ကို သိမ်းဆည်း၍ထားကြလေ၏။

အနည်းငယ်ကျောက်တို့ကို ယူဆောင်ပြီးလျှင် မြို့တော်သို့ ရောင်းချပြီး တိုက်တာတည်ဆောက်ကြပြီးလျှင် အမြဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တို့ကို တစ်စုစုခွဲလျက် ထားရှိပြီးလျှင် ခမည်းတော် မယ်တော်နှစ်ပါးတို့ နတ်ရွာစံသောအခါ သင်္ဂြိုဟ်ရန်ဟု မှတ်ဖြင့် မြှုပ်ထားပြီး ထားလျက် ချမ်းသာစွာ နေကြကုန်၏။

အခါတစ်ပါး၌ ဘုရင်မင်းမြတ် စုံစမ်းရေးဝန်ကြီးများသည် မြို့တွင်းသို့ လှည့်လည်လျက် စုံစမ်းရန် ထွက်ကြသောအခါ ထိုမင်းသမီး၏ အကြောင်းတို့ကို သိကြကုန်၏။ ဘုရင်မင်းမြတ် ညီလာခံတွင် ဘုရင်မင်းမြတ်ကြီးက

"မြို့ဝန်၊ စုံစမ်းရေးဝန်များ . . . ငါဘုရင်အား တိုင်းသူပြည်သားတို့က လေးစားမြတ်နိုးကြပါ၏လော"ဟု မိန့်တော်မူသောအခါ 'မှန်လှပါ၊ တိုင်းသူပြည်သားတို့မှာ ဘုန်းတော်အောက် ခိုလှုံလျက် ကြည်သာမြတ်နိုးကြောင်းပါဘုရား၊ ကံကိုယုံစားသော သမီးတော်အငယ်မှာ ပြည်တန်ဖိုးမြား ကျောက်တွင်းကိုတွေ့၍ တိုက်တာကြီးများ ဆောက်လုပ်လျက် ချမ်းသာကြွယ်ဝကြပြီး အချို့ကျောက်များကို စုဆောင်းထားလျက် ကျေးဇူးရှင် ခမည်းတော် မယ်တော်မြတ်တို့ နတ်ရွာစံသောအခါ သင်္ဂြိုဟ်ကန်တော့ရန် ထားရှိကြောင်း၊ စုံစမ်းသိရှိရကြောင်း' သံတော်ဦးတင်လျှောက်လေရာ ဘုရင်မင်းမြတ်ကြီးနှင့် မယ်တော်တို့က ကံကို အားထားသောသမီးမှာ ကံပြုမြင်သလိုဖြစ်ကြောင်း ထင်ရှားစွာ သိရှိကြ၍ သမက်နှင့်တကွ သမီးတော်ကို ရှေ့တော်သို့ သွင်းပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



"သမီးတော် ... လိမ္မာပေစွ၊ သမီးတော် သံတော်ဦးတင်သည့်အတိုင်း ကံတရားအကြောင်း မှန်ကန်စွာ သိရှိကြ၍ ဝမ်းမြောက်ပေသည်"

သမက်တော်ကို အိမ်ရှေ့မင်း ပြုလုပ်ခန့်အပ်လေသတည်း။

မှတ်ချက်။ ။

သဗ္ဗေသတ္တာ ကမ္မသကာ ကမ္မံ သတ္တေ ဝိပစ္စတိ။

သဗ္ဗေ-ခပ်သိမ်းကုန်သော၊ သတ္တာ-သတ္တဝါတို့သည်၊ ကမ္မသကာ-ကံသာလျှင် မိမိတို့ဥစ္စာ ဖြစ်ကုန်၏။ ဝါ ကံသာလျှင် ကိုးကွယ်ရာ ဖြစ်ကုန်၏။ ကမ္မံ-ကံသည်၊ သတ္တေ-သတ္တဝါတို့ကို၊ ဝိပစ္စတိ-အကျိုးကို ဖြစ်စေနိုင်၏။ ဝါ အကျိုးပေး၏။

ဟူသည်နှင့်အညီ အလုံးစုံသောသတ္တဝါတို့သည် ကံသာလျှင် မိမိတို့ဥစ္စာ ဖြစ်ကုန်၏။ ကံသာလျှင် ကိုးကွယ်ရာ ဖြစ်ကုန်၏။ ကံသည် သတ္တဝါတို့ကို အကျိုးပေး၏။ ထို့ကြောင့် ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ၊ မှန်မှန်ပြော၊ စောစောထ၊ ထိုလေးဝ၊ မုချကြီးပွားရာ။ ၄င်းလင်္ကာအဆိုဒ်ကို အမြဲနှလုံးသွင်းဆင်ခြင်ပါ။ ချစ်မိတ်ဆွေနှင့် ချစ်သူမတို့။

မင်းလက်ရာစာပေ

www.burmeseclassic.com

## နိဂုံး

ဤတွင် အဆုံးသတ်၍ နိဂုံးကဖွင့် အဆုံးသတ်တော့မည်။ ယခုနေ့မှစ၍ ချစ်မိတ်ဆွေနှင့် ချစ်သူမတို့၏ ကိစ္စအဝဝ အကြံအစည်ဟူသမျှတို့သည် အနှောင့်အယှက်ကင်းပြီး ဘဝင်အတွင်း လိုရင်းအချက် ဣစ္ဆိတာတို့ကို နိဋ္ဌိတာပြီးဆုံး၍ ကျက်သရေ မင်္ဂလာအဖြာဖြာတို့သည် တစ်နေ့တခြား ဒီရေအလားကဲ့သို့ မနှေးမြန်စွာ တိုးတက်အောင်မြင်နိုင်ကြပါစေကုန်သတည်း။

[illegible]

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်ဘက်ရွေးချယ်မှုများ

www.burmeseclassic.com

www.burmeseclassic.com

### ကမ္ဘာ့ကြီးအေ အိမ်ထောင်ရေးက

အိမ်ထောင်ရေးသည် ... လူသားတို့၏ မဖြစ်မနေ ပြုလုပ်ရမည့် တာဝန်တစ်ခုဟု ဆိုနိုင်ပေ၏။ အရွယ်ရောက်လာသူတိုင်း အိမ်ထောင်ပြုကြပေသည်။, လူမှန်လျှင် အိမ်ထောင်ပြု ကြရပေမည်။

သတ္တဝါတိုင်းသည် ... မိမိမျိုးဆက်များ ... ဆက်လက် တည်တံ့ရေးအတွက် အကာအကွယ်ယူနေကြသည်။ လူသည် သတ္တဝါထဲတွင် အမြင့်မားဆုံး၊ ဉာဏ်ပညာအရှိဆုံး သတ္တဝါဖြစ်သည့်အတွက် လူမျိုးဆက် မတိမ်ကော မပျောက်ပျက်စေရန် ထိန်းသိမ်းရန် တာဝန်တစ်ရပ် ရှိနေကြ၏။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း အိမ်ထောင်ရေးသည် အမှန်ပင် လူ့ဘဝအတွက် မရှိမဖြစ် လိုအပ်လှပေသည်။ သို့သော် အိမ်ထောင်ရေးသည် ဖော်ပြခဲ့ပြီးသော အကြောင်းတရားတစ်ခုတည်းဖြင့် မလုံလောက်ပေ။ လူ့အဖွဲ့အစည်း၏ လိုအပ်သော အရာဟူသမျှသည် အိမ်ထောင်ရေးအပေါ် အခြေခံနေပေသည်။

အိမ်ထောင်တစ်ခုမှ တစ်ဆင့်တက်ခါ ဆွေမျိုးတော်စပ်သော အိမ်ထောင်စုများကို ပေါင်းစည်းထားသည်။ ဆွေမျိုးစု တစ်စုအဖြစ်သို့ တိုးချဲ့ဖြစ်ပေါ်လာကြသည်။ ထိုမှတစ်ဖန် ဆွေမျိုးစုများကို စည်းရုံးထားသော လူ့အဖွဲ့အစည်း အသိုင်းအဝိုင်း၊ လူမျိုးနွယ်စု၊ နိုင်ငံအဖြစ်သို့ ဖြစ်ပေါ်လာကြသည်။

ဤကဲ့သို့ အခြေခံအဖွဲ့အစည်းများမှတစ်ဆင့် အခြေခံအဖွဲ့အစည်းကြီးများကို ရောက်ရှိလာကြရင်း ကမ္ဘာကြီးဟူ၍ ပေါ်ပေါက်ခဲ့ရသည်။ တစ်ကမ္ဘာလုံး၏ အခြေခံပင်မမှာ 'အိမ်ထောင်တစ်ခု' မှပင်ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေသည်။

ထို့ကြောင့်လည်း အိမ်ထောင်ရေးသည် ကာယကံရှင် ယောကျ်ားမိန်းမများအတွက် အလွန်အရေးကြီးသကဲ့သို့ နိုင်ငံ၊ လူမျိုး၊ ကမ္ဘာကြီးအတွက် အလွန်အရေးကြီးလှပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အိမ်ထောင်မှု ဘုရား ... တည်

## သေးမင်ရည် ... စုတ်ထိုး ...

အိမ်ထောင်ရေးဆိုသည်မှာ ... မိဘထံမှ ခွဲထွက်၍ သီးခြား၊ အိုးသစ်အိမ်သစ် ထူထောင်ခဲ့ကြခြင်းပင် ဖြစ်၏။ အိမ်ထောင်ရေးသည် တစ်စိမ်းအမျိုးသားနှင့် အမျိုးသမီးတို့ လူ့ဘဝတစ်လျှောက်လုံး အတူယှဉ်တွဲလျှောက်ရမည်ဖြစ်၍ မလွယ်ကူပေ။ တိမ်မှမယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက် လှပေသည်။

အိမ်ထောင်တစ်ခုတွင် ယောကျ်ားနှင့် မိန်းမတို့သည် အသက်ထက်ဆုံး ပေါင်းကြရမည်ဖြစ်သည်။ ထို့ကြောင့် ဘဝ တစ်ခုကို ရင်ဆိုင်ရာ၌ နှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသော လူများ၏ ဘဝအရေးဖြစ်သဖြင့် ချင့်ချိန်စဉ်းစားရန် အရေးကြီး သည်။ ဆွေမျိုးအရေး၊ လူမှုအရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လိင်ဆက်ဆံမှုကအစ အိမ်ထောင်ရေးလောကတွင် ရောထွေးပါလာပေသည်။

ထို့ကြောင့် 'အိမ်ထောင်ရေး'မှ ဆိုလျှင် အကြောင်း အမျိုးမျိုးကို စဉ်းစားရပေမည်။ ဖိုနှင့် မ သဘာဝကြောင့် ဤကမ္ဘာလောကကြီး ထွန်းကားလာခဲ့သည်မှာ ကမ္ဘာဦးအစမှ ယနေ့ထက်တိုင် ဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်ရေးသည် လူသားတိုင်းနှင့် ဆက်စပ်လျက် ရှိပေသည်။

မင်္ဂလာဆောင်ရှာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မှု ဘုရားတည် . . . ဆေးမင်ရည် စုတ်ထိုး ဟူသော စကားမျိုးအရပင် အိမ်ထောင်ရေးသည် တစ်ခါပြုပြီး နောက် (ရှေးတုန်းကတော့) ထပ်မံပြုကြရန် ခဲယဉ်းလှပေသည်။ သို့ဖြစ်၍ . . . အိမ်ထောင်ရေးကို မစဉ်းစားဘဲ အရူးအမူးပြုလုပ် ခြင်းသည်လည်းကောင်း၊ ပေါ့ပေါ့တန်တန် ပြုလုပ်ခြင်းသည် လည်းကောင်း၊ စိတ်သောကနှင့် ကြုံရတတ်ပေသည်။

## ကမ္ဘာကျော်ပညာရှိများ၏ ချစ်ဒုက္ခ

ကမ္ဘာကျော် စစ်ဗိုလ်ချုပ်ကြီး နပိုလီယံသည် သူ့ဇနီး ဖြစ်သူ ဂျိုးဆက်ကာဖီး၏ စစ်မှန်သောမေတ္တာကို မရခဲ့သဖြင့် လည်း သူ့အိမ်ထောင်ရေးသည် မသာယာခဲ့ပေ။ စစ်မြေပြင်တွင် အောင်ပွဲဆင်ရင်း အလွမ်းသယ်ခဲ့ရပေသည်။

ကမ္ဘာကျော်စာရေးဆရာကြီး ချားလ်ဒစ်ကင်းသည် အထက်တန်းလွှာမှ လှကညာ မာရီယာကို အရူးအမူး ချစ်ခဲ့ သည်။ သို့သော် ဖောက်ပြန်သော အထက်တန်းစားများ၏ လူ့အဆင့်အတန်းခွဲခြားမှုကြောင့် လွဲခဲ့ရပေသည်။ သို့ဖြစ်၍ လည်း ဒေးဗစ်ကောပါးဖီးလ် (ခေါ်) မေတ္တာဘွဲ့စာအုပ်ကောင်း တစ်အုပ် ပေါ်လာရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကျော် ဆိုဗီယက်စာရေးဆရာကြီး လီယိုတို လစ်တွိုင်းဆိုလျှင် ဇနီးနှင့် မသင့်မြတ်ဖြစ်ကာ အိမ်မှ ထွက်ခွာရာမှ သေဆုံးခဲ့ရရှာသူ ဖြစ်သည်။ အိမ်ထောင်ရေးအဆင်မပြေသော ကဗျာဆရာများအနက် အိန္ဒိမီလ်တန်သည် ထိပ်ဆုံးက ပါဝင်ခဲ့သည်။ ပထမဇနီး မေရီနှင့် စိတ်သဘောချင်းမတိုက်ဆိုင်၍ စိတ်ဒုက္ခရောက်ခဲ့ရသည်။

ဒုတိယ၊ တတိယဇနီးများမှာလည်း သူနှင့်အသွင်မတူသော အိမ်သူအိမ်သားများသာဖြစ်၍ ဘဝတစ်လျှောက်လုံး ဒုက္ခများနှင့် ရင်ဆိုင်တိုးသွားရရှာလေသည်။

ဆိုဗီယက်စာရေးဆရာကြီး ပွတ်ရှကင်းမှာ အချစ်အတွက်နှင့် အသက်ဆုံးခဲ့ရသူ ဖြစ်သည်။ ကဗျာဆရာ ဒန်တီမှာလည်း ထိုနည်းတူပင် သူချစ်သူနှင့် လွဲခဲ့ရ၍ အလွမ်းဒဏ်ခံစားခဲ့ရ၏။ အိမ်ထောင်ရေးတွင်လည်း မီလ်တန်ကဲ့သို့ အသွင်မတူသော အိမ်သူနှင့် ညားခဲ့ရ၍ သောကပင်လယ်ကြောတွင် စုန်ဆန်မျောခဲ့ရပေသည်။

သို့ဖြစ်၍ 'အိမ်ထောင်ရေး' မှာ မလွယ်ကူသည်နှင့်အမျှ တာဝန်လည်း များပြားလှပေသည်။ ထိုများပြားသောတာဝန်များကို တက်ညီလက်ညီ ဆောင်ရွက်မှ သာယာမည်။ ထို့ကြောင့် အိမ်ထောင်တာဝန်ကို ထမ်းဆောင်ရန် ဇနီးမိန်းကလေးမှလည်း အသွင်တူရန် အလွန်အရေးကြီးလှပေသည်။

www.burmeseclassic.com



## အချစ်သည်သာကျွင်း...

အိမ်ထောင်ရေးတွင် အချစ်သည် ပဓာနကျသောအပိုင်းမှ ပါဝင်သင့်သည်။ အချစ်မပါသောအိမ်ထောင်ရေးသည် ဆားမပါသောဟင်းကဲ့သို့ ပေါ့ရွှတ်ရွှတ်ရှိနေပေမည်။

သို့ရာတွင် ... အချစ်ဟူသည်ကား အဘယ်နည်း။

စာရေးဆရာကြီး ပီမိုးနင်းကမူ လောကတွင် အချစ်တု အချစ်ယောင်နှင့် တကယ်အချစ် (၂)မျိုး ရှိသည်ဟု ခွဲပြခဲ့သည်။ (ယင်းနှစ်ခုကို ခွဲခွဲခြားခြားသိရန်မှာ ကာယကံရှင်များသာ စုံစမ်းစမ်းသပ်ကြည့်ရမည် ဖြစ်သည်။)

ယခုခေတ်တွင်မူ တကယ့်အစစ်အမှန်အချစ်မဟုတ်ဘဲ မိဘများက ဆင်စီးမြင်းရံတာ မြင်ချင်သည်ဆို၍ လက်ထပ်ပေးကြသော အိမ်ထောင်ရေးပေါင်း ဒုနှင့်ဒေး ရှိသည်။ ဥစ္စာ၊ ရွှေ၊ ငွေ၊ ဂုဏ်သရေနှင့် အာမခံချက်များအပေါ် အဓိက ကြိုက်နှစ်သက်ပြီး၊ ယင်းကိုပင် အချစ်ဟု ထင်မှားကာ လက်ထပ်ခဲ့ပြီးမှ ကွဲကွာခဲ့ရသော အိမ်ထောင်ပေါင်းလည်း မနည်းတော့ပေ။ ဤသည်မှာ အိမ်ထောင်ရေးတွင် အချစ်စစ်၊ အချစ်မှန် ရှိသောလျှင် အရေးကြီးလှပေသည်။

အချစ်စစ်သည့်အခါ၌ မိမိချစ်သော ချစ်သူအပေါ်၌ အပြစ်ဟူ၍ မြူမျှပင် မမြင်။ ကြင်နာ၊ ယုယ၊ စာနာတတ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ဖြစ်၍ အိမ်ထောင်တစ်ခု ထူထောင်၍ တစ်သက်တာ ဘဝကို စခန်းသွားရမည့် ဇနီးလောင်းတစ်ဦး ရွေးချယ်ရာတွင် မှန်ကန်ရန် အရေးကြီးသည်။ ဤသို့ ရွေးချယ်ရာတွင် မေတ္တာသည်ပင် ပင်မအခြေခံ ဖြစ်၏။

ဝါသနာတူမှု၊ သဘောထား တူညီတိုက်ဆိုင်မှုတို့သည် အခက်အလက်သဖွယ် ပါဝင်ပေသည်။ သို့သော် နေရာတိုင်း ဆိုလိုသည်မှာ အသေးအမွှားကိစ္စတွင် သဘောမတူနိုင်သော အချက်များကို ခွင့်လွှတ်ခဲ့လျှင် လုံးဝဒင်းပြည့်ကျပ်ပြည့် သာယာသောအိမ်ထောင်ရေး မဟုတ်သည့်တိုင်၊ အသာယာဆုံး အိမ်ထောင်ရေးဘဝကို ရောက်မည်ကား မဟုတ်ပေ။

ထို့ကြောင့် အိမ်ထောင်ဖက်ရွေးချယ်မှုတွင် ချစ်မြတ်နိုးခြင်းကိုသာ ပင်မ,ထား၍ စဉ်းစားကြပါ။ သဘောသဘာဝ၊ ဂုဏ်ပကာသနနှင့် ရုပ်ရည်ရူပကာအလှတို့ကို အဓိက မထားကြပါနှင့်။ ချစ်နေလျှင် အမြဲလှနေတတ်ပြီး ဂုဏ်ပကာသန စီးပွားရေးရှာလျှင်လည်း မောင်တစ်ထမ်း မယ်တစ်ရွက် အိမ်ထောင်တာဝန်ကို ထမ်းကြမည်ဆိုက မကြာမီ ကြီးပွား ချမ်းသာကြမည်ဖြစ်၍ ချစ်သူစစ်ကိုသာ ရွေးချယ်ကြဖို့ ပြောအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးဆိုသည်မှာ လူနှစ်ဦး (သို့မဟုတ်) နှစ်ဦးထက်ပိုသော လူများ၏ ဘဝတစ်လျှောက်လုံး စုစည်းနေထိုင်ရသောအခြေအနေတွင် တည်ရှိနေသဖြင့်လည်း ရှုပ်ထွေးပွေလီလှပေသည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် တည်ဆောက်ရသော ပုဂ္ဂလိကအိမ်ထောင်ရေးတွင် လိုအင်ဆန္ဒများ ပါဝင်နေကြသည်။ ယင်းအခြေခံလိုအင်များ၏ မကျေနပ်မှုများအပေါ်တွင် အိမ်ထောင်ရေး၏ သာယာမှု၊ မသာယာမှုတို့က လုံးဝတည်ရှိနေသည်။

အိမ်ထောင်ရေးတွင် သတ်မှတ်ချက်၊ တားမြစ်ချက်နှင့် အိမ်ထောင်ပြုပုံစံစနစ်တို့သည် ကမ္ဘာအရပ်ရပ်ရှိ လူ့အဖွဲ့အစည်းအသီးသီးတို့တွင် မတူညီကြပေ။ လူ့အဖွဲ့အစည်းတစ်ခုထဲတွင်သော်မှု ပထဝီဒေသအလိုက် ကွဲပြားခြားနားနေကြသည်။ ဤသို့ ကွဲပြားမှု၏အဆုံးတွင်မှု လူတစ်ဦးချင်း မတူညီမှု (သို့မဟုတ်) လူတစ်ဦးနှင့်တစ်ဦး ခြားနားမှုရှိကြောင်း လက်ခံကြသူများ ဖြစ်၏။

ထို့ကြောင့်လည်း အိမ်ထောင်တစ်ခုတည်ဆောက်ရေးတွင် အလှအပ ပညတ်၊ မေတ္တာ၏ တန်ဖိုး အိမ်ထောင်ပြုပုံစံ



www.burmeseclassic.com

www.burmeseclassic.com



စနစ် စသည့် လူ့အဖွဲ့အစည်းမှ ပြဋ္ဌာန်းပေးသော အချက် အလက်များကို စိတ်ပညာရှင်များသည် အမိက မထားပေ။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ လူ့အဖွဲ့အစည်း အလိုက် ပြောင်းလဲနေသောကြောင့်ပင် ဖြစ်၏။ စိတ်ပညာရှင် များ တန်ဖိုးထားသောအချက်မှာ 'ညှို့ယူမှာ အချစ်မေတ္တာ နည်းပညာ' ပင်ဖြစ်ကြောင်း အုံ့ညဖွယ် ဆိုခဲ့ကြပေသည်။ (ဤ ပညာနှင့်ပတ်သက်၍ ကျမ်းပြုသူ ကျွန်ုပ်သည် ဗုဒ္ဓဝင်၊ သာစက၊ ပုံပြင်များဖြင့် ရှေ့တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။)

ဤနေရာတွင် အိမ်ထောင်တစ်ခု၏ အချစ်မေတ္တာ ညှို့ယူမှု ဆိုသည်မှာ လင်နှင့်မယား အပြန်အလှန် အပေးအယူ မျှတမှု၊ သဘောသဘာဝ တူညီမှုနှင့် ပတ်ဝန်းကျင်နှင့် အံဝင် ဂွင်ကျ နေထိုင်တတ်မှုကို ဆိုလိုပေသည်။

လေ့လာမှုတစ်ခုတွင် လက်ထပ်ပြီးသူ အမျိုးသား (. . ၁)နှင့် အမျိုးသမီး (၁၀၀)ကို တွေ့ဆုံမေးမြန်းခဲ့ပေသည်။ အိမ်ထော. . ရးအဆင်မပြေမှုနှင့်ပတ်သက်၍ တွေးဆချက်နှစ်ရပ် ရှိခဲ့ပေသည်။ ၎င်းတို့မှာ လင်မယားကွာရှင်းမှုကို ဖြစ်ပေါ် နိုင်လောက်အောင် စေ့ဆော်ပေးနိုင်သော စိတ်ပိုင်းဆိုင်ရာ မကျေနပ်ချက်များနှင့် တစ်ဦးနှင့်တစ်ဦး အချိန်အတိုအတွင်း စေ့စပ်ကြောင်းလမ်းပြုလုပ်ပြီး လက်ထပ်ခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးနှင့်တစ်ဦး မတူညီသော အချို့အကြောင်းရင်းများသည် သေးမွှားသောအကြောင်းရင်းများဖြစ်သော်လည်း ၎င်းတို့မှ ကြီးထွားလာကာ အိမ်ထောင်ရေးပျက်စီးမှုနှင့် ကြုံရတတ်ပေသည်။ ဥပမာ-ယောကျ်ားဖြစ်သူက ဘောလုံးပွဲကြည့်ရန် အလွန်ဝါသနာပါခြင်း၊ မိန်းမဖြစ်သူက အငြိမ့်ဇာတ်ပွဲဝါသနာအလွန်ပါခြင်း၊ ယောကျ်ားကသော် လည်းကောင်း၊ မိန်းမကသော် လည်းကောင်း ပိုက်ဆံအပိုသုံးခြင်းတို့တွင် ကွဲလွဲမှုကလေးများသည် ကြီးထွားလာပြီး အိမ်ထောင်ရေးပြိုကွဲမှုကို ရှေးရှုတတ်ပေသည်။

အုတ်တစ်ချပ်သည် အရာမရောက်သော်လည်း အုတ်ချပ် များလာပါက ထုထည်ကြီးမားသော တိုက်အဆောက်အဦကြီး ဖြစ်လာနိုင်သောသဘောပင် ဖြစ်သည်။ ထို့ကြောင့်လည်း တူညီသောစိတ်ဓာတ်နှင့် အပေးအယူမျှမှုသည် လူသားနှစ်ဦးပေါင်းသင်းဆက်ဆံနေရသော အိမ်ထောင်ရေးသည် အလွန်အရေးကြီးလှပေသည်။

အိမ်ထောင်တစ်ခု အဆင်ပြေ ပျော်ရွှင်မှု ရရှိစေရန် တစ်ဦးအပေါ်တစ်ဦး လွှမ်းမိုးမှု ရှိနေရပါမည်။ သို့မဟုတ်ပါက လင်ဖြစ်သူက အနည်းငယ် ပို၍နေရမည်။ သို့မဟုတ် မယားဖြစ်သူက လင်အပေါ်တွင် အမှန်တကယ် ပိုမိုလွှမ်းမိုးလာပါမှ



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘောင်လောကဆက်ဆံရေးနှင့် လိင်ဆိုင်ရာညှိယူမှုများတွင် မလွဲမရှောင်သာ ဒုက္ခနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ထို့ကြောင့်လည်း အမျိုးသမီးတစ်ဦးအနေနှင့် အိမ်ထောင်ဖက်ကို ရွေးချယ်ရာတွင် အိမ်ထောင်ရေးကို ဦးဆောင်နိုင်သော (Leadership) အရည်အချင်းရှိသူအား ရွေးချယ်ရန်ဖြစ်သည်။ အမျိုးသားတစ်ဦးအနေနှင့်လည်း အိမ်ထောင်ဖက် အမျိုးသမီးတစ်ဦးကို ရွေးချယ်ရာတွင် မိမိကိုယ်ကို နှိမ့်ချရိုကျိုးတတ်သော စိတ်ဓာတ်ရှိသော မိသားစုအတွင်းမှ အမျိုးသမီးကို ရွေးချယ်ရန်ဖြစ်သည်။

အိမ်ထောင်ရေးသာယာမှု၊ မသာယာမှု၊ ပြတ်စဲကွာရှင်းမှုတို့သည် အိမ်ထောင်ပြုသောအသက်အရွယ်နှင့် ဆက်စပ်မှုရှိသလားဟူသည်ကို လေ့လာခဲ့ရာ ဆက်နွယ်မှုရှိကြောင်း သိခဲ့ရပေသည်။ အသက်ငယ်ရွယ်သူ (အသက် ၂၀ အောက်) အိမ်ထောင်ပြုသူများသည် အသက်ကြီးမှ အိမ်ထောင်ပြုသူများထက် အိမ်ထောင်ရေးအဆင်မပြေမှုများရှိကြောင်း လေ့လာသိရှိရသည်။

ထို့ကြောင့်လည်း အိမ်ထောင်သာယာမှုနှင့် အချိန်သည် ဆက်စပ်နေသည်ဟု သုံးသပ်ကြည့်ရာ အသက်ငယ်ငယ် အိမ်ထောင်ပြုသူများမှာ ဦးဆောင်မှုအတွေ့အကြုံနည်းပါးခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးဝမ်းကျောင်းဆိုင်ရာ ရည်မှန်းချက်မပြည့်စုံခြင်း၊ စီးပွားရေးအဆင့်နိမ့်ပြီး မဖြေရှင်းနိုင်မှုတို့ကြောင့် ဖြစ်ပေါ်တတ်ကြောင်း တွေ့ရှိရပေသည်။

အောင်မြင်သာယာသော အိမ်ထောင်တစ်ခုဖြစ်လာရေးတွင် လင်နှင့်မယား တူညီသောအခြေခံစိတ်ဓာတ်ရှိမှုနှင့် ပတ်ဝန်းကျင်ညှိယူမှုရှိရန်သာ အရေးကြီးသည်ဟူသော အချက်ပင်ဖြစ်သည်။

ဥရောပတိုက်တွင် (၁၃)ရာစုနှစ်လောက်က စိတ်ကူးယဉ်အချစ် (ဝါ) သမီးရည်းစားအချစ် (Romantic Love)ကို ပိုမိုဦးစားပေးတတ်ကြသည်။ (စိတ်ကူးယဉ်အချစ်ကို အိမ်ထောင်သည်များ မရယူနိုင် ဟူ၍လည်း လက်ခံယူဆထားကြသည်။)

(၁၈)ရာစုနှစ် ဥရောပအိမ်ထောင်ရေးတွင် စိတ်ကူးယဉ်အချစ်သည် အချစ်အတော်ပါဝင်လာသည်ကို တွေ့ရပေသည်။ လူ့အသိုင်းအဝိုင်းတိုင်းကလိုလိုပင် ရံဖန်ရံခါ လိင်မတူသူအချင်းချင်း တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ်ရှိသည်ကို အသိအမှတ်ပြု လက်ခံခဲ့ကြသည်။

သို့သော် ရှေးကျသော လူ့အဖွဲ့အစည်းများကမူ စိတ်ကူးလက်မခံခဲ့ချေ။ ၄င်းသည် အိမ်ထောင်ရေး၌ အခြေခံ

www.burmeseclassic.com

www.burmeseclassic.com



မကျဟု ယူဆလက်ခံခဲ့ကြ၏။ စိတ်ကူးယဉ်ကို အခြေတည်ပြီး သံယောဇဉ်ထားမှုသည် မကောင်းဟု ယူဆကြပေသည်။

ငှင်းအဖွဲ့အစည်းများတွင် တစ်သက်တာစွဲလမ်းမှုသည် စံလွဲခြင်း (Abnormal) သာ ဖြစ်သည်။ ဘာမှအဓိပ္ပာယ်မရှိဟု ယုံကြည်ကြ၏။ လက်တွေ့အချစ် (Practicle Love) ကိုသာ လက်ခံလိုက်နာကျင့်သုံးကြပေသည်။

၄၈

မြန်မာနိုင်ငံတွင် လက်မထပ်မီ လိင်အပြုအမူ ကျူးလွန်ခြင်း (ဝါ) လိင်ဆက်ဆံမှု ပြုလုပ်ခြင်းကို ရှုတ်ချကြပေသည်။ ထို့ကြောင့်လည်း လက်မထပ်မီ အပျိုစင်ဖြစ်ခြင်းကို အထူးတန်ဖိုးထား၍ အလေး အသားပေးသည်ဟု ဆိုရပေမည်။

အပျိုစင်ဖြစ်ရမည် ဟူ၍လည်း လူတိုင်း၏စိတ်ထဲတွင် စိုးမိုးနေကြသည်လား မပြောတတ်ပေ။ ဤသည်မှာ ယဉ်ကျေးမှု၏ သင်္ကေတမှတ်ချက်တစ်ခု ဖြစ်နိုင်သည်။

အရှေ့တိုင်းနိုင်ငံတို့နှင့် နှိုင်းစာလျှင် အနောက်တိုင်းနိုင်ငံများ၏ ဆက်ဆံရေးသည် ဆန့်ကျင်ဘက်လိင်တို့ကို အသားပေးလွန်းလှပေသည်။ အနောက်နိုင်ငံများတွင် မိန်းမအချင်းချင်း သို့မဟုတ် ယောက်ျားအချင်းချင်း လိင်တူများ သွားလာရေးကို ရှုတ်ချကြသည်။

www.burmeseclassic.com

မင်းကျက်စာအုပ်

www.burmeseclassic.com



လိင်မတူချင်း ရောနှောဆက်ဆံရေး (Promiscurlt)ကို အသားပေးကြ၏။ အရှေ့တိုင်းနိုင်ငံများတွင်မူ လိင်တူခြင်း သွားလာဆက်ဆံရေးကို လိင်မတူချင်း သွားလာဆက်ဆံရေး ထက် အသားပေးကြသဖြင့် အနောက်တိုင်းနိုင်ငံများနှင့် နှိုင်းစာ လျှင် အပျိုရည်သန့်စင်ခြင်းကို ပိုမိုအလေးပေးကြသည်ဟု ဆို နိုင်သည်။

လက်မထပ်မီ အပျိုရည်သန့်စင်ခြင်းနှင့်ပတ်သက်၍ လူ့အဖွဲ့အစည်းအလိုက် သဘောထားခြားနားကြပေသည်။ အချို့လူ့အဖွဲ့အစည်းများတွင် ဖခင်မပေါ်သော ကလေးမွေးဖွား ခြင်းကို ကဲ့ရဲ့ရှုတ်ချ၊ လျစ်လျူရှုတတ်ကြပေသည်။

## မိန်းမတို့ အလှအပ

အလှအပကို မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းက သတ် မှတ်ခဲ့ကြပေသည်။ လွန်ခဲ့သောနှစ်ပေါင်း (၂၀)ခန့်က အနောက် နိုင်ငံများက လက်ခံထားခဲ့သော မိန်းမတစ်ယောက်၏ အသွင် သဏ္ဌာန်သည် လုံးကြီးပေါက်လှ ဖြစ်ပေသည်။

လုံးကြီးပေါက်လှကိုမှ လှပသည့်အမျိုးသမီးဟု သတ် မှတ်ပြီး ယောကျ်ားများ သဘောကျတတ်သည်။ ယခုလက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကာလတွင်မူ အနောက်နိုင်ငံများတွင် မိန်းမတစ်ယောက်သည် ပိန်လေလှလေဟု ယူဆကြ၏။

မြန်မာနိုင်ငံတွင်မူ အနောက်နိုင်ငံများက လက်ခံထားသော အလှအပ ပညတ်ကို လက်မခံခဲ့ချေ။ သွယ်လျနွဲ့နှောင်းပြီး ချစ်စရာကောင်းသော ရုပ်ရည်ရှိသူများကို နန်းဆန်သူ မိန်းမမြတ်အဖြစ် သတ်မှတ်ခဲ့ကြပေသည်။ ဘုရင်များက မိဖုရားအဖြစ် မြှောက်စားခဲ့ကြပေသည်။

သို့သော် ယနေ့ခေတ် မြန်မာလူ့အဖွဲ့အစည်း၌မူ လုံးကြီးပေါက်လှ တောင့်တောင့်တင်းတင်း ကြွရွစိုပြည်သူများကို လက်ခံနေကြပေ၏။ နှစ်သက်နေကြပေ၏။

ဤသည်ကို ကြည့်ခြင်းအားဖြင့် အနောက်နိုင်ငံများနှင့် အရှေ့နိုင်ငံများ၏ မိန်းမတစ်ယောက်အပေါ် သတ်မှတ်ထားသော အလှအပ ပညတ်ချက်မှာ ဆန့်ကျင်ဖက် ဆက်နွယ်မှုရှိနေကြောင်း ခန့်မှန်းရသည်။

ဤကဲ့သို့ လူ့အဖွဲ့အစည်း အတော်များများ၌ မိန်းကလေးတစ်ယောက်၏ အလှအပ ပညတ်ချက်များနှင့် သတ်မှတ်ထားချက်များသည် မတူညီကြပေ။ လူ့အဖွဲ့အစည်း မတူညီကြသကဲ့သို့ လူ့အဖွဲ့အစည်းထဲမှ လူတစ်ဦးနှင့်တစ်ဦးသည်လည်း မတူညီကြပေ။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အချို့လူများက မိန်းကလေးတစ်ဦး၏ အလှအပအဖြစ် ပုံပန်းသွင်ပြင်ကို သတ်မှတ်၏။ တချို့ကမူ မျက်နှာကို သတ်မှတ်၏။ လူတစ်ကိုယ် အကြိုက်တစ်မျိုး ဆိုစကားမှာ မမှား လောက်ချေ။ ထို့ကြောင့် အချို့သောပညာရှိများက အလှအပ ဆိုသည်မှာ ပုဂ္ဂလိကစိတ္တဇအမြင်ဟု အနက်ဖော်ခဲ့ကြပေသည်။

မည်သို့ပင်ဖြစ်စေ ... ကမ္ဘာ့လူ့အဖွဲ့အစည်းများတွင် မိန်းကလေးတစ်ယောက် အလှအပ ပညတ်ချက်များကား ကွဲပြားခြားနားနေကြသည်မှာ အမှန်ပင်ဖြစ်သည်။

လူ့အဖွဲ့ အစည်းနှစ်ခုကို နမူနာပြရမည်ဆိုသော် ...

ပထမအဖွဲ့အစည်းမှာ အာဖရိကအလယ်ပိုင်း ကပွလီ လူမျိုး အုပ်စုတစ်စုဖြစ်၏။ ၎င်းတို့တွင် မိန်းကလေးတစ်ဦး အလှအပကို 'ဆူလေ ဖြိုးလေ၊ ဝလေ လှလေပဲ' ဟု ပညတ် သတ်မှတ်ထားကြသည်။ သူတို့၏ မိန်းကလေးတစ်ယောက် အပေါ် သတ်မှတ်သော အလှအပ ပညတ်မှာ 'ဝ'ခြင်း ဖြစ်၏။ မိန်းမများ၏ ဇာတိစိတ်သည် ယောကျာ်းများကဲ့သို့ ခိုင်မာမှု မရှိပေ။

မိန်းမများ၏ ကတိစိတ်သည် ယောကျာ်းများကဲ့သို့ ခိုင်မာမှု မရှိပေ။ ယောကျာ်းများနှင့်နှိုင်းစာလျှင် စိတ်လှုပ်ရှား လွယ်ခြင်း၊ အညှုံခံလိုခြင်းများ ပါဝင်ပြီး အလှအပကို စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားတတ်၏။ အလှအပအတွက်ဟုဆိုလျှင် ကြိတ်မှိတ်ပြီး အပင်ပန်းခံကာ ကြိုးစားကြပေသည်။

ဤ၊တင်ပြချက်နှင့်အညီ *ကပ္ပလီလူမျိုးအုပ်စုမှ အမျိုးသမီးများမှာ မိမိကိုယ်ကို လှအောင်ပြုလုပ်ကြ၏။ အလှတိုးစေသောရိပ်သာ (Fattering House)သို့သွား၍ အိမ်ကျဉ်းကျဉ်းလေးတွင် နေထိုင်လေ့ရှိကြသည်။

အိမ်ထောင်ပြုမည့် သတို့သားလောင်းတို့၏ ငွေကြေးချမ်းသာမှုအဆင့်ပေါ်တွင် ထိုအမျိုးသမီး၏ အလှတိုးခြင်းအနည်းအများသည် မူတည်နေပေသည်။ သတို့သားသည် ငွေကြေးချမ်းသာသလောက် သတို့သမီးလောင်းကို ၄င်းရိပ်သာသို့ ပို့ထားပြီး အမျိုးသမီးအား ဆူစေ၊ ဖြိုးစေရန် အသားအရေတိုးစေရန် အသားများ၊ အဆီများကို ပို့ပေးတတ်ကြပေသည်။

၄င်းကို သတို့သမီးဘက်မှ ဆွေမျိုးတော်စပ်သူ (သို့မဟုတ်) သတိုးသမီးဘက်မှ တော်စပ်သူများက ပို့ပေးရ၏။ ဤသို့လျှင် ကောင်းမွန်သောအစားအသောက်များကို တကူးတက ရှာဖွေစုဆောင်းပေးကြ၏။ ၄င်းအမျိုးသမီးမှာ ထလှုပ်လမ်းလျှောက်ခြင်း၊ လှုပ်ရှားခြင်း မပြုလုပ်ရ။ ထိုသို့ပြုလုပ်ခြင်းဖြင့် ပိန်သွားနိုင်သည်ဟု လက်ခံထားကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ပြုလုပ်ခြင်းမှာ လှလာစေရန် လက်ထပ်သော သတို့သားက ဂုဏ်ယူနိုင်စေရန် လှေကျင့်ပေးခြင်းသာ ဖြစ်ပေသည်။ တောင်အာဖရိကတိုက်ရှိ ဘာတိုကာ (Batoka) လူမျိုးစု၌ အရွယ်ရောက်လာလျှင် အမျိုးသားရော၊ အမျိုးသမီးပါ လှလာရေးအတွက် သွားများကို အနစ်နာခံ၍ ရိုက်ချိုးပစ်ကြသည်။ ဤသို့ ရိုက်ချိုး၍ အောက်နှုတ်ခမ်းများများ ထွက်လာလေလေ ပို၍လှလာလေလေ ဖြစ်သည်ဟု ယူဆကြသည်။

မြန်မာလူ့အဖွဲ့အစည်းများတွင် အလှအပနှင့် ပတ်သက်၍ ထူးခြားဆန်းပြားမှုကိစ္စများ ရှိခဲ့ပေသည်။ ဥပမာထား၍ နမူနာပြရသော် နာဂအပျိုလေးများ၏ ရင်သားလုံးအလှကို ဖော်ပြထားခြင်းမှာလည်း တဏှာရာဂနှင့်ပတ်သက်၍ မြူဆွယ်ခြင်းမဟုတ်ပေ။

ရိုးသား၍ ချစ်စရာကောင်းသော အတွေးအခေါ်ကလေးတစ်ခုကြောင့်ပင် ဖြစ်၏။ ၎င်းမှာ လှပသည်ဟု ယူဆထားသော သူတို့လူ့အဖွဲ့အစည်း၏ သတ်မှတ်ချက်ပင် ဖြစ်ပေ၏။ အိမ်ထောင်ကျသွားပါက မပြကြတော့ပေ။ ထို့ကြောင့်လည်း မိန်းကလေးတစ်ဦး၏ အလှအပဆိုသည်မှာ သူ့အသက်ရှင်နေထိုင်ရာ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းမှ ပညတ်ထားခြင်းမျှသာ ဖြစ်ပေတော့သည်။

၄၅



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုခြင်း၏ သဘောအဓိပ္ပာယ်ကို လူမျိုးတိုင်း လူမျိုးတိုင်းပင် မိမိတို့ဝါဒအားလျော်စွာ ပြင်ဆင်လက်ခံလျက်ရှိကြပေသည်။ အခြားနိုင်ငံများ၏ အိမ်ထောင်ရေးစနစ်ကို မိမိတို့နိုင်ငံများနှင့်လျော်ညီစွာ ထုတ်၍ အိမ်ထောင်ရေးအဓိပ္ပာယ်သစ်ကို တီထွင်လျက်ရှိကြပေသည်။

မြန်မာပြည်ရှိ ရခိုင်လူမျိုးများတွင် ထူးဆန်း၍ မြတ်နိုးစရာ စိတ်ဝင်စားစရာကောင်းသော ရိုးရာဓလေ့များ ရှိနေကြသည်။ မာန်အောင်ကျွန်းရခိုင်လူလင်ပျိုတို့သည် အရွယ်ရောက်လာသည်နှင့်တစ်ပြိုင်နက် ၎င်းတို့၏အချစ်ရေးတွင် မိဘများက လွတ်လပ်ခွင့်ပေးထားကြသည်။ ချစ်ဖက်သက်လျှာကို လွတ်လပ်စွာ ရှာဖွေနိုင်ကြလေသည်။

ရွာတစ်ရွာတွင် လူလင်ပျိုတစ်ဦးသည် လုံမပျိုတစ်ဦးအား မေတ္တာသက်ဝင် ချစ်ခင်ပါက လူလင်ပျိုတို့၏ ခေါင်းဆောင်ဖြစ်သော ကာလသားခေါင်းကို မိမိသည် မည်သည့်အမျိုးသမီးအား စိတ်ဝင်စားနေကြောင်း၊ ထို့ကြောင့် ချစ်ရေးဆိုလိုကြောင်း ပြောပြရသည်။

ထိုအခါ ကာလသားခေါင်းဖြစ်သူက လုံမပျို၏မိဘများအား အကျိုးအကြောင်းပြောပြပြီး လူလင်ပျိုလာပါက



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖယ်ပေးရန်၊ လုံမပျို၏မိဘများအား ပြောထားလိုက်လေ၏။ ထို့နောက် လုလင်ပျိုသည် ညဉ့်ဦးယံအချိန်လောက်တွင် အဝတ်လှလှ၊ အချိုးကျကျဖြင့် ကာလသားခေါင်းနှင့်အတူ လုံမပျို၏အိမ်သို့ ဝင်သွားလေသည်။ လုံမပျိုကမူ အိမ်တွင် မီးထွန်း၍စောင့်နေပြီး လုလင်ပျိုအား သိကျွမ်းရင်းနှီးခြင်းမရှိပါက မိမိနှင့်မလှမ်းမကမ်းနေရာတွင် မိမိ၏အဒေါ် (သို့မဟုတ်) ရင်းနှီးသူတစ်ဦးဦးကို ခေါ်၍ထားတတ်ကြသည်။

လုလင်ပျိုနှင့် လုံမပျိုနှစ်ဦး၏အကြား၌ မီးခွက်တစ်ခုထွန်းထားပြီး ထိုင်ကြကာ လုလင်ပျိုအဖို့ စတင်၍ ချစ်ရေးဆိုနိုင်တော့သည်။

လုလင်ပျိုအားလည်း လုံမပျိုက ကွမ်း၊ ဆေး၊ လက်ဖက် (ရေနွေးကြမ်း) စသည်တို့ဖြင့် ညှိခံတည်ခင်းပေးထားသည်။ ထိုအချိန်တွင် မိဘမောင်ဖွားများမှာ တစ်နေရာသို့ ရှောင်ပေးနေကြသဖြင့် လုလင်ပျိုအဖို့ ရင်တွင်းရှိသမျှ လွတ်လပ်စွာဖွင့်ဟနိုင်ပေတော့သည်။

တစ်ခါတစ်ရံ မိဘများမှာ အခန်းတွင်းရှိ အိပ်ရာပေါ်တွင် လဲလျောင်းလျက် သမီးအပျိုနှင့် လုလင်ပျိုတို့၏ ချစ်စကား၊ တုံ့လှယ်မှုကို နားစွင့်နေတတ်ကြပေသည်။ များသော



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့်မှု လုံမပျိုနှင့် လုလင်ပျိုကို လွတ်လပ်စွာ ပြောဆို ဆက်ဆံနိုင်ခွင့်ပေးထားပြီး မိဘများက ရှောင်ရှားနေတတ် ပေသည်။

သို့သော် တစ်ခုသတိထားရမည်မှာ လုလင်ပျိုနှင့် လုံမပျိုအကြား၌ ထွန်းညှိထားသော ရေနံဆီမီးတိုင်တွင် မီး မငြိမ်းသွားစေရန် သတိထားရပေသည်။ လုံမပျိုသည် လုလင် ပျိုအား မမြင်မတွေ့ဘူးသူဖြစ်ပါက မီးတိုင်၏ အလင်းရောင် ကို လုလင်ပျို၏မျက်နှာသွင်ပြင် အနေအထားကို ထင်ရှားစွာ မြင်နိုင်အောင် ဖန်တီးထားပြီး လုလင်ပျို၏ ရုပ်သွင်အမူအရာ အပြောအဆို အရည်အချင်းကို အကဲခတ်တတ်ပေသည်။

ရခိုင်လုံမပျိုသည် စိတ်ထားဖြူစင်၊ ရိုးဖြောင့်သ လောက် ပွင့်လင်းဖော်ရွေတတ်ပေသည်။ သို့သော် ချစ်ရေးဆို လာသူ လုလင်ပျိုအား မိမိမကြိုက်ပါက လိမ္မာပါးနပ်စွာ ငြင်းပယ် တတ်ကြပေသည်။ အကယ်၍ လုလင်ပျိုနှင့် လုံမပျိုတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ရည်မျှကြသော် တစ်ညလုံးပင် ချစ်ခွန်း တုံ့တင် ပြောဆိုနိုင်ပေသည်။ သို့သော် အပျိုစင်ဘဝကို လွန်စွာ တန်ဖိုးထားတတ်ကြသဖြင့် မှားယွင်းခြင်းမရှိကြပေ။ အကယ်၍ လုလင်ပျိုကို လုံမပျိုက ငြင်းပယ်ခြင်းကိုခံရပါက ပြန်ရုံသာ ရှိပေတော့သည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



(သို့မဟုတ်) ဤလုံမပျိုအား များစွာသဘောမတွေ့တော့၍၊ အထင်နှင့်အမြင် မကိုက်ညီ၍ တစ်ဦးတစ်ယောက်ကို ချစ်ရေးဆိုလိုကလည်း ကာလသားခေါင်းဆောင်အား တစ်ဆင့်ပြောပြီး ချစ်ရေးဆိုနိုင်သေးသည်။

များသောအားဖြင့် လသာသောရက်များတွင် အိမ်ရှေ့ခန်းများ၊ အိမ်နောက်ဖေး (သို့မဟုတ်) အိမ်ဘေးဖက်များ၌ ဆောက်လုပ်ထားတတ်သော ကွပ်ပျစ်ကလေးများ၊ ထိုင်ခုံရှည်ကလေးများပေါ်၌ ချစ်စကားပြောခြင်း။ ချစ်ခွန်းတုံ့တင် ကြည်နူးရွှင်မြူးခြင်းများဖြင့် သဘာဝအလှ သာယာမှုများကို ခံစားတတ်ကြပေသည်။

ရခိုင်လုလင်ပျို လုံမပျိုတို့သည် အချစ်ရေးနှင့်ပတ်သက်၍ သဘောထားကြီးတတ်၊ ခွင့်လွှတ်တတ်ပေသည်။ တစ်ရွာတကျေးမှ လူပျိုလှည့်ရန် ရောက်လာတတ်ကြသော လုလင်ပျိုများကို ရွာခံကာလသားခေါင်းနှင့် ကာလသားများက ဧည့်သည်လုလင်ပျိုများ သွားလိုသော လုံမပျိုအိမ်သို့ အိမ်တိုင်ယာရောက် လိုက်ပို့တတ်ကြသည်။

ထိုလုလင်ပျိုအတွက် လိုအပ်သမျှ အကာအကွယ်ကိုလည်း ပေးတတ်ကြပေသည်။ မိမိ၏ ချစ်သူရည်းစားပင်ဖြစ်စေ၊ ဧည့်သည်လုလင်ပျိုက ချစ်ခင်တွယ်တာမိ၍ ချစ်ရေးဆိုလိုပါက



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုတတ်ကြပေသည်။ ဤနေရာတွင် တိုင်းရင်းသားခွေမျိုးသားချင်းဖြစ်ကြသော ကရင်၊ ရှမ်း၊ တောင်ရိုး၊ ဓနု စသော တောင်ပေါ်သားလုလင်ပျိုတို့၏ သဘောထားများနှင့် များစွာတူညီမှုရှိနေကြောင်းကို တွေ့ရှိရပေသည်။

တိုင်းရင်းသူ လုံမပျိုတစ်ဦးသည် မိမိအား ချစ်ရေးဆိုလာသူကို (လူပျိုတစ်ဦး၊ နှစ်ဦး၊ သုံးဦး စသည်ဖြင့်) ငြင်းပယ်ခြင်းပြုပါက လုံမပျိုအဖို့ လူအများ၏ အထင်သေးခြင်း၊ ရှုံ့ချခြင်းကို မခံရသည့်အပြင် ပို၍တန်ဖိုးထားခြင်း၊ အထင်ကြီးခြင်း၊ မြတ်နိုးခြင်း၊ တွယ်တာခြင်းကို ခံယူတတ်ပေသည်။

အကယ်၍ လုံမပျိုတစ်ဦး၊ တစ်ယောက်သည် လုလင်ပျိုတစ်ဦး၏ ချစ်ရေးဆိုမှုအတွက် ကာလသားခေါင်း၏ စီမံပေးချက်ကို လက်မခံပါက ထိုလုံမပျိုနှင့်တကွ အိမ်ထောင်စုကို ဓလေ့ယုံးစံများအား ချိုးဖောက်သူများ၊ လူ့အဖွဲ့အစည်းကို ကျော်လွန်သူများ၊ အပြစ်ဥပေက္ခာပြုကြသည်။ အဖွဲ့အစည်းမှ ဖယ်ရှားရှောင်ကြဉ်ကြသည်။ နောက်ဆုံး ကျေးရွာအုပ်စုမှ နှင်ထုတ်တတ်ကြသည်။

သို့သော် လုံမပျိုသည် မိမိကို ချစ်ရေးဆိုလာသူအား တွေ့ဆုံပြီးမှ ပြန်လည်မချစ်နိုင်ပါက ထိုလုလင်ပျို၏အချစ်ကို လက်မခံနိုင်ကြောင်း ငြင်းပယ်နိုင်ပေသည်။ ထိုသို့ ချစ်ရေး



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပတ်သက်၍ လွတ်လပ်စွာ ချစ်ရေးဆိုနိုင်မှုကို တိုင်းရင်းသား ကျေးရွာများတွင် ရိုးရာဓလေ့များအဖြစ် လက်ခံကျင့်သုံးကြ လေသည်။

ထို့ကြောင့်လည်း လွတ်လပ်စွာ ချစ်ရေးဆိုမှုနှင့်ပတ် သက်သော ချစ်စဖွယ် ရိုးရာယဉ်ကျေးမှု မပျောက်မပျက်နိုင်ဘဲ တည်ရှိနေပေသည်။

## အိမ်ထောင်ရေးမျှော်လင့်ချက်ဆိုတာ

ငယ်ရွယ်သူများသည် မျှော်လင့်ချက်ပေါ်တွင် အသက် ရှင်နေရချက်၊ အသက်ကြီးသူများသည် မှတ်ဉာဏ်ပေါ်တွင် အသက်ရှင်လျက်ရှိသည်ဟူသော ဖြင်သစ်စကားပုံအရ လူငယ် လူရွယ်များ၊ အထူးသဖြင့် စိတ်ပုံလွင့်လွယ်သော ကျောင်းသား အရွယ်များသည် သက်ကြီးရွယ်အိုများထက် စိတ်ကူးယဉ်မှု များတတ်ကြသည်။

သူတို့ကျင်လည်ရာ ကျောင်းပရဝဏ်မြေသြလည်း လှ သော နုသော ပန်းကလေးများသည် မွှင့်လန်းလျက်ရှိကြ၏။ ထို့ကြောင့် သူတို့ပတ်ဝန်းကျင်တစ်ဝိုက် ရှုမြင်လိုက်ရသမျှ စိတ် ညွှတ်စရာချည်း ဖြစ်နေသဖြင့် သူတို့စိတ်အစဉ်ဝယ် အရိုင်းထင်မှု မျှော်လင့်ချက်များသည် ဖွဲ့ကပ်လာတော့သည်။

မင်းလက်ရာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းသည် မိဘရိပ်မြုံ အေးချမ်းသောခုံနှင့် ကုံလုံပြည့်ဝနေနိုင်ခဲ့ကြသော်လည်း၊ အရွယ်ရောက်လာလျှင် လောကကြီးကို လက်တည့်စမ်းချင်လာကြသည်။ သဘာဝက ပေးအပ်သော တာဝန်ကို ထမ်းဆောင်ရန် ကြိုးပမ်းလာကြပေသည်။ လက်တွေ့စမ်းချင်သောအရာများအနက် လိင်မတူသူများအပေါ် စိတ်ကစား၍လာတတ်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့်လည်း တဏှာသိုလ်နယ်မြေ၌ ချစ်လိုက်၊ ကြိုက်လိုက်၊ ကွဲလိုက်၊ ကွာလိုက်၊ လွမ်းလိုက်၊ ဆွေးလိုက်နှင့် ရှိခဲ့သည်မှာ တဏှာသိုလ်ပေါ်ပေါက်စမှပင် ယခုထက်တိုင်ဖြစ်၏။ ယခုမှသည် နောင်ဆက်၍ဆက်၍ ရှိကြပေဦးမည်။

ဤသို့လျှင် စာပေသင်ကြားရာ၌ အပျိုအရွယ် လူငယ်များ စုစည်းနေထိုင်ကြခြင်းမှာလည်း မေတ္တာရေးရာ အိမ်ထောင်ရေးက မပါ၍မပြီးဖေ။ သူတို့အသိဝယ် စွဲညို့လာသော အိမ်ထော[illegible]က်တစ်ဦးသည် ချောရမည်။ လှရမည်။ ချမ်းသာရမည်။ ပညာ[illegible]တ်ရမည်။ အိမ်ထောင်ရေးကျွမ်းကျင်ရမည်။ မျိုးရိုးစာရိတ္တ၊ ဆက်ဆံရေး၊ ကျန်းမာရေး အစရှိသည်တို့ကို သူတို့၏စိတ်တွင် ပုံဖော်ထားကြပေမည်။

ဤသို့လျှင် သူတို့၏စိတ်အစဉ်ဝယ် မျှော်လင့်ထားခြင်းထားသော အမျိုးသမီး (သို့မဟုတ်) အမျိုးသားတစ်ဦးတို့ ရှိ



www.burmeseclassic.com

www.burmeseclassic.com



ထားပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ... ချစ်မိတ်ဆွေတို့ကို အိမ်ထောင်ဖက်ရွေးချယ်မှု သုတေသန လုပ်ထားပုံများကို တင်ပြပေးပါမည်။

နိုင်ငံခြားတက္ကသိုလ်မှ စိတ်ပညာ (တတိယနှစ်) ကျောင်းသားများအား ဖြေဆိုခိုင်းခဲ့ပါသည်။ ထို့အပြင် ကျောင်းသားများအား မိမိလက်ထပ်လိုသော အမျိုးသမီးတစ်ဦးသည် မည်သည့်အရည်အချင်းရှိရမည်နည်း ဟူသောမေးခွန်းအပေါ်တွင် စာစီကုံးရေးခိုင်းခဲ့ပေသည်။

ထိုကျောင်းသားများ၏ စာစီကုံးရေးသားချက်ပေါ်တွင် စိတ်ပညာဌာနမှ ဆရာ၊ ဆရာမများအား စစ်ဆေးခိုင်းခဲ့သည်။ စစ်ဆေးလွှာ ပထမမျက်နှာအပေါ်ပိုင်းမှာ ဖြေဆိုသူ၏ အသက်၊ ကိုးကွယ်သည့်ဘာသာ၊ မိသားစုဝင်ငွေ (လစဉ် ခန့်မှန်း) အတန်း၊ လူမျိုးအမည်နှင့် မိသားစု ဦးရေတို့ ပါဝင် ကြရသည်။

ဖြေဆိုသူသည် မေးခွန်းများကို မဖြေဆိုမီ ပထမဦးစွာ ၎င်းတို့ကို ဖြည့်ရ၏။ ဤသို့ ဖြေဆိုသူ၏ အသက်၊ ဘာသာ၊ လူမျိုး၊ မိသားစုဝင်ငွေ၊ အတန်းတို့ကို ထည့်ထားခြင်းဖြင့် ရလဒ်စီစစ်ရာတွင် နှိုင်းယှဉ်၍ ရှာဖွေနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်း (၁)

သင်သည် အိမ်ထောင်ပြုရန် ဇနီးလောင်းတစ်ဦးကို ရွေးချယ်မည်ဆိုပါက အောက်ပါအရည်အချင်းတို့မှ မည်သို့ ဦးစားပေး ရွေးချယ်မည်နည်း။ အစီအစဉ်အလိုက် ဖော်ပြပါ။

၁။ သစ္စာရှိမှု။

၂။ စီးပွားရေး။

၃။ ပညာရေး။

၄။ အပျိုသန့်စင်မှု။

၅။ စာရိတ္တ။

၆။ ရုပ်ရည်။

၇။ ကျန်းမာရေး။

၈။ အိမ်ထောင်ကျွမ်းကျင်မှု။

၉။ ယဉ်ကျေးဖြတ်နိုးမှု။

၁၀။ အသက်တူညီမှု။

၁၁။ ဆက်ဆံရေး။

၁၂။ မျိုးရိုးဂုဏ်။

၁၃။ လူမျိုးဘာသာတူညီမှု။

၁၄။ လိင်။

၁၅။ ဆင်ယင်ထုံးဖွဲ့မှု။

www.burmeseclassic.com

www.burmeseclassic.com



(စစ်ဆေးလွှာတွင်မူ မေးခွန်းဓါတ်တစ်ဖက်တွင် ဦးစားပေးအစီအစဉ်များကို အစဉ်အလိုက် ဖြည့်စွက်ရန် လေးထောင့်ကွက် (၁၅)ကွက် ပါရှိပြီးဖြစ်၏။

မေးခွန်း (၂)

သင်လက်ထပ်ရမည့် အမျိုးသမီးတစ်ဦးကို ခွင့်လွှတ်ရတော့မည်ဟုဆိုလျှင် အောက်ပါအချက်များမှ မည်သည့်တို့ကို ဦးစားပေး ခွင့်လွှတ်နိုင်မည်နည်း။ ဦးစားပေးအစီအစဉ်အလိုက် ဖော်ပြပါ။

BURMESE CLASSIC

၁။ အောက်ဆုံးလွှာမှ ဆင်းရဲသူတစ်ဦးဖြစ်ခဲ့လျှင်။

၂။ ပညာလုံးဝမတတ်သူ ဖြစ်ခဲ့လျှင်။

၃။ အရုပ်ဆိုးသူဖြစ်ခဲ့လျှင်။

၄။ အစဉ်သဖြင့် အလှအပ ချယ်သနေသူဖြစ်ခဲ့လျှင်။

၅။ ဆက်ဆံရေးမပြေပြစ်သူ ဖြစ်ခဲ့လျှင်။

၆။ ဆိုရှယ်ကျလွန်းသူ ဖြစ်ခဲ့လျှင်။

၇။ မတ်ဝန်းကျင်ကဲ့ရဲ့မှုခံရသူ ဖြစ်ခဲ့လျှင်။

၈။ သင့်ထက် အသက်ကြီးလွန်း/ငယ်လွန်းသူ ဖြစ်ခဲ့လျှင်။

၉။ သစ္စာမရှိ ကတိမတည်ဖြစ်ခဲ့လျှင်။



www.burmeseclassic.com

www.burmeseclassic.com



၁၀။ ပျင်းတတ်သူဖြစ်ခဲ့လျှင်။

၁၁။ အတင်းပြောတတ်သူ ဖြစ်ခဲ့လျှင်။

၁၂။ ကူနွေ့ မဲ့သူဖြစ်ခဲ့လျှင်။

၁၃။ အပျော်အပါးမက်မောသူဖြစ်ခဲ့လျှင်။

၁၄။ ဆေးလိပ်၊ အရက်သောက်တတ်၊ ဖဲရိုက်တတ်သူ။

၁၅။ မျိုးရိုးနိမ့်သူ၊ မသန့်သူ ဖြစ်ခဲ့လျှင်။

၁၆။ သင်နှင့် လူမျိုးဘာသာ ကွဲပြားသူဖြစ်လျှင်။

၁၇။ လိင်ဆိုင်ရာ ချို့တဲ့မှုရှိခဲ့လျှင်။

BURMESE CLASSIC

၁၈။ အိမ်ထောင်မှု မကျွမ်းကျင်သူဖြစ်ခဲ့လျှင်။

၁၉။ အပျိုရည်ပျက်ပြီးသူဖြစ်ခဲ့လျှင်။

၂၀။ ရည်းစားထားဖူးသူ ဖြစ်ခဲ့လျှင်။

၂၁။ တခုလပ် (သို့မဟုတ်) မုဆိုးမ ဖြစ်ခဲ့လျှင်။

၂၂။ မိဘသဘောမတူသူ ဖြစ်ခဲ့လျှင်။

၂၃။ ကျန်းမာရေးမပြည့်စုံသူ ဖြစ်ခဲ့လျှင်။

၂၄။ ယဉ်ကျေးမှု မပြတ်နိုးသူ ဖြစ်ခဲ့လျှင်။

၂၅။ စည်းကမ်းမဲ့သူ ဖြစ်ခဲ့လျှင်။

၂၆။ စကားမတည်သူ ဖြစ်ခဲ့လျှင်။

၂၇။ မျိုးဆက်မပြန့်နိုင်သူ (ဝါ) အမြုံဟု သိခဲ့လျှင်။

၂၈။ ကူးစက်ရောဂါရှိနေကြောင်း သိခဲ့လျှင်။

www.burmeseclassic.com

www.burmeseclassic.com



၂၉။ သင့်စကား မလိုက်နာသူဖြစ်ခဲ့လျှင်။

၃၀။ ရုပ်ချောချောသော်လည်း တောရွာမှ လာသူမဖြစ်လျှင်။

စစ်ဆေးလွှာတွင်မှ တစ်ဖက်တွင် ဦးစားပေးအစီအစဉ်များကို ဖြည့်စွက်နိုင်ရန်အတွက် လေးထောင့်အကွက် (၃၀) ပါရှိပြီးဖြစ်၏။

မင်းလက်ရာစာပေ

www.burmeseclassic.com